# ကြေးမုံ

**The Mirror Daily**

Established in 1957


**အမြဲတည်ခြင်းသည် မရှိချေ**

အရိုးစု ၃၀၀ တို့ဖြင့် ဖွဲ့စည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူ၏။ နာကျင်တတ်သောသဘောရှိ၏။ ယင်းခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲတည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့သောသဘောရှိသဖြင့် မစွဲလမ်း မနှစ်သက်အပ်ချေ။)

ဇရာဝဂ်(ဓမ္မပဒ-၁၄၇)


၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 2 December 2020 ၁၀၂၁၄


# ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀) ပြည့် ရာပြည့်သဘင် အထိမ်းအမှတ်အခမ်းအနား ကျင်းပ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်းတို့က ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀) ပြည့် ရာပြည့်သဘင်အခမ်းအနားကို Virtual စနစ်ဖြင့် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁**

ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင် အထိမ်းအမှတ်အခမ်းအနားကို ယနေ့ ညနေ ၅ နာရီတွင် Virtual စနစ်ဖြင့် ကျင်းပရာ ရန်ကုန်တက္ကသိုလ် ရာပြည့်သဘင်အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က Video Message ပေးပို့၍ ဂုဏ်ပြုဝမ်းမြောက်စကား ပြောကြားသည်။

ရှေးဦးစွာ ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်အခမ်းအနားကို **"ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့် ပွဲတော်"** သီချင်းဖြင့် စတင်ဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး၊

**စာမျက်နှာ ၅ ကော်လံ ၁ သို့** ❖

**ရန်ကုန်တက္ကသိုလ်ရဲ့ ဆောင်ပုဒ်ဖြစ်တဲ့ "နတ္ထိ ဝိဇ္ဇာ သမံ မိတ္တံ"၊ "ပညာသင်ယူခြင်းနှင့် တူသောမိတ်ဆွေသည် မရှိ" ဆိုတဲ့စကားနဲ့အညီ ရန်ကုန်တက္ကသိုလ်ဟာ နိုင်ငံသူ နိုင်ငံသားတွေအတွက် ဘဝအဖော်မွန်ဖြစ်တဲ့ ပညာဆိုတဲ့ မိတ်ဆွေကောင်းနဲ့ ပေါင်းဖက်မိအောင် ဖြည့်ဆည်းပေးနေတဲ့နေရာကြီးလည်းဖြစ်**


**မြန်မာနိုင်ငံသူ ၊ နိုင်ငံသားများအားလုံး COVID-19 ကပ်ရောဂါဘေးမှ အမြန်ဆုံးလွတ်ကင်းပါစေကြောင်း ဆုတောင်းမေတ္တာပို့ သအပ်ပါသည်...**

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

## ကြေးမုံ

# ရန်ကုန်တက္ကသိုလ် ရာပြည့်သဘင်အောင်မြင်

၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် စတင်တည်ထောင်ဖွင့်လှစ်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် နှစ်(၁၀၀)ပြည့်သည့် ရန်ကုန်တက္ကသိုလ် ရာပြည့်သဘင်အခမ်းအနားကို ကိုဗစ်-၁၉ ရောဂါ ဖြစ်နေဆဲကာလဖြစ်၍ ရန်ကုန်တက္ကသိုလ်နယ်မြေတွင် မကျင်းပဘဲ ရန်ကုန်မြို့ ပြည်လမ်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို(၁)တွင် Virtual စနစ်ဖြင့် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီ ဖြစ်သည်။

မြန်မာနိုင်ငံ၏ဂုဏ်ဆောင် မြန်မာတစ်မျိုးသားလုံး၏ အမြတ်တနိုးတန်ဖိုးထားသည့် ရန်ကုန်တက္ကသိုလ်ကြီးသည် ဖြစ်တည်ခဲ့သော နှစ် (၁၀၀) ကာလ သမိုင်းကြောင်းတစ်လျှောက်၌ နိုင်ငံသားများအား ပညာအမွေပေးဝေရေးသာမက နိုင်ငံတော်၏အကျိုးစီးပွား၊ နိုင်ငံ၏ဂုဏ်ဒြပ်မြင့်မားရေးအတွက်ပါ တာဝန်ကျေပွန်စွာ ထမ်းပိုးဆောင်ကြဉ်းပေးခဲ့ပေသည်။ ကျေးဇူးကြီးမားသော ရန်ကုန်တက္ကသိုလ်ကြီး၏ ကောင်းမြတ်သော ဂုဏ်အရည်အချင်းများနှင့် မမေ့နိုင်ဖွယ်ရာအဖြစ်သနစ် အခင်းအကျင်းများအား ကြုံတွေ့ဖြတ်သန်းခဲ့ကြသော ဆရာကြီး ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူဟောင်းများနှင့် မျိုးဆက်သစ်များက ထိုက်ထိုက်တန်တန် တာဝန်ကျေကျေ လေးစားဂုဏ်ပြုဖော်ညွှန်းခြင်းအမှုတို့ကို ပြုခဲ့ကြသည်။

လူပုဂ္ဂိုလ်တို့အနေဖြင့်လည်းကောင်း၊ ထိုလူပုဂ္ဂိုလ်တို့ အမှီပြုသော နေရာဌာနတို့သည်လည်းကောင်း ထင်ရှားကျော်ကြားမှုနှင့် သမိုင်းဝင် သမိုင်းတွင်မှု အခြေအနေကိုလိုက်၍ အချိန်ကာလအပိုင်းအခြားအလိုက်ဖြစ်သည့် ငွေရတု၊ ရွှေရတု၊ စိန်ရတုဟူ၍ အများအားဖြင့် ကျင်းပလေ့ရှိပြီး ရတုများအပြင် ရာပြည့်သဘင်အခမ်းအနားအထိ ကျင်းပနိုင်သည်မှာ ထူးကဲသည့် အခွင့်အရေးပင် ဖြစ်သည်။ ပို၍ထူးကဲသည်မှာ သမိုင်းဝင် အမိရန်ကုန်တက္ကသိုလ်ကြီး၏ တည်နေရာသည် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုမြင့်မားနေသည့် Stay at Home သတ်မှတ်ထားသောနယ်မြေဖြစ်၍ လူစုလူဝေး မဖြစ်စေရေးရှောင်ရှားပြီး အခမ်းအနားအစီအစဉ်များကို ကြိုတင်ရိုက်ကူး၍ နည်းပညာအသုံးပြုချိတ်ဆက်ကာ မြန်မာ့ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်နိုင်ခဲ့သဖြင့် မြန်မာနိုင်ငံတစ်ဝန်းမှ ပြည်သူအားလုံး ကြည့်ရှုအားပေးနိုင်ခဲ့ခြင်းပင် ဖြစ်သည်။

ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်အခမ်းအနားကို ဒီဇင်ဘာလ ၁ ရက်နေ့တွင် အောင်မြင်စွာ ကျင်းပခဲ့သည်ဖြစ်သော်လည်း ရန်ကုန်တက္ကသိုလ်ကြီးအား ဆက်လက်ဂုဏ်ပြုမြှင့်တင်ကြရမည် ဖြစ်ပေသည်။ ကိုဗစ်-၁၉ ရောဂါမဖြစ်ပွားမီကာလက ရန်ကုန်တက္ကသိုလ် ရာပြည့်သဘင်ပွဲတော်ကြီးကို နိုင်ငံတော်အဆင့် ဦးစီးကျင်းပပြီး သက်ဆိုင်ရာကော်မတီများဖြင့် ၂၀၁၆ ခုနှစ်ကတည်းက ကြိုတင်ပြင်ဆင်လှုပ်ရှားဆောင်ရွက်ခဲ့ကြပြီး အကြိုဂုဏ်ပြုအစီအစဉ်များကို တစ်နှစ်တာပြုလုပ်ရန် လျာထားခဲ့သည်။ ထို့အပြင် ဒီဇင်ဘာလ ၁ ရက်နေ့မှ တစ်လကြာ ဂုဏ်ပြုအစီအစဉ်များ ဆက်လက်ကျင်းပရန်စီစဉ်ထားခဲ့သည်။ သို့သော် ၂၀၂၀ ပြည့်နှစ် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားလာသောကြောင့် ကြုံတောင့်ကြုံခဲ ရာပြည့်သဘင်ပွဲကို သိုက်သိုက်ဝန်းဝန်း စည်စည်ကားကား ကျယ်ကျယ်ပြန့်ပြန့် ကျင်းပနိုင်ခြင်း မရှိခဲ့ပေ။ သို့သော် ပြန်ကြားရေးဝန်ကြီးဌာနက နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အကြိုကာလမှ အခမ်းအနားကျင်းပပြီးသည်အထိ ရန်ကုန်တက္ကသိုလ်ကြီး၏ သမိုင်းမှတ်တမ်းများ၊ ဂုဏ်ယူတန်ဖိုးထားဖွယ်ရာ အခင်းအကျင်းများ၊ စွမ်းဆောင်မှုများ၊ ပျော်ရွှင်ကြည်နူး လွမ်းမောဖွယ်ရာများ စသည်စသည်တို့ကို ကိုယ်တိုင်ကြုံတွေ့သူများ၊ ဘာသာရပ်ဆိုင်ရာ ဝါသနာရှင်များက မှတ်တမ်းတင်ဂုဏ်ပြု ဖျော်ဖြေတင်ဆက်မှုများကို ဝိုင်းဝန်းပြုလုပ်ပေးခဲ့ကြသည်မှာ မြန်မာနိုင်ငံ၏အထင်ကရတက္ကသိုလ်ကြီးကို လေးစားဂုဏ်ပြု အသိအမှတ်ပြုရာရောက်ပေသည်။

ရန်ကုန်တက္ကသိုလ်ကြီးသည် နှစ် (၁၀၀) မှသည် နှစ်ပေါင်းရာချီ၍ထောင်ချီကာလတိုင် ဆက်လက်ရပ်တည်အောင်မြင်ဖြစ်ထွန်းကာ တည်ရှိနေရေးသည် မျက်မှောက်ကာလ ပညာလိုလားသောသူများက ဝိုင်းဝန်းဂုဏ်ပြုမြှင့်တင်ပေးကြရမည်ဖြစ်သကဲ့သို့ နောင်အရှည်သဖြင့် နိုင်ငံတကာအလယ်တွင် ပြန်လည်ဝင့်ထည်လာစေရန်နှင့် ဂုဏ်ယူဝင့်ကြွားဖွယ်ရာတက္ကသိုလ်ကြီး ဆက်လက်တည်ထွန်းနေစေရန် ပညာလိုလားသော မျိုးဆက်သစ်များ စဉ်ဆက်မပြတ် ဆက်လက်မွေးထုတ်ပေးနိုင်ရေးကို ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့်ကာလတွင် အမိတက္ကသိုလ်ကြီး၏ ရာပြည့်သဘင်ကို အားလုံးတက်ညီလက်ညီ ဝိုင်းဝန်းဂုဏ်ပြုမြှင့်တင်ပေးကြသကဲ့သို့ ရန်ကုန်တက္ကသိုလ်ကြီးအား အနာဂတ်ကာလတွင် နိုင်ငံတကာအလယ်၌ အကောင်းဆုံး တက္ကသိုလ်ကြီးဖြစ်လာရေးကို မျှော်မှန်း၍ ဝိုင်းဝန်းကြိုးပမ်းအားထုတ် ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။ ။

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၂၈ / ၂၀၂၀

၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်
( ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁ ရက် )

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ (က)၊ (ဃ) နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၉) တို့ပါပြဋ္ဌာန်းချက်များအရ ဦးဟောက်ဒိုဆွမ်းကို အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၂၉ / ၂၀၂၀

၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်
( ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁ ရက် )

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်ခွင့်ပြုခြင်း**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးအောင်ကြည်က ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၃၀ ရက် ညနေပိုင်းမှစတင်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်ခွင့်ပြုပါရန် တင်ပြလာသဖြင့် ၎င်း၏သဘောဆန္ဒအလျောက် နုတ်ထွက်ခွင့်ပြုလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မွန်ပြည်နယ် လမိုင်းမြို့နယ်အတွင်း ငါးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**လမိုင်း ဒီဇင်ဘာ ၁**

မွန်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန၏ လမ်းညွှန်ချက်အရ မော်လမြိုင်ခရိုင်ဦးစီးမှူး ဦးလှမင်းဇော်နှင့် ရေးမြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးဝင်းကိုကိုဦးတို့သည် ယမန်နေ့က လမိုင်းမြို့ ကော့ဒွတ်ကျေးရွာ၌ ကုလားကုတ်မြစိမ်းရောင်(ငါးကဏ္ဍ) ကော်မတီဝင်များအား တွေ့ဆုံပြီး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ (အားနည်းချက်၊အားသာချက်များ)အား ဆွေးနွေးတိုင်ပင်ခဲ့သည်။ ထို့နောက် ခရိုင်ဦးစီးမှူးသည် ရေငန်ငါးအဝယ်ဒိုင်စစ်ဆေးခြင်းနှင့် ကမ်းနီးငါးဖမ်းလုပ်ငန်းများအား သတ်မှတ်ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်မှု ရှိ၊ မရှိ စစ်ဆေးခဲ့ရာ မြို့နယ်ဦးစီးမှူးက လိုက်လံရှင်းလင်းပြသပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အများပြည်သူသို့ အသိပေးကြေညာခြင်း

၂၀၂၀ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၇၆ ပုဒ်မခွဲ(ခ)အရ **"မော်တော်ဆိုင်ကယ်ကို စီးနင်းမောင်းနှင်ရာတွင် ရှေ့မီးအနိမ့်ကို နေ့/ည အချိန်တိုင်းတွင် ဖွင့်၍မောင်းနှင်ကြပါရန်"** အသိပေးအပ်ပါသည်။

**နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁-၁၂-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၉၀၀ | ၉,၈၀၀ | ၁,၅၇၁ | ၁၅,၃၉၈,၃၀၀ |
| MTSH | ၃,၇၀၀ | ၃,၇၀၀ | ၁,၄၆၂ | ၅,၃၅၉,၄၀၀ |
| MCB | ၈,၃၀၀ | ၈,၃၀၀ | ၅၄ | ၄၄၈,၂၀၀ |
| FPB | ၂၂,၀၀၀ | ၂၂,၀၀၀ | ၀ | ၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၇၄၀ | ၁,၉၉၈,၀၀၀ |
| EFR | ၃,၉၀၀ | ၃,၉၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဒီဇင်ဘာ ၁

**ရန်ကုန်(ရွှေဈေး) ၁၂၈၂၀၀၀ မန္တလေး(ရွှေဈေး) ၁၂၈၂၀၀၀**

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၅၀/၆၀၀ ကျပ် | ၅၉၅/၆၁၀ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၅၄၀/၅၈၅ ကျပ် | ၅၈၀/၅၉၅ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၆၄၀/၆၆၀ ကျပ် | ၇၀၀/၇၂၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၅၁၅/၅၄၅ ကျပ် | ၅၈၀/၅၈၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၅၁၀/၅၁၅ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၂၀/၅၃၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၄၉၈/၅၀၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၂၀.၉ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၈၂.၆ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၁.၀၅ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၃.၆၄၄ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၃.၇၁ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၇.၉၅၂ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၇၃.၂၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၈၅.၈၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၆၇.၄ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၉.၂၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်း - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊
သတင်းထောက်များ ဒေါ်နေဇာဇာထွန်း
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်း၊ ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဒေါ်အေးအေးသင်း၊ ဒေါ်ဇာရည်မွန်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀) ပြည့် ရာပြည့်သဘင်အခမ်းအနားတွင် ပြောကြားသည့် ဂုဏ်ပြုဝမ်းမြောက်စကား

(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁ ရက်)



ဒီကနေ့ ကျင်းပပြုလုပ်တဲ့ ကျွန်မတို့ရဲ့ နိုင်ငံ့ဂုဏ်ဆောင် ရန်ကုန်တက္ကသိုလ်ကြီးရဲ့ နှစ် (၁၀၀) ပြည့်မြောက်တဲ့ ရာပြည့်သဘင်အခမ်းအနားမှာ ဂုဏ်ပြုစကားပြောကြားရတဲ့အတွက် လွန်စွာဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်။

၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှာ မွေးဖွားခဲ့ပြီး မြန်မာ့ပညာရေးသမိုင်းမှာ အစဉ်အလာ အကြီးမားဆုံးဖြစ်တဲ့ ရန်ကုန်တက္ကသိုလ်ဟာ ဒီကနေ့ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ (၁)ရက်နေ့မှာ နှစ်ပေါင်း (၁၀၀) တိတိ ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါတယ်။ ကျွန်မတို့တစ်သက်မှာ ရန်ကုန်တက္ကသိုလ် ရာပြည့်ပွဲသဘင် အချိန်ကာလနဲ့ ကြုံကြိုက်ခွင့်ရတာဟာ ကြုံတောင့်ကြုံခဲ အခွင့်ထူးတစ်ရပ်ဖြစ်ပါတယ်။ ဒီလို ကြုံတောင့်ကြုံခဲဖြစ်တဲ့ ရန်ကုန်တက္ကသိုလ် ရာပြည့်ပွဲသဘင် အခမ်းအနားကြီးကို စည်စည်ကားကား ခမ်းခမ်းနားနားကျင်းပဖို့ စီစဉ်ထားခဲ့ပေမယ့် လတ်တလော ကမ္ဘာတစ်ဝန်းမှာ ကျရောက်နေတဲ့ ကိုရိုနာဗိုင်းရပ် ကိုဗစ်-၁၉ ကပ်ရောဂါ အန္တရာယ်ဆိုးကြီးကြောင့် ကျန်းမာရေး ကန့်သတ်ချက်တွေကြားက အခြေအနေပေးသလောက်သာ ကျင်းပနိုင်ရတာပဲ ဖြစ်ပါတယ်။

ရန်ကုန်တက္ကသိုလ်ရဲ့ဆောင်ပုဒ်ဖြစ်တဲ့ "နတ္ထိဝိဇ္ဇာသမံမိတ္တံ"၊ "ပညာသင်ယူခြင်းနှင့်တူသော မိတ်ဆွေသည် မရှိ" ဆိုတဲ့စကားနဲ့အညီ ရန်ကုန်တက္ကသိုလ်ဟာ နိုင်ငံသူ နိုင်ငံသားတွေအတွက် ဘဝအဖော်မွန်ဖြစ်တဲ့ ပညာဆိုတဲ့ မိတ်ဆွေကောင်းနဲ့ ပေါင်းဖက်မိအောင် ဖြည့်ဆည်းပေးနေတဲ့နေရာကြီးလည်း ဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ်ဟာ စတင်မွေးဖွားချိန်ကစလို့ ပထမရာစုနှစ်ကာလ တစ်ခုအတွင်းမှာ အတွေ့အကြုံပေါင်းများစွာနဲ့ လောကဓံတရားတွေ၊ အခက်အခဲတွေကို ကျော်လွှားပြီး ရာပြည့်သဘင်ကို ရောက်ရှိလာခဲ့တာ ဖြစ်ပါတယ်။

ကျွန်မတို့မြန်မာနိုင်ငံရဲ့ ပထမဆုံးသောတက္ကသိုလ်ကြီးအဖြစ်နဲ့ ပေါ်ထွန်းလာခဲ့တဲ့ ရန်ကုန်တက္ကသိုလ်ဟာ မြန်မာနိုင်ငံအတွက် သမိုင်းအစဉ်အလာ အကြီးမားဆုံး၊ ဂုဏ်ရှိန်အမြင့်မားဆုံး တက္ကသိုလ်ကြီးပဲ ဖြစ်ပါတယ်။ နိုင်ငံ့သမိုင်းရဲ့တောင်းဆိုမှုအရ ရန်ကုန်တက္ကသိုလ်ကြီးဟာ မြန်မာ့ပညာရေး၊ မြန်မာ့နိုင်ငံရေးနဲ့ မြန်မာ့လွတ်လပ်ရေးတို့အတွက် ဆုံမှတ်တစ်ခုဖြစ်ခဲ့ရပါတယ်။

ကိုလိုနီနယ်ချဲ့အစိုးရဟာ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ(၁) ရက်နေ့မှာ ရန်ကုန်တက္ကသိုလ်ကို တည်ထောင်ပေးခဲ့ပါတယ်။ ဒါပေမယ့် ကိုလိုနီအစိုးရက အတည်ပြုပြဋ္ဌာန်းခဲ့တဲ့ ရန်ကုန်တက္ကသိုလ် အက်ဥပဒေဟာ တိုင်းရင်းသား ပြည်သူအများစုကို တက္ကသိုလ်ပညာ ဆက်လက်သင်ယူခွင့် မရအောင် ကန့်သတ်ချုပ်ချယ်ထားသကဲ့သို့ဖြစ်တာကြောင့် တက္ကသိုလ် ကျောင်းသားကြီးများနဲ့ မျိုးချစ်ပြည်သူများဟာ သပိတ်တိုက်ပွဲဝင်ခဲ့ကြပါတယ်။ တက္ကသိုလ်ကျောင်းသားကြီးများနဲ့ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးရဲ့ ပြင်းထန်တဲ့ အမျိုးသားရေးစိတ်ဓာတ်ကြောင့် နောက်ဆုံးမှာတော့ တက္ကသိုလ်အက်ဥပဒေကို ပြင်ဆင်ပေးခဲ့ရပါတယ်။ ဒါကြောင့် ရန်ကုန်တက္ကသိုလ်ဟာ မြန်မာ့အမျိုးသားရေး ကြိုးပမ်းမှုသမိုင်းမှာ တာထွက်ကောင်းခဲ့ပြီး ရန်ကုန်တက္ကသိုလ်သပိတ်တိုက်ပွဲကြောင့် ပြည်ထောင်စုတိုင်းရင်းသားအားလုံး မြန်မာ့လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်လိုစိတ်တွေ နိုးကြားလာခဲ့ပါတယ်။ ရန်ကုန်တက္ကသိုလ်က မြန်မာ့လွတ်လပ်ရေးကိုဆောင်ကြဉ်းပေးနိုင်မယ့်ခေါင်းဆောင်ကောင်းတွေကို မွေးထုတ်ပေးနိုင်ခဲ့ပါတယ်။ လွတ်လပ်ရေးရပြီး နောက်ပိုင်းမှာလည်း ရန်ကုန်တက္ကသိုလ်ဟာ ကမ္ဘာ့လူသားအကျိုးပြု ခေါင်းဆောင်တွေ၊ တိုင်းပြုပြည်ပြု ခေါင်းဆောင်တွေနဲ့ ပညာတတ်လူငယ်တွေများစွာကို မွေးထုတ်ပေးခဲ့ပါတယ်။

ကျွန်မတို့ရဲ့ ရန်ကုန်တက္ကသိုလ်ဟာ စစ်ကြိုခေတ်နဲ့ လွတ်လပ်ရေးရပြီးစကာလမှာ ပညာအဆင့်အတန်းအနေနဲ့ အရှေ့တောင်အာရှမှာ ထိပ်တန်းတက္ကသိုလ်ဖြစ်သကဲ့သို့ တက္ကသိုလ်ရဲ့ပတ်ဝန်းကျင်နဲ့ ဥပမိရပ်ဟာလည်း အရှေ့တောင်အာရှမှာ အသာယာအလှပဆုံး ဖြစ်ခဲ့ပါတယ်။ အာရှအဆင့်မှာ ထိပ်တန်းက ရပ်တည်နိုင်ခဲ့တာကြောင့် ရန်ကုန်တက္ကသိုလ်မှာ အခြားအရှေ့တောင်အာရှနိုင်ငံက ကျောင်းသူကျောင်းသားတွေ လာရောက်ပညာဆည်းပူးခဲ့ကြပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် နောက်ပိုင်းကာလတွေမှာ ရန်ကုန်တက္ကသိုလ်ရဲ့အဆင့် ကျဆင်းခဲ့ရပေမယ့် လက်ရှိအချိန်မှာတော့ ရန်ကုန်တက္ကသိုလ်ကြီးကို ပြန်လည်အဆင့်မြှင့်တင်နိုင်ဖို့ ကျွန်မတို့အားလုံး အစွမ်းကုန် ဝိုင်းဝန်းကြိုးပမ်းနေပါတယ်။

နိုင်ငံတော်ကို ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးအဖြစ် တည်ထောင်ရာမှာ အထူးလိုအပ်နေတဲ့ နိုင်ငံသားကို ကောင်းကျိုးပြုမည့် အရည်အသွေးမြင့်မားတဲ့ လူ့စွမ်းရည် အရင်းအမြစ်တွေ ပေါ်ထွန်းလာအောင် ပြုစုပျိုးထောင်ပေးနိုင်ဖို့ တက္ကသိုလ်တွေရဲ့ အရည်အသွေးမြင့်မားဖို့ဟာ လိုအပ်ပါတယ်။ ပညာရှင်တွေ ပြုစုပျိုးထောင်တာ၊ ပညာရှင်ရရှိဖို့ စုဆောင်းတာတွေကို အလေးပေးဆောင်ရွက်သလို အခြားတစ်ဖက်ကလည်း တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေမှာ တစ်ခန်းတစ်ကဏ္ဍ ပါဝင်ဖြည့်ဆည်းပေးနိုင်တဲ့ တက္ကသိုလ်တွေဖြစ်ဖို့ လိုအပ်ပါတယ်။ လူ့အဖွဲ့အစည်းအသီးသီးနဲ့ အလုပ်ခွင်အသီးသီးတို့မှာ လိုအပ်နေတဲ့ အသိပညာ၊ အတတ်ပညာ၊ နည်းပညာတွေ ပံ့ပိုးကူညီပေးနိုင်တဲ့ လူ့စွမ်းအား အရင်းအမြစ်တွေ ဖြည့်ဆည်းပေးနိုင်ဖို့ လိုအပ်သလို နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်တဲ့ သုတေသနလုပ်ငန်းတွေ ဆောင်ရွက်နိုင်ဖို့လည်း လိုအပ်ပါတယ်။ နိုင်ငံရဲ့ လိုအပ်ချက်တွေနဲ့ ကိုက်ညီအောင် တက္ကသိုလ်တွေကို အဆင့်မြှင့်တင်ဖို့ လိုအပ်ကြောင်း ပြောလိုက်တာပါ။

ကျွန်မတို့ရဲ့ နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ရန်ကုန်တက္ကသိုလ်အပါအဝင် တက္ကသိုလ်၊ ဒီဂရီကောလိပ်နဲ့ ကောလိပ်အသီးသီးမှာ အဆင့်မြင့်ပညာဆည်းပူးနေကြတဲ့ ကျောင်းသူ ကျောင်းသားတွေဟာ ပညာအရည်အသွေး မြင့်မားပြီး အမြော်အမြင်နဲ့ ဆင်ခြင်တုံတရားပြည့်ဝတဲ့ လူသားကောင်းတွေ ဖြစ်လာစေဖို့ အရေးကြီးပါတယ်။ လူသားကောင်းဖြစ်မှသာ နိုင်ငံကိုအကျိုးပြုမယ့် နိုင်ငံသားကောင်းဖြစ်လာပြီး နိုင်ငံသားကောင်းတွေကသာ ကမ္ဘာကြီးကို အကျိုးပြုမယ့် ကမ္ဘာသူကမ္ဘာသားကောင်းတွေ ဖြစ်လာမှာဖြစ်ပါတယ်။ ယနေ့ နိုင်ငံတစ်နိုင်ငံချင်းစီနဲ့ ကမ္ဘာတစ်ခုလုံးမှာ ဖြစ်ပေါ်ပြောင်းလဲနေတဲ့ တိုးတက်မှုတွေ၊ ဆုတ်ယုတ်မှုတွေဟာ လူသားတွေရဲ့ ဉာဏ်ရည်၊ နှလုံးရည်တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်းတွေအပေါ် တည်မှီနေတာ ဖြစ်ပါတယ်။

ကျွန်မတို့နိုင်ငံ ခေတ်မီလာဖို့၊ ဖွံ့ဖြိုးတိုးတက်လာဖို့၊ ဒေသတွင်းနိုင်ငံများနဲ့ ရင်ပေါင်တန်း ရပ်တည်နိုင်ဖို့၊ နိုင်ငံတကာနယ်ပယ်မှာ သိက္ခာရှိတဲ့နိုင်ငံအဖြစ် ရပ်တည်နိုင်ဖို့ဆိုရင် သဘာဝသယံဇာတတွေအပေါ် မှီခိုနေလို့ မရပါဘူး။ ပညာ၊ ဉာဏ်၊ အတွေးအခေါ်၊ အမြော်အမြင်တွေနဲ့ပြည့်စုံတဲ့ လူသားအရင်းအမြစ်တွေနဲ့ တည်ဆောက်မှသာ ရေရှည်တည်တံ့တဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ရမှာဖြစ်ပါတယ်။

ဒ့ါအပြင် တိုင်းရင်းသားလူမျိုးပေါင်းများစွာနဲ့ မတူကွဲပြားမှုများစွာရှိနေတဲ့ ကျွန်မတို့နိုင်ငံမှာ အချင်းချင်းကြားမှာရှိတဲ့ သံသယတွေ၊ မယုံကြည်မှုတွေကြောင့်ပဲ ယနေ့ထိ ရုန်းကန်နေရဆဲဆိုတာကိုလည်း အားလုံးအသိပါပဲ။ ယုံမှားသံသယတွေကင်းပြီး အချင်းချင်း နားလည်မှုတွေရှိမှလည်း ကျွန်မတို့မျှော်မှန်းထားတဲ့ ဒီမိုကရေစီနိုင်ငံ၊ ဖက်ဒရယ်ပြည်ထောင်စုဆိုတာ ဖြစ်ပေါ်လာမှာပါ။ ဒါကြောင့် ပညာရည်ပြည့်ဝပြီး၊ အမြင်ကျယ်၊ သဘောထားကြီးတဲ့ လူ့အသိုင်းအဝိုင်းဖြစ်ပေါ်လာရအောင် ပညာရေးကဏ္ဍမှာ ဦးစားပေးမြှုပ်နှံရင်းနှီး ဆောင်ရွက်ကြရတာဖြစ်ပါတယ်။ ဒီလိုလုပ်ဆောင်ရာမှာ ရန်ကုန်တက္ကသိုလ်က သမိုင်းအစဉ်အလာကောင်းတွေကို ထိန်းသိမ်းပြီး ကျွန်မတို့နိုင်ငံအတွက် လူသားအရင်းအမြစ်တွေ၊ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းစဉ် အသီးသီးမှာ အတူတကွ လက်တွဲပါဝင်ထမ်းရွက်ကြမယ့် လူသားအရင်းအမြစ်တွေကို မွေးထုတ်ပေးနိုင်ဦးမယ်ဆိုတာလည်း ယုံကြည်ပါတယ်။

ဒါကြောင့် ရန်ကုန်တက္ကသိုလ်ရာပြည့်ကာလမှာ သာမက ရှေ့ဆက်ပြီးတော့လည်း ရန်ကုန်တက္ကသိုလ် အဆင့်မြှင့်တင်ရေးကို အထူးအလေးပေးရမှာ ဖြစ်ပါတယ်။ ဒီလိုလုပ်ငန်းစဉ်တွေကို ခိုင်ခိုင်မာမာ ဆောင်ရွက်နိုင်ဖို့အတွက် လုပ်ငန်းကော်မတီတွေ၊ လုပ်ငန်းအဖွဲ့တွေ ဖွဲ့စည်းပြီး မဟာစီမံကိန်း (Master Plan) တစ်ခု ရေးဆွဲအကောင်အထည်ဖော်နေပြီဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ်ကို ကိုယ်ပိုင်စီမံခန့်ခွဲခွင့်ရတဲ့ တက္ကသိုလ် (Autonomous University) ဖြစ်စေဖို့ ရည်မှန်းချက်ထား ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

သင်ရိုးညွှန်းတမ်းတွေကို ပြောင်းလဲနေတဲ့ကမ္ဘာကြီးနဲ့ လိုက်လျောညီထွေဖြစ်ပြီး နိုင်ငံတော်ရဲ့လိုအပ်ချက်တွေနဲ့အညီ ပြန်လည်ဆန်းစစ်ပြီး မွမ်းမံပြင်ဆင်သွားမယ်၊ နိုင်ငံတကာတက္ကသိုလ်များနဲ့ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကို တိုးမြှင့်ဆောင်ရွက်သွားမယ်လို့ သိရပါတယ်။

ရန်ကုန်တက္ကသိုလ်ရဲ့ ဥပမိရပ်ပိုမိုကောင်းမွန်လာစေဖို့အတွက် တက္ကသိုလ်ရပ်ဝန်းကျင်ကောင်းတစ်ခုဖြစ်စေမယ့် အစီအစဉ်တွေကိုလည်း ဖော်ဆောင်လျက်ရှိပါတယ်။ စာသင်ဆောင်တွေ၊ ကျောင်းသားဆောင်တွေကို ပြင်ဆင်မွမ်းမံ အဆင့်မြှင့်တင်ပေးနေပါတယ်။ ဒ့ါအပြင် တက္ကသိုလ်ပရဝဏ်ကိုလည်း သန့်ရှင်းသာယာပြီး ကျန်းမာရေးအတွက် လုံခြုံနွေးထွေး ပြည့်စုံကောင်းမွန်တဲ့ ရပ်ဝန်းကျင်ကောင်းတစ်ခုဖြစ်စေဖို့လည်း ဆောင်ရွက်လျက်ရှိပါတယ်။ တက္ကသိုလ်ဝန်းကျင်မှာ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေဖို့ ကားလမ်း၊ လူသွားလမ်းတွေ ပြင်ဆင်တာ၊ တိုးချဲ့တာတွေ၊ အဓိပတိလမ်း တစ်လျှောက် သာယာလှပဖို့နဲ့ စိမ်းလန်းစိုပြည်ဖို့ ပြုပြင်မွမ်းမံတာတွေကိုလည်း လုပ်ဆောင်လျက်ရှိပါတယ်။ စာမျက်နှာ ၅ သို့ ❍

**ကျွန်မတို့ရဲ့နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ရန်ကုန်တက္ကသိုလ်အပါအဝင် တက္ကသိုလ်၊ ဒီဂရီကောလိပ်နဲ့ ကောလိပ်အသီးသီးမှာ အဆင့်မြင့်ပညာဆည်းပူးနေကြတဲ့ ကျောင်းသူ ကျောင်းသားတွေဟာ ပညာအရည်အသွေးမြင့်မားပြီး အမြော်အမြင်နဲ့ ဆင်ခြင်တုံတရားပြည့်ဝတဲ့ လူသားကောင်းတွေ ဖြစ်လာစေဖို့ အရေးကြီးပါတယ်။ လူသားကောင်းဖြစ်မှသာ နိုင်ငံကိုအကျိုးပြုမယ့် နိုင်ငံသားကောင်းဖြစ်လာပြီး နိုင်ငံသားကောင်းတွေကသာ ကမ္ဘာကြီးကို အကျိုးပြုမယ့် ကမ္ဘာသူ ကမ္ဘာသားကောင်းတွေဖြစ်လာမှာ ဖြစ်ပါတယ်။**

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀) ပြည့် ရာပြည့်သဘင်အခမ်းအနားတွင် ပြောကြားသည့် ဝမ်းမြောက်စကား

ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံလှတဲ့ ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့်၊ ရာပြည့်သဘင် အခါသမယမှာ တိုင်းရင်းသားမိဘပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းပါစေ၊ ကပ်ရောဂါနဲ့ ဘေးအန္တရာယ် အပေါင်းမှ ကင်းဝေးကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဒီနေ့အချိန်အခါဟာ မြန်မာ့ ပညာရေးသမိုင်းအတွက် ထူးခြားလေးနက်ပြီး မင်္ဂလာရှိလှတဲ့ အချိန်အခါဖြစ်သလို မြန်မာတစ်မျိုးသားလုံးအတွက် ဂုဏ်ယူစရာ အချိန်အခါလည်း ဖြစ်ပါတယ်။ ဒီလိုအချိန် အခါမှာ ရန်ကုန်တက္ကသိုလ် ကျောင်းသားဟောင်းတစ်ဦး ဖြစ်တဲ့ ကျွန်တော့်အနေနဲ့ ဂုဏ်ပြုစကား ပြောကြားခွင့် ရတဲ့အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။

မြန်မာနိုင်ငံဂုဏ်ဆောင် ရန်ကုန်တက္ကသိုလ်ဟာ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ (၁) ရက်နေ့မှာ စတင်ပေါက်ဖွား လာခဲ့တဲ့အတွက် ယခု ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ (၁) ရက်နေ့မှာ နှစ်ပေါင်း (၁၀၀) ပြည့်မြောက်ပြီဖြစ်လို့ ရာပြည့်ပွဲ သဘင်ကို ဆင်နွှဲနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ (၂)ရက်နေ့မှာ ကျင်းပခဲ့တဲ့ ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့်၊ ရာပြည့်အထိမ်းအမှတ် စတင်ကြေငြာခြင်း အခမ်းအနားကစလို့ ယခုနှစ် ဒီဇင်ဘာလ ကုန်အထိ ရာပြည့်အထိမ်းအမှတ် အခမ်းအနားတွေကို မြိုင်မြိုင်ဆိုင်ဆိုင်ကျင်းပပြီး ရန်ကုန်တက္ကသိုလ် ရာပြည့်ပွဲ သဘင်ကို ခမ်းနားသိုက်မြိုက်ထည်ထည်ဝါဝါ ကျင်းပဖို့ ရည်ရွယ်ခဲ့တာဖြစ်ပေမယ့် ဒီအချိန်ကာလမှာ ကျွန်တော် တို့နိုင်ငံအပါအဝင် တစ်ကမ္ဘာလုံးမှာ ကိုရိုနာဗိုင်းရပ်စ် Covid-19 ကပ်ရောဂါဖြစ်ပွားနေတာကြောင့် ကျန်းမာရေး အကန့်အသတ်အတွင်းကသာ ကျင်းပနိုင်ခဲ့ပါတယ်။

ရန်ကုန်တက္ကသိုလ် စတင်ပေါ်ပေါက်ခဲ့တဲ့ သမိုင်း ကြောင်းကို ပြန်ကြည့်မယ်ဆိုရင် ကိုလိုနီခေတ်မှာ ၁၉၂၀ ပြည့်နှစ် မတိုင်ခင်အထိ မြန်မာနိုင်ငံဟာ မြန်မာတိုင်းရင်း သား ပြည်သူတစ်ရပ်လုံးအတွက် ကိုယ်ပိုင်တက္ကသိုလ်ရယ် လို့မရှိသေးပါဘူး။ ကာလကတ္တားတက္ကသိုလ် လက်အောက်ခံ ရန်ကုန်ကောလိပ်နဲ့ အမေရိကန်ဘက်ပတစ် သာသနာပြု အဖွဲ့ရဲ့ ဘက်ပတစ် ကောလိပ်ပဲရှိခဲ့ပါတယ်။ ဘက်ပတစ် ကောလိပ်ကို နောင်အခါမှာတော့ ဂျပ်ဆင်ကောလိပ် (ယုဒသန်ကျောင်းတိုက်)လို့ အမည်ပြောင်းလဲ ခေါ်ဝေါ်ခဲ့ပါ တယ်။ ကျွန်တော်တို့နိုင်ငံမှာ ၁၉၂၀ မတိုင်ခင် အဆင့်မြင့် ပညာသင်ယူနိုင်ဖို့ တက္ကသိုလ်ဆိုတာမရှိခဲ့ဘဲ ရန်ကုန် ကောလိပ်နဲ့ ဂျပ်ဆင်ကောလိပ်တို့သာ ရှိခဲ့တာဖြစ်ပါတယ်။

ဒါကြောင့်မို့ မြန်မာအမျိုးသားခေါင်းဆောင်တွေနဲ့ မြန်မာပြည်သူပြည်သားတစ်ရပ်လုံးက မြန်မာနိုင်ငံမှာ ကာလကတ္တားတက္ကသိုလ်ရဲ့ ဩဇာအာဏာကင်းလွတ်တဲ့ နိုင်ငံပိုင် သီးခြားတက္ကသိုလ်တစ်ရပ် ပေါ်ပေါက်ဖို့ တောင်းဆိုခဲ့ကြပါတယ်။ ဒီလိုတောင်းဆိုမှုတွေဟာ အရှိန်အဟုန် မြင့်သထက်မြင့်လာတဲ့အတွက် အာဏာ ပိုင်တွေ မတတ်သာတော့ဘဲ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ (၁)ရက်နေ့မှာ ရန်ကုန်ကောလိပ် (တက္ကသိုလ်ကောလိပ်) နဲ့ ဂျပ်ဆင်ကောလိပ်တို့ကို ပူးပေါင်းပြီး ရန်ကုန်တက္ကသိုလ်



ကို တည်ထောင်ပေးခဲ့ရပါတယ်။ စတင်တည်ထောင်စဉ်က ဝိဇ္ဇာပညာရပ်အချို့ကိုသာ သင်ပေးနိုင်ခဲ့ပေမယ့် ဒုတိယ ကမ္ဘာစစ်မတိုင်မီ ရန်ကုန်တက္ကသိုလ်မှာ ပညာရပ်နယ်ပယ် ကျယ်ပြန့်လာပြီး ကောလိပ်တွေ ပွားများလာခဲ့ပါတယ်။ ၁၉၄၀-၅၀ ခုနှစ်များအတွင်းမှာ ရန်ကုန်တက္ကသိုလ်ဟာ ပညာရပ်ပိုင်းမှာ အဆင့်မြင့်မားပြီး တက္ကသိုလ်ရဲ့ သာယာလှပတဲ့ သဘာဝအလှတရားတွေကြောင့် အရှေ့ တောင်အာရှရဲ့ အကောင်းဆုံးတက္ကသိုလ်အဖြစ် ဂုဏ်သတင်းထင်ရှားခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ ပညာရေးဥပဒေပြောင်းလဲမှုတွေနဲ့အတူ ရန်ကုန်တက္ကသိုလ် မှာရှိတဲ့ ပညာရပ်အသီးသီးဟာ သီးခြားတက္ကသိုလ်အဖြစ် ခွဲထွက်သွားပြီး ရန်ကုန်တက္ကသိုလ်ရဲ့ဂုဏ်သိမ် ညှိုးမှိန်ခဲ့ရ သလို ပညာရပ်အဆင့်အတန်းဟာလည်း နိမ့်ပါးကျဆင်းခဲ့ ရပါတယ်။

ရန်ကုန်တက္ကသိုလ်ကို အခြေခံပြီး မြန်မာနိုင်ငံတစ်ဝန်း မှာရှိတဲ့ တက္ကသိုလ်၊ ကောလိပ်အသီးသီး ပေါ်ပေါက်လာတာ ဖြစ်လို့ ရန်ကုန်တက္ကသိုလ်ဟာ မြန်မာပြည်တစ်ဝန်းမှာရှိတဲ့ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်အားလုံးတို့ရဲ့ မိခင်ကြီးလို့ ဆိုနိုင်ပါတယ်။ ယခင်က ရန်ကုန်တက္ကသိုလ် ဟာ မြန်မာနိုင်ငံရဲ့ တစ်ခုတည်းသော တက္ကသိုလ်ဖြစ်ပါ တယ်။ မြန်မာ့ပညာရေးရဲ့ အခြေခံအုတ်မြစ်ဖြစ်ပြီး မြန်မာ့ပညာရေးကြိုးပမ်းမှု၊ လွတ်လပ်ရေးကြိုးပမ်းမှု၊ အမျိုးသားရေးလှုပ်ရှားမှု၊ သမိုင်းကြောင်းနဲ့အတူ ရှင်သန် လာခဲ့တာဖြစ်ပါတယ်။ မြန်မာ့ပညာရေး တိုးတက်ဖြစ်ထွန်း လာမှုကို ပြောမယ်ဆိုရင် ရန်ကုန်တက္ကသိုလ်ကို ချန်လှပ် ထားလို့မရသလို မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်း၊ အမျိုးသားနိုင်ငံရေး လှုပ်ရှားမှုသမိုင်းနဲ့ ရန်ကုန်တက္ကသိုလ်ရဲ့ သမိုင်းကိုလည်း ခွဲခြားလို့မရနိုင်ပါဘူး။

မျက်မှောက်ကာလမှာ နိုင်ငံတော်အနေနဲ့ ရန်ကုန် တက္ကသိုလ်အဆင့်မြှင့်တင်ရေးကို ဦးစားပေးလုပ်ငန်း တစ်ရပ်အဖြစ်နဲ့ အကောင်အထည်ဖော် ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ်ကြီးကို နိုင်ငံတကာအဆင့်မီ တက္ကသိုလ်ကြီးအဖြစ် ပြန်လည်ဖြစ်ထွန်းလာစေရေးနဲ့ အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်နိုင်မယ့် တက္ကသိုလ် ဖြစ်လာစေရေးတို့ကို အရေးကြီးတဲ့ လုပ်ငန်းစဉ်ကြီးများ အဖြစ် ချမှတ်အကောင်အထည်ဖော်လျက်ရှိပါတယ်။ ရန်ကုန်တက္ကသိုလ်နဲ့ပတ်သက်တဲ့ မဟာစီမံကိန်း (Master Plan) တစ်ရပ်ကို ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်းကိုလည်း သိရှိရပါတယ်။

နိုင်ငံတစ်နိုင်ငံရဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးမှာ ပညာ ရေးဟာ အဓိကအခန်းကဏ္ဍက ပါဝင်နေတာ ဖြစ်ပါတယ်။ အခြေခံပညာအဆင့်မှာ ပညာအခြေခံကောင်းတွေကို ဖြည့်ဆည်းပေးနိုင်ဖို့လိုသလို အဆင့်မြင့်ပညာအဆင့်မှာ နိုင်ငံတော်ကို အကျိုးပြုမယ့် ပညာအရည်အသွေးတွေ၊ ၂၁ ရာစုမှာ ကမ္ဘာကြီးနဲ့ သဟဇာတဖြစ်မယ့် အရည်အချင်းတွေ ပြည့်ဝစေရန် ဖြည့်ဆည်းပေးနိုင်ဖို့ လိုအပ်ပါတယ်။ နိုင်ငံ တော်အနေနဲ့ ၂၀၁၄ ခုနှစ် စက်တင်ဘာလမှာ အမျိုးသား ပညာရေးဥပဒေကို ရေးဆွဲအတည်ပြုခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် အမျိုးသားပညာရေးဥပဒေကို ထပ်မံပြင်ဆင်ဖြည့်စွက် အတည်ပြုနိုင်ခဲ့ပါတယ်။ အမျိုးသားပညာရေးဥပဒေအရ မြန်မာ့ပညာရေးစနစ်ဟာ နိုင်ငံတော်က ဆောင်ရွက်လျက်ရှိ တဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစနစ်များနဲ့ လိုက်လျော ညီထွေဖြစ်အောင် ဖော်ဆောင်နိုင်မှာဖြစ်ပြီး အရည်အသွေး အာမခံမှုကိုလည်း ပိုမိုခိုင်မာလာစေမှာ ဖြစ်ပါတယ်။ မြန်မာ့ ပညာရေးကို ဖော်ဆောင်ရာမှာ အစဉ်အလာကြီးမားပြီး မြန်မာနိုင်ငံရဲ့ သက်တမ်းအရင့်ဆုံးဖြစ်တဲ့ ရန်ကုန် တက္ကသိုလ်အနေနဲ့ မြန်မာ့ပညာရေးအကောင်အထည်ဖော်မှု လုပ်ငန်းတွေမှာ ရှေ့တန်းက ဦးစီးဦးဆောင် ပြုသွားရမှာ ဖြစ်ပါတယ်။

မြန်မာ့ပညာရေးကို ပြုပြင်ပြောင်းလဲ အကောင်အထည် ဖော်ဆောင်ရာမှာ အခြေခံပညာမှာ သူငယ်တန်းနဲ့ ၁၂ တန်း စနစ် (KG+12)ကို စတင်နေပြီ ဖြစ်ပါတယ်။ စနစ်သစ်အခြေခံ ပညာ သင်ရိုးညွှန်းတမ်းတွေ ရေးဆွဲရာမှာ ရန်ကုန်တက္ကသိုလ် က ဘာသာရပ်ပါမောက္ခကြီးတွေက ဘာသာရပ်သင်ရိုး ကော်မတီဥက္ကဋ္ဌများအဖြစ်နဲ့ ဦးဆောင်ဦးရွက်ပြုနေကြ တယ်လို့ သိရပါတယ်။ စနစ်သစ်အခြေခံပညာမှာ ဒွါဒသမ တန်း (၁၂ တန်း) ပြီးဆုံးလို့ တက္ကသိုလ်ရောက်ရှိလာမယ့် ကျောင်းသား ကျောင်းသူတွေအတွက် စနစ်သစ် အခြေခံ ပညာနဲ့ အချိတ်အဆက်မိပြီး လက်တွေ့ဘဝမှာ အသုံးချ နိုင်မယ့် ပညာရပ်တွေကို အဆင့်မြင့်မြင့် သင်ကြားနိုင်မယ့် တက္ကသိုလ်သင်ရိုးညွှန်းတမ်းတွေကို ပြည်တွင်းပြည်ပ ပညာရှင်များရဲ့ ပူးပေါင်းပါဝင်မှုနဲ့အတူ ရန်ကုန်တက္ကသိုလ် မှာ ရေးဆွဲဆောင်ရွက်နေတာကို သိရတဲ့အတွက်လည်း များစွာအားရဝမ်းမြောက်မိပါတယ်။

နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်စေဖို့ ဘက်ပေါင်း စုံက တည်ဆောက်တဲ့နေရာမှာ တိုင်းရင်းသားအချင်းချင်း သွေးစည်းညီညွတ်ဖို့၊ နိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းဖို့ ဆိုတာ အလွန်ပဲအရေးကြီးပါတယ်။ ဒါကြောင့် ရန်ကုန် တက္ကသိုလ်ရဲ့ ရာပြည့်အခမ်းအနား ဦးတည်ချက်တွေထဲမှာ **"ထာဝရငြိမ်းချမ်းရေးနှင့် အမျိုးသားစည်းလုံးညီညွတ်မှုကို ထိရောက်စွာ ဖော်ဆောင်နိုင်မည့် ပညာရေးစနစ် တိုးတက် ဖြစ်ထွန်းလာစေရေး"** ဆိုတဲ့ ဦးတည်ချက်တစ်ရပ် ပါရှိတာ ကို တွေ့ရပါတယ်။

ဒါကြောင့် မြန်မာ့ပညာရေးကို ရန်ကုန်တက္ကသိုလ်က ဦးဆောင်ဦးရွက်ပြုပြီး သင်ရိုးညွှန်းတမ်းတွေကို အကောင် အထည်ဖော် ဆောင်ရွက်ရာမှာ ဒီဦးတည်ချက်နဲ့အညီ ဖော်ဆောင်နိုင်လိမ့်မယ်လို့ ယုံကြည်မျှော်လင့်ပါတယ်။ ရာပြည့်ကာလအတွင်းမှာ ရန်ကုန်တက္ကသိုလ်၊ မနုဿဗေဒ ဌာနအနေနဲ့ မြန်မာ့တိုင်းရင်းသားပညာကို တိုင်းရင်းသား များရဲ့ ဘာသာစကား၊ သမိုင်း၊ ပထဝီဝင်၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံတို့ဆိုင်ရာ **ဒီပလိုမာသင်တန်းများ** တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဦးစီးဆောင်ရွက်နေတယ် ဆိုတဲ့ သတင်းကောင်းတစ်ရပ်ကိုလည်း ကြားသိခဲ့ရပါ တယ်။

ရန်ကုန်တက္ကသိုလ် ရာပြည့်ပွဲတော်ကြီးဟာ မြန်မာ တစ်မျိုးသားလုံး မြန်မာ့ပညာရေးလောကတစ်ခုလုံးနဲ့ သက်ဆိုင်တဲ့ အထိမ်းအမှတ်အခမ်းအနားတစ်ခုလည်း ဖြစ်ပါတယ်။ ကျွန်တော်ဟာ ရန်ကုန်တက္ကသိုလ်ရဲ့ ကျောင်းသားဟောင်းတစ်ယောက်ဖြစ်တဲ့အတွက် ရန်ကုန် တက္ကသိုလ်ဟာ ကျွန်တော်တို့ရဲ့ မိခင်ကြီးပါပဲ။ ဒါကြောင့် ဒီနေ့ကျရောက်တဲ့ မိခင်ရန်ကုန်တက္ကသိုလ်ကြီးရဲ့ နှစ် (၁၀၀)ပြည့် မွေးနေ့၊ အနှစ်သာရပြည့်ဝလှတဲ့ ရန်ကုန် တက္ကသိုလ်ရဲ့ ရာပြည့်အခါသမယမှာ ရန်ကုန်တက္ကသိုလ်ရဲ့ ကောင်းမြတ်တဲ့သမိုင်းကြောင်းနဲ့ ကြီးမားတဲ့အစဉ် အလာကို ပြန်လည်သတိရပြီး မြန်မာတစ်မျိုးသားလုံး ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူနေကြမှာ ဖြစ်ပါတယ်။ ရာပြည့်အလွန်ကာလတွေမှာ ရန်ကုန်တက္ကသိုလ်ဟာ ကြီးမားတဲ့ အစဉ်အလာကောင်းနဲ့ မြင့်မားတဲ့ဂုဏ်သိက္ခာ ကို ထိန်းသိမ်းမြှင့်တင်ရင်း ရန်ကုန်တက္ကသိုလ် ရာပြည့် မှသည် နှစ်ပေါင်းအသင်္ချေ တည်တံ့ခိုင်မြဲစေရေးကို ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြပါစို့လို့ ပြောကြား ရင်း ကျွန်တော့်ရဲ့ ဂုဏ်ပြုဝမ်းမြောက်စကားကို နိဂုံးချုပ် လိုက်ပါတယ်။

## ဒစ်ဂျစ်တယ်စီးပွားရေးအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ် ဆက်လက်ထုတ်လွှင့်မည်

နေပြည်တော် ဒီဇင်ဘာ ၁

COVID-19 ရောဂါဖြစ်ပွားမှုကာလအတွင်း စီးပွားရေး လုပ်ငန်းများ ပြန်လည်လုပ်ကိုင် လည်ပတ်နိုင်ရန် ရည်ရွယ် ချက်ဖြင့် ပြည်သူကို ပညာပေးမျှဝေပေးမည့် “ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီ အစဉ် ” ကို နိုဝင်ဘာ ၂၅ ရက်မှစ၍ အပတ်စဉ် ဗုဒ္ဓဟူးနှင့် ကြာသပတေးနေ့များတွင် ညနေ ၆ နာရီခွဲ ည ၇ နာရီ အထိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသလျက်ရှိ သည်။

ဒီဇင်ဘာ ၂ ရက် ဗုဒ္ဓဟူးနေ့ ညနေတွင် မြန်မာနိုင်ငံ၏ Digital အသွင်ပြောင်းမှုမှာ အဓိကအရေးပါသည့် အခန်း ကဏ္ဍမှာပါဝင်နေသည့် ဒစ်ဂျစ်တယ် ငွေပေးချေမှုစနစ် အသုံးပြုပြီး ဝန်ဆောင်မှုများ မြန်ဆန်လာအောင် ဆောင်ရွက်နိုင်ရန်အတွက် ဗဟုသုတမျှဝေပေးမည့် ဒစ်ဂျစ် တယ်စီးပွားရေးအကြောင်း သိကောင်းစရာ အစီအစဉ်နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် ဒုတိယ ဥက္ကဋ္ဌ ဦးရဲရင့်ဝင်းနှင့် Myanmar Payment Union (MPU) အမှုဆောင်အရာရှိချုပ် ဦးဇော်လင်းထွဋ်တို့၏ ဆွေးနွေး ချက်များကို ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



## အမျိုးသားညီညွတ်ရေးကို အခြေခံ

**တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးက လွတ်လပ်ရေးကြိုးပမ်းစဉ် ကာလကဲ့သို့ပင် အမျိုးသားညီညွတ်ရေးကို အခြေခံသည့် စုပေါင်းအင်အားဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြီး အောင်မြင်ရေး၊ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး လုပ်ငန်းအဆင့်ဆင့်ကို အောင်မြင်စွာကျော်ဖြတ်ပြီး ဒီမိုကရေစီအမြစ်တွယ်ခိုင်မာရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲစွာ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ၄-၁-၂၀၂၀ ရက်နေ့တွင် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်



ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှုခင်း။ ဓာတ်ပုံ - ထွန်းထွန်းသိန်း

❍ စာမျက်နှာ ၃ မှ

ဒီလိုတွေ ဆောင်ရွက်ရာမှာ ရန်ကုန်တက္ကသိုလ်အတွက် အရေးပါတဲ့ သမိုင်းဝင်အဆောက်အဦ၊ အမှတ်အသားတွေကို ထိန်းသိမ်းထားဖို့လည်း ထည့်သွင်းစဉ်းစားလုပ်ကိုင်သွားမှာ ဖြစ်ပါတယ်။

ရန်ကုန်တက္ကသိုလ်ရာပြည့် အထိမ်းအမှတ်စတင်ကြောင်း ကြေညာတဲ့ အခမ်းအနားကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ (၂) ရက်နေ့က ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမမှာ ကျင်းပခဲ့ပါတယ်။ ရန်ကုန်တက္ကသိုလ်ရာပြည့်သဘင် အခမ်းအနားအတွက် ဦးတည်ချက် (၅) ရပ်ကို ချမှတ်ခဲ့ပါတယ်။ အဲဒီ ဦးတည်ချက်တွေကတော့-

(၁) မြန်မာနိုင်ငံ၏ ဂုဏ်ဆောင်တက္ကသိုလ်အဖြစ် ထိန်းသိမ်းမြှင့်တင်နိုင်ရန်၊

(၂) နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စနစ်များနှင့် လိုက်လျောညီထွေဖြစ်သည့် အရည်အသွေးရှိသော တက္ကသိုလ်ပညာရေးစနစ်ကို ဖော်ဆောင်နိုင်ရန်၊

(၃) ပညာအခြေပြု လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုအတွက် စွမ်းဆောင်ရည် ပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးရန်၊

(၄) ထာဝရငြိမ်းချမ်းရေးနှင့် အမျိုးသားစည်းလုံးညီညွတ်မှုကို ထိရောက်စွာဖော်ဆောင်နိုင်မည့် ပညာရေးစနစ် တိုးတက်ဖြစ်ထွန်းလာစေရန်၊

(၅) နိုင်ငံကောင်းကျိုး ကမ္ဘာ့ကောင်းကျိုးကို ဖြည့်ဆည်းပေးနိုင်မည့် နိုင်ငံတကာအဆင့်မီ တက္ကသိုလ်အဖြစ် ဦးတည်အကောင်အထည်ဖော်နိုင်ရန်တို့ပဲ ဖြစ်ပါတယ်။

ရန်ကုန်တက္ကသိုလ်ရာပြည့် အထိမ်းအမှတ် စတင်ကြောင်း ကြေညာခဲ့တဲ့ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလကစတင်ပြီး ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလကုန်အထိ တစ်နှစ်တာကာလပတ်လုံး ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ်အဖြစ် ကျောင်းသားဟောင်းကြီးများနဲ့ မျိုးဆက်သစ်ကျောင်းသားလူငယ်တို့ရဲ့ စကားဝိုင်းဆွေးနွေးပွဲတွေ၊ ပညာရပ်ဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲတွေ၊ နှီးနှောဖလှယ်ပွဲတွေ၊ အားကစားပြိုင်ပွဲတွေ၊ ပန်းချီပြပွဲနဲ့ အနုပညာဖျော်ဖြေတင်ဆက်မှုတွေ၊ တိုင်းရင်းသားစာပေယဉ်ကျေးမှုပြပွဲတွေ၊ ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲတွေ၊ ဘာသာရပ်ဆိုင်ရာပြပွဲတွေ၊ စာပေနဲ့ဘာသာစကား စွမ်းရည်ပြိုင်ပွဲတွေ၊ ခေတ်အလိုက် ဝတ်စားဆင်ယင်မှုပြပွဲတွေ၊ စာအုပ်ပြပွဲတွေ၊ စာအုပ်ဈေးရောင်းပွဲတွေ၊ ပျော်ပွဲရွှင်ပွဲတွေ စတဲ့ဘက်စုံလှုပ်ရှားမှုအမျိုးမျိုးနဲ့ စည်ကားသိုက်မြိုက်စွာ မြိုင်မြိုင်ဆိုင်ဆိုင်ကျင်းပဖို့ စီစဉ်ဆောင်ရွက်ခဲ့ပါတယ်။

ဒါပေမဲ့ ယခုကာလမှာ ကမ္ဘာ့ကပ်ရောဂါဆိုးကြီးဖြစ်တဲ့ ကိုဗစ်-၁၉ ရောဂါ တားဆီးကာကွယ်ထိန်းချုပ်နေရတာကြောင့် ရာပြည့်သဘင်ကြီးကို မူလစီစဉ်ထားသလို စည်ကားသိုက်မြိုက်စွာ မကျင်းပနိုင်တော့ဘဲ ဗီဒီယိုကွန်ဖရင့်ကျင်းပတာ၊ အာစရိယပူဇော်ပွဲ ကျင်းပတာ၊ နေ့စဉ်ထုတ် သတင်းစာတွေက ရန်ကုန်တက္ကသိုလ်ရာပြည့် အထိမ်းအမှတ်ဆောင်းပါးတွေ ဖော်ပြတာ၊ မြန်မာ့ရုပ်မြင်သံကြားက အထိမ်းအမှတ်အစီအစဉ်တွေအဖြစ် တေးဂီတနဲ့ ကျောင်းသူ ကျောင်းသားတွေရဲ့ အငြိမ့်ဖျော်ဖြေတင်ဆက်တာ၊ ရာပြည့်အထိမ်းအမှတ်စာစောင်တွေ ထုတ်ဝေတာ၊ စာပေပြိုင်ပွဲအနေနဲ့ ကဗျာစပ်ပြိုင်ပွဲနဲ့ ရသစာတမ်းအရေးပြိုင်ပွဲကျင်းပတာ စတာတွေကို ကျန်းမာရေးအရ ကန့်သတ်ချက်တွေနဲ့ အခက်အခဲများကြားက အခြေအနေပေးသလောက်ကိုသာ ဂုဏ်ပြုကျင်းပနိုင်ခဲ့ပါတယ်။ ဒီအစီအစဉ်တွေမှာ ပါဝင်ခဲ့သူတွေကိုလည်း ကျေးဇူးတင်ဂုဏ်ပြုကြောင်း ပြောချင်ပါတယ်။

ဘယ်လိုအခက်အခဲ အပြောင်းအလဲတွေနဲ့ ကြုံတွေ့ရစေကာမူ၊ ရည်မှန်းချက်များ ဖြစ်မြောက်နိုင်ဖို့ နည်းတွေရှာပြီး အကောင်အထည်ဖော်နိုင်တာကလည်း ပညာရဲ့တန်ခိုးကို ပြသခြင်းပဲမဟုတ်ပါလား။

ဒီကနေ့ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှာ သက်တမ်း ၁၀၀ ပြည့်မြောက်ခဲ့ပြီဖြစ်တဲ့ ရန်ကုန်တက္ကသိုလ်ဟာ လောကဓံကို ကြံ့ကြံ့ခံ၊ အခက်အခဲပေါင်းများစွာကို ကျော်လွှားပြီး အစဉ်အလာကောင်းများကို မပျောက်မပျက်ရအောင် ထိန်းသိမ်းထားနိုင်ခဲ့ပါတယ်။ ရန်ကုန်တက္ကသိုလ်ရဲ့ ပထမရာစုနှစ် ကုန်ဆုံးပြီး ဒုတိယရာစု အစပြုချိန်ကစလို့ ရန်ကုန်တက္ကသိုလ်ရဲ့ အစဉ်အလာကောင်းတွေကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံတကာအဆင့်မီတက္ကသိုလ်အဖြစ် ကမ္ဘာ့အလယ်မှာ တင့်တယ်ဝင့်ထည်စေဖို့အတွက် ကျွန်မတို့အားလုံး အားသစ်အားမာန်တွေနဲ့ ဆက်လက်ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ်ကြီး ရာပြည့်ကာလကနေ နောင်နှစ်ပေါင်းထောင်ချီ ကမ္ဘာတည်သရွေ့ အဓွန့်ရှည်ပါစေလို့ ဆုတောင်းဆန္ဒပြုရင်း ကျွန်မရဲ့ ဂုဏ်ပြုဝမ်းမြောက်စကားကို နိဂုံးချုပ်လိုက်ပါတယ်။

အားလုံးကျန်းမာချမ်းသာကြပါစေ။

❖ ရှေ့ဖုံးမှ

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်းတို့က ရန်ကုန်တက္ကသိုလ်နှစ် (၁၀၀) ပြည့် ရာပြည့်သဘင်အခမ်းအနားကို Virtual စနစ်ဖြင့် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ရန်ကုန်တက္ကသိုလ် ရာပြည့်သဘင် အခမ်းအနား ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က Video Message ပေးပို့၍ ဂုဏ်ပြုဝမ်းမြောက်စကား ပြောကြားသည်။

**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် ဂုဏ်ပြုဝမ်းမြောက်စကားကို စာမျက်နှာ-၃ တွင် ဖော်ပြထားပါသည်။)**

ဆက်လက်၍ ရန်ကုန်တက္ကသိုလ် ကျောင်းသားဟောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း က Video Message ပေးပို့၍ ဝမ်းမြောက်စကား ပြောကြားသည်။

**(အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ပြောကြားသည့် ဝမ်းမြောက်စကားကို စာမျက်နှာ-၄ တွင် ဖော်ပြထားပါသည်။)**

ထို့နောက် ရန်ကုန်တက္ကသိုလ် ရာပြည့်သဘင်အခမ်းအနား ကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ဝမ်းမြောက်စကား ပြောကြားရာတွင် ရန်ကုန်တက္ကသိုလ် အဆင့်မြှင့်တင်ရေး လုပ်ငန်းများကို အားလုံးရဲ့ စုပေါင်းအင်အားနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၆ ခုနှစ် ဧပြီလမှစ၍ ဆောင်ရွက်နေခြင်းမဟုတ်ဘဲ ပထမအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးကျင်းပစဉ်က ကော့မှူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်ဆန်းစုကြည် (ယခု နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်) တင်သွင်းခဲ့သည့် **"တက္ကသိုလ်ဥပဒေအသစ် ရေးဆွဲ၍ ရန်ကုန်တက္ကသိုလ် (ပင်မ) အဆင့်မြှင့်တင်ပြုပြင်ရေး အဆိုပြုချက်"** ကို ပြည်သူ့လွှတ်တော်က အတည်ပြုဆုံးဖြတ်ပြီးသည့်နောက် ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၂၇ ရက် ရက်စွဲဖြင့် ယခု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဥက္ကဋ္ဌအဖြစ်ပါဝင်သည့် ရန်ကုန်တက္ကသိုလ် အဆင့်မြှင့်တင်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး ရန်ကုန်တက္ကသိုလ်အဆင့်မြှင့်တင်ရေးနှင့် ပြုပြင်မွမ်းမံရေး၊ နိုင်ငံတကာ စံနှုန်းနှင့် ကိုက်ညီရေးလိုအပ်ချက်များကို စတင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ဝမ်းမြောက်စကားပြောကြားစဉ်။

ပထမခြေလှမ်းအဖြစ် ရန်ကုန်တက္ကသိုလ်၌ နှစ်ပေါင်းအတော်ကြာအောင် မဖွင့်လှစ်ခဲ့သည့် ဘွဲ့ကြိုသင်တန်းများကို ၂၀၁၃ - ၂၀၁၄ ပညာသင်နှစ်မှ စတင်ပြီး ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း။

ပြည်ထောင်စု၏ ဂုဏ်ဆောင်တက္ကသိုလ်အဖြစ် ဆက်လက်ထိန်းသိမ်း မြှင့်တင်နိုင်သွားဖို့အတွက် စနစ်တကျအစီအစဉ်များ ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၆ ခုနှစ် ဧပြီလမှစတင်၍ ရန်ကုန်တက္ကသိုလ်မှာ တက္ကသိုလ်ရဲ့ စီမံခန့်ခွဲမှုဖြင့် သုတေသနနှင့် ပူးပေါင်းဆောင်ရွက်မှု၊ အီးကျူဆိုင်ရာ စွမ်းဆောင်ရည် ဦးစားပေး၍ ဆရာ ဆရာမများ၊ ဝန်ထမ်းများ ရာထူးခန့်ထား/ ပြောင်းရွှေ့/ တိုးမြှင့်ခြင်း၊ တက္ကသိုလ်ဝင်ခွင့် ရွေးချယ်မှုတို့ အားပေးပံ့ပိုးခြင်း၊ စွမ်းဆောင်ရည် မြှင့်တင်ရေး ဆောင်ရွက်ခြင်း၊ အချိန်ပိုင်း နည်းပြ/သရုပ်ပြများ ခန့်ထားရေး အားပေးခြင်း၊ ဘွဲ့ကြို/ ဘွဲ့လွန်သင်တန်းများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ ရန်ကုန်တက္ကသိုလ်(ပင်မ) နယ်မြေမှာ ပြုပြင်မွမ်းမံအဆင့်မြှင့်တင်ခြင်း၊ ဘောလုံးကွင်းနှင့် ရေကူးကန်၊ စိန်ရတုခန်းမ၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်တို့ကို ပြင်ဆင်ဖွဲ့စည်း၍ ရန်ကုန်တက္ကသိုလ်က စီမံခန့်ခွဲခြင်း၊ ၅ ထပ် ပင်လုံဆောင် တည်ဆောက်ဖွင့်လှစ်ပြီး အင်္ဂလိပ်စာဌာနနှင့် အမျိုးသားအင်္ဂလိပ်ဘာသာစကားဗဟိုဌာနတို့က အင်္ဂလိပ်စာကျွမ်းကျင်မှု မြှင့်တင်ရေးဆောင်ရွက်ခြင်း၊ လှိုင်နယ်မြေရှိ စာသင်ဆောင်များ မွမ်းမံပြင်ဆင်ပြီး ပထမနှစ်၊ ဒုတိယနှစ် သင်တန်းများ ပြန်လည်ဖွင့်လှစ်ခြင်း၊ (၇) ထပ်စီရှိသော ကေတုမတီကျောင်းသားဆောင်၊ မြတ်လေးကျောင်းသူဆောင်တို့ တည်ဆောက်ခြင်း၊ ကွန်ပျူတာများ၊ အင်တာနက်၊ ဝိုင်ဖိုင်၊ Websites၊ အီးမေးလ်၊ သင်ထောက်ကူနှင့် သုတေသနဓာတ်ခွဲခန်းပစ္စည်းများ၊ စာကြည့်တိုက်နှင့် e-Library များ ဖြည့်ဆည်းခြင်း၊ တက္ကသိုလ်၏ အသက်သွေးကြောဖြစ်သည့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သုတေသနဂျာနယ်များတွင် သုတေသနစာတမ်းများ ရေးသားခြင်း၊ သုတေသန ဆွေးနွေးပွဲများနှင့် ကွန်ဖရင့်များ ကျင်းပခြင်း၊ သင်ရိုးညွှန်းတမ်း မွမ်းမံပြင်ဆင်မြှင့်တင်ခြင်း၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ခြင်း၊ နိုင်ငံတကာ ကျောင်းသားကျောင်းသူများ **စာမျက်နှာ ၆ သို့** ❒

❒ စာမျက်နှာ ၅ မှ

လာရောက် ပညာသင်ယူခြင်းကို အားပေးခြင်း၊ အိုင်ကျူအေ ဆောင်ရွက်မှု အားပေးခြင်း၊ စက်ရုံ၊ စီးပွားရေး လုပ်ငန်းများနှင့် ပူးပေါင်းခြင်းတို့ကို ပံ့ပိုးဖြည့်ဆည်း၍ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါကြောင်း။

**ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်**

ရန်ကုန်တက္ကသိုလ် အဆင့်မြှင့်တင်မှုလုပ်ငန်းတွေကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရာတွင် အဓိကကျသည့် မဟာစီမံကိန်း (Master Plan) ရေးဆွဲ၍ လွတ်လပ်စွာ ကိုယ်ပိုင်စီမံခန့်ခွဲခွင့်ရှိသည့် တက္ကသိုလ် (University Autonomy) ဖြစ်လာရေး အဓိကဦးတည်ရန်နှင့် ၎င်းကိုလည်း စာရွက်ပေါ်က ဖော်ပြချက်၊ အပြောသက်သက်မဟုတ်ဘဲ လက်တွေ့ ရေရှည်ခရီးရှည်ကြီးကို လျှောက်လှမ်းနိုင်ရန် ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

လွတ်လပ်စွာ ကိုယ်ပိုင်စီမံခန့်ခွဲခွင့်ရှိတဲ့ တက္ကသိုလ်အဖြစ် ဦးတည်နိုင်ဖို့အတွက် ၂၀၂၀ ပြည့်နှစ် ဩဂုတ်လမှာ ပြည်ထောင်စုအစိုးရအဖွဲ့က ရန်ကုန်တက္ကသိုလ်နှင့် စုစုပေါင်း တက္ကသိုလ် ၁၆ ကျောင်းတို့ကို မဟာဌာနဖွဲ့စည်းပုံများ အတည်ပြုပေးခဲ့ပါကြောင်း၊ အဆင့်မြင့်ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုအားလုံးကို အထောက်အကူပြုစေမယ့်လုပ်ငန်းများ ဖြစ်ပါကြောင်း။

ကမ္ဘာ့အဆင့် တက္ကသိုလ်များ၏ အတွေ့အကြုံအရ ကိုယ်ပိုင်စီမံခန့်ခွဲခွင့်ရှိသည့် တက္ကသိုလ်တွေကသာ ပြည်ထောင်စုကြီး၏ လိုအပ်ချက်တွေကို အတွေးအခေါ်သစ်များနှင့် ပြန်လည်ပံ့ပိုးဆောင်ရွက်ပေးနိုင်ဖို့ အာမခံနိုင်မှာ ဖြစ်ပါကြောင်း။

ဒါကြောင့်လည်း ဒီမဟာစီမံကိန်းဟာ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်အတွက် ကြိုတင်ပြင်ဆင်ရန် မှတ်ကျောက်တင်ရမယ့် အရေးပါသည့် စီမံကိန်းဖြစ်ပါကြောင်း၊ မဟာစီမံကိန်းမှာ ပညာအရည်အသွေး ဖြည့်ဆည်းရေး(Software)နှင့် အခြေခံအဆောက်အအုံနှင့် ပစ္စည်းကိရိယာများ မြှင့်တင်ရေး(Hardware)ဆိုပြီး နှစ်ပိုင်းပါဝင်ပါကြောင်း၊ အပိုင်းနှစ်ပိုင်းဟာ သီးခြားစီမဟုတ်ဘဲ ဆက်စပ်လျက်ရှိပြီး ထူးခြားတဲ့ သမိုင်းအမွေအနှစ်နဲ့ သဘာဝပတ်ဝန်းကျင်တွေကို ထိန်းသိမ်းဖို့သာမက ပြန်လည်မွမ်းမံအဆင့်မြှင့်တင်ပြီး ပြည်ထောင်စုတိုင်းရင်းသားအားလုံးတို့ရဲ့ဂုဏ်ဆောင် တက္ကသိုလ်တစ်ခု ပြန်လည်ဖြစ်လာစေရေးကို အထောက်အကူပြုမယ့် ပေါင်းစည်းအင်အားများဖြစ်ပါကြောင်း၊ မဟာစီမံကိန်းအတွက် တာဝန်ရှိသူများ၊ ပူးပေါင်းဆောင်ရွက်ကြသူများအားလုံးတို့ကို ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း။

ရန်ကုန်တက္ကသိုလ် မဟာစီမံကိန်းကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ဦးစားပေးအစီအစဉ်တွေအဖြစ် (၁) တက္ကသိုလ် လွတ်လပ်စွာ ကိုယ်ပိုင်စီမံခန့်ခွဲခွင့် တိုးတက်ရေး၊ (၂) အရည်အသွေးနှင့် ကျွမ်းကျင်မှု တိုးမြှင့်စေရေး၊ (၃) ဘွဲ့သင်တန်းများ၊ သင်ရိုးညွှန်းတမ်းများ၊ သင်ကြားသင်ယူမှုများ၊ သုတေသနနှင့် ဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်ရေး၊ (၄) ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆက်လက်ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း။

ရန်ကုန်တက္ကသိုလ်၏ မဟာစီမံကိန်း အကောင်အထည်ဖော်မှု အတွေ့အကြုံပေါ်မူတည်ပြီး အခြားတက္ကသိုလ်တွေကိုလည်း လမ်းကြောင်းမှန်အတိုင်း လိုက်ပါလျှောက်လှမ်းနိုင်ဖို့နှင့် ရန်ကုန်တက္ကသိုလ်ကလည်း ဦးဆောင်လက်တွဲခေါ်ဖို့ အရေးကြီးသည့်အတွက် အခြားတက္ကသိုလ်များရဲ့ လိုအပ်ချက်များကို မချန်ထားဘဲ ကာလတို နှစ်အလိုက်လျာထားပံ့ပိုးပေးမှာ ဖြစ်ပါကြောင်း။

သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တွေကလည်း မိမိတို့ဒေသမှာရှိတဲ့ တက္ကသိုလ်တွေအတွက် မဟာစီမံကိန်းများ ပြုစုနိုင်ဖို့၊ အကောင်အထည်ဖော်နိုင်ဖို့တို့အတွက် ပညာရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး လိုအပ်တဲ့ အားပေးပံ့ပိုးမှုများ ပြုလုပ်ပေးနိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေနဲ့လည်း ဆက်လက်ပူးပေါင်းပံ့ပိုးပေးသွားမည် ဖြစ်ပါကြောင်း။

လွတ်လပ်တဲ့ ကိုယ်ပိုင်စီမံခန့်ခွဲခွင့်ရှိဖို့ကို ဦးတည်ရန်အတွက် ရန်ကုန်တက္ကသိုလ်ရဲ့ တက္ကသိုလ်ပဋိညာဉ်စာတမ်းနဲ့အညီ တက္ကသိုလ် စီမံခန့်ခွဲရေးအဖွဲ့တွေကို စနစ်တကျဖွဲ့စည်း အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက်လည်း အားပေးပံ့ပိုးသွားမှာဖြစ်ပါကြောင်း၊ ရန်ကုန်တက္ကသိုလ်နဲ့ အခြားတက္ကသိုလ်တွေမှာရှိတဲ့ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ မဟာဌာနမှူးများနဲ့ တာဝန်ရှိသူတွေဟာ ပူးပေါင်းတာဝန်ယူပြီး ထိရောက်ဆန်းသစ်တဲ့ နည်းလမ်းတွေနဲ့ ဆရာများ၊ ကျောင်းသားများ၊ ပြည်ထောင်စုတိုင်းရင်းသားများရဲ့ လိုအပ်ချက်တွေကို ဖြေရှင်းဖြည့်ဆည်းပေးနိုင်ဖို့အတွက် ဦးဆောင်မှုနဲ့တုံ့ပြန်နိုင်မှု ပရော်ဖက်ရှင်နယ်စွမ်းဆောင်ရည်ရှိဖို့လည်း အရေးကြီးပါကြောင်း၊ လိုအပ်တဲ့ စွမ်းဆောင်ရည်မြှင့်တင်နိုင်ဖို့ အခွင့်အလမ်းတွေလည်း ဖြည့်ဆည်းဖန်တီးပေးသွားမှာ ဖြစ်ပါကြောင်း။

ရန်ကုန်တက္ကသိုလ်မှာ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်မှ စတင်၍ ငါးလုပ်ငန်း ပညာဘွဲ့သင်တန်း ဖွင့်လှစ်ခြင်း၊ ဒီပလိုမာသင်တန်းနဲ့ ဘွဲ့သင်တန်း စတင်ဖွင့်လှစ်နိုင်ဖို့အတွက် ရေနှင့်သဘာဝပတ်ဝန်းကျင်ပညာဌာန အသစ်ဖွင့်လှစ်ခြင်း၊ မနုဿဗေဒဌာနက ဦးစီးပြီး တိုင်းရင်းသားပညာဘာသာရပ် သင်ကြားပို့ချရန် စီစဉ်ခြင်းတို့ကိုလည်း



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ဝမ်းမြောက်စကားပြောကြားစဉ်။

မဟာစီမံကိန်းရဲ့ ထောက်ခံအကြံပြုချက်အရ ဦးစားပေး စတင်ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုလို ရန်ကုန်တက္ကသိုလ် အဆင့်မြှင့်တင်ရေး မဟာစီမံကိန်းနှင့် တက္ကသိုလ်ပဋိညာဉ်မူကြမ်းတို့အရ အဘက်ဘက်က အားပေးဖြည့်ဆည်း ပံ့ပိုးပေးခဲ့လို့လည်း ရန်ကုန်တက္ကသိုလ်ဟာ ၂၀၁၆ ခုနှစ်မှာ ကမ္ဘာ့အဆင့် ၁၃၀၇၂ ရှိခဲ့ရာမှ ၂၀၂၀ ပြည့်နှစ်မှာ ကမ္ဘာ့အဆင့် ၇၁၁၆ အထိ တိုးတက်လာပါကြောင်း၊ ရရှိလာတဲ့ အောင်မြင်မှုတွေ ပိုမိုမြင့်မားလာပြီး ဆက်လက်အားကောင်းလာအောင် ပူးပေါင်းဆောင်ရွက်ပေးကြပါလို့ မေတ္တာရပ်ခံတင်ပြအပ်ပါကြောင်း။

ပညာရေးဝန်ကြီးဌာန အနေနဲ့ အကျိုးရှိတဲ့ ဘာသာရပ်တွေကို တစ်သက်တာ သင်ယူမှု အခွင့်အလမ်း ရရှိစေဖို့ စီစဉ်ဆောင်ရွက်ရန်လည်း အရေးကြီးတဲ့အတွက် စာသင်ခန်းအတွင်း သင်ယူခြင်း၊ အွန်လိုင်းဒစ်ဂျစ်တယ်သင်ယူခြင်း၊ ပေါင်းစပ်သင်ယူခြင်းစတဲ့ သင်ကြားသင်ယူမှု နည်းလမ်းအမျိုးမျိုးတို့ကို ခေတ်အခြေအနေနဲ့ လိုက်လျောညီထွေရှိစေရေး ချဲ့ထွင်ဆောင်ရွက်နိုင်ရန်လည်း အားပေးပံ့ပိုးဖြည့်ဆည်းဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း။

ရန်ကုန်တက္ကသိုလ်ဟာ ပြည်ထောင်စုရဲ့ဂုဏ်ဆောင် တက္ကသိုလ်ကြီးအဖြစ် ကမ္ဘာ့အလယ်မှာ ထည်ထည်ဝါဝါ ရပ်တည်နိုင်ပြီး ကမ္ဘာတည်သရွေ့ တည်တံ့နိုင်ဖို့အတွက် စုပေါင်းအင်အားနဲ့ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြပါလို့ ပန်ကြားတင်ပြအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ရန်ကုန်တက္ကသိုလ် ရာပြည့်သဘင်အခမ်းအနား ကျင်းပရေးဦးစီးကော်မတီ-တွဲဖက်အတွင်းရေးမှူး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဝမ်းမြောက်စကားပြောကြားရာတွင် ရန်ကုန်တက္ကသိုလ်ကြီးသည် မြန်မာနိုင်ငံရဲ့ ပညာရေးစနစ်ကို ကိုယ်စားပြုနေတဲ့ အဓိကကျတဲ့ တက္ကသိုလ်ကြီးဖြစ်ပါကြောင်း၊ ရန်ကုန်တက္ကသိုလ်ရဲ့ အလှည့်အပြောင်းတွေဟာ မြန်မာနိုင်ငံရဲ့ ပညာရေးစနစ်ကိုလည်း အများကြီး ရိုက်ခတ်စေခဲ့ပါကြောင်း၊ ရန်ကုန်တက္ကသိုလ်ကြီး စတင်ထူထောင်နိုင်ဖို့အတွက် ၁၉၂၀ ပြည့်နှစ်မှာ ပြည်သူတွေက တက္ကသိုလ်ပညာရေးကို မြန်မာနိုင်ငံမှာ သင်ကြားနိုင်ဖို့အတွက် တောင်းဆိုခဲ့ကြရာကနေ ရန်ကုန်တက္ကသိုလ်ကြီး ပေါ်ထွန်းလာခဲ့တာဖြစ်ပါကြောင်း၊ ရန်ကုန်တက္ကသိုလ်ကြီး စတင်ပေါ်ထွန်းလာတဲ့အခြေအနေမှာပဲ ရန်ကုန်တက္ကသိုလ်ဟာ ကိုလိုနီကျွန်ပညာရေး စနစ်ကို ကိုယ်စားပြုနေတဲ့ ပညာရေးပုံစံအဖြစ် အင်္ဂလိပ်ကိုလိုနီက ဆောင်ရွက်ခဲ့တယ်ဆိုတဲ့ ကျောင်းသားခေါင်းဆောင်ကြီးတွေနဲ့ ပြည်သူများရဲ့ အမြင်တွေနဲ့ ဒီတက္ကသိုလ်ကြီးမှာ အမျိုးသားရေး စိတ်ဓာတ်တွေနိုးကြားပြီး လွတ်လပ်တဲ့ တက္ကသိုလ်ကြီးတစ်ခုဖြစ်ဖို့အတွက် ကြိုးပမ်းခဲ့ရာကနေ အမျိုးသားအောင်ပွဲနေ့ကြီးလည်း ပေါ်ထွန်းခဲ့တာဖြစ်ပါကြောင်း။

ရန်ကုန်တက္ကသိုလ်ဟာ မြန်မာနိုင်ငံရဲ့ ပညာရေးစနစ်ကို လွှမ်းခြုံခဲ့ပါကြောင်း၊ မြန်မာနိုင်ငံရဲ့ ပညာရေးစနစ် အောင်မြင်မှုတွေကိုလည်း ပြသနိုင်ခဲ့ပါကြောင်း၊ အရှေ့တောင်အာရှမှာ အကောင်းဆုံး တက္ကသိုလ်ကြီးအဖြစ်နဲ့လည်း ရပ်တည်နိုင်ခဲ့ပါကြောင်း၊ ခေတ်၊ စနစ်တွေရဲ့ ပြဋ္ဌာန်းမှုအမျိုးမျိုးအောက်မှာ ရန်ကုန်တက္ကသိုလ်ဟာ ဂယက်တွေအများကြီး ရိုက်ခတ်ခဲ့ပါကြောင်း၊ အနိမ့်၊ အမြင့်၊ အတက်၊ အကျတွေကိုလည်း ဖြတ်သန်းခဲ့ရပါကြောင်း၊ ရန်ကုန်တက္ကသိုလ်ဟာ တစ်ချိန်က အရှေ့တောင်အာရှရဲ့ အကောင်းဆုံးတက္ကသိုလ်ကြီး ဖြစ်နေရာကနေ ကမ္ဘာမှာ အဆင့်နိမ့်တဲ့ တက္ကသိုလ်အဆင့်နေရာအထိလည်း ရောက်ခဲ့ဖူးပါကြောင်း၊ အခုအခြေအနေမှာတော့ ရန်ကုန်တက္ကသိုလ်ကြီးကို အဆင့်မြှင့်တင်နိုင်ဖို့ အတွက် အဘက်ဘက်ကနေ ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါကြောင်း။

ရန်ကုန်တက္ကသိုလ်ဟာ လွတ်လပ်ရေးကြိုးပမ်းမှုနဲ့ လွတ်လပ်ရေးကို ပထမဦးဆုံး အလင်းရောင်ပြခဲ့တဲ့၊ ကျောင်းသားတွေရဲ့ အမျိုးသားရေးစိတ်ဓာတ်ကို နိုးကြားစေခဲ့တဲ့ တက္ကသိုလ်ကြီး ဖြစ်ပါကြောင်း၊ ရန်ကုန်တက္ကသိုလ်ကို အကြောင်းပြုပြီး ရန်ကုန်တက္ကသိုလ်ကနေ မွေးဖွားပေးလိုက်တဲ့ နိုင်ငံရေးခေါင်းဆောင်တွေ များစွာ ပေါ်ထွန်းခဲ့ပါကြောင်း၊ ရန်ကုန်တက္ကသိုလ်ဟာ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ အနုပညာ၊ အားကစား နယ်ပယ်အသီးသီးမှာ ထူးချွန်ပြောင်မြောက်တဲ့ သူရဲကောင်းတွေအများကြီးကို မွေးဖွားပေးနိုင်ခဲ့တဲ့ တက္ကသိုလ်ကြီး ဖြစ်ပါကြောင်း၊ ရန်ကုန်တက္ကသိုလ်ကြီးမှာ ဖြတ်သန်းခဲ့ကြတဲ့သူတိုင်းဟာ အမိတက္ကသိုလ်က သင်ကြားပေးလိုက်တဲ့ပညာရပ်တွေနဲ့ နယ်ပယ်အသီးသီးမှာ အောင်မြင်တဲ့သူတွေအဖြစ်နဲ့ ဖြတ်သန်းခဲ့ကြတာကိုလည်း မိမိတို့ တွေ့မြင်ကြရမှာ ဖြစ်ပါကြောင်း။

ရန်ကုန်တက္ကသိုလ်ကြီးရဲ့ အောင်မြင်ခဲ့မှုတွေ၊ ရန်ကုန်တက္ကသိုလ်ကြီးမှာ ဖြတ်သန်းခဲ့ရတဲ့ ပညာနှီးရည် သောက်သုံးခဲ့ကြရတဲ့ အခြေအနေတွေအားလုံးကို မိမိတို့ ဘယ်တော့မှ မေ့နိုင်မှာ မဟုတ်ပါကြောင်း၊ မိမိတို့ရဲ့ နိုင်ငံရေးဘဝတွေကို ပြန်ကြည့်မယ်ဆိုရင်လည်း ရန်ကုန်တက္ကသိုလ်ကပဲ စခဲ့တာဖြစ်ပါကြောင်း၊ ရန်ကုန်တက္ကသိုလ်ဟာ လွတ်လပ်ရေးကြိုးပမ်းမှု၊ နယ်ချဲ့ဆန့်ကျင်မှု၊ ဖက်ဆစ်ဆန့်ကျင်ရေး၊ လွတ်လပ်ရေးနဲ့ တစ်ပါတီအာဏာရှင်စနစ် ပြုတ်ကျရေး၊ နယ်ပယ်အသီးသီးရဲ့ လွတ်လပ်ရေး၊ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်တွေ အားလုံးမှာ ရှေ့တန်းကနေ ပါဝင်ခဲ့တဲ့ အမိတက္ကသိုလ်ကြီးဖြစ်ပါကြောင်း၊ ဒီတက္ကသိုလ်ကြီးရဲ့ ဖြတ်သန်းခဲ့မှုတွေကို မိမိတို့ပြောကြမယ်ဆိုရင် ပြောမကုန်နိုင်အောင် များပြားလှပါကြောင်း၊ ဒါကြောင့် ဒီကနေ့ ကျရောက်တဲ့ ရန်ကုန်တက္ကသိုလ်ရဲ့ နှစ် (၁၀၀) ပြည့်မှာ မိမိတို့အားလုံး ဖြတ်သန်းခဲ့ကြတဲ့ တက္ကသိုလ်ကြီးကို ဂုဏ်ပြုဦးညွှတ်ရင်းနဲ့ အခုရန်ကုန်တက္ကသိုလ်ကြီး နှစ် (၁၀၀) ပြည့်ကနေ ရန်ကုန်တက္ကသိုလ်ကြီး နှစ်ရာထောင်မက အစွန့်ရှည်တည်တံ့ခိုင်မြဲပြီး ပိုမိုတိုးတက်တဲ့ တက္ကသိုလ်ကြီး ဖြစ်စေဖို့အတွက် အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပြီးတော့ ရန်ကုန်တက္ကသိုလ်ကို ပိုမိုကောင်းမွန်တဲ့ တက္ကသိုလ်ကြီးဖြစ်အောင် ဝိုင်းဝန်းကြိုးစား ဆောင်ရွက်နိုင်ကြပါစေလို့ ဆန္ဒပြုပါကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီများအလိုက် လုပ်ငန်းဆောင်ရွက်မှု Video clip ကို ဖွင့်လှစ်ပြသပြီး ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်းက ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀)ပြည့် သုတေသနစာတမ်းဖတ်ပွဲများကျင်းပခဲ့မှု Video Clip ကို ဖွင့်လှစ်ပြသပြီး ဆေးတက္ကသိုလ် (၁) ရန်ကုန် ပါမောက္ခချုပ် ဒေါက်တာဇော်ဝေစိုးက ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားသည်။

**ရသစာတမ်းနှင့် ကဗျာပြိုင်ပွဲကျင်းပမှု**

ယင်းနောက် ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ် ရသစာတမ်းနှင့် ကဗျာပြိုင်ပွဲကျင်းပမှု Video clip ကို ပြသပြီး ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကာ စီးပွားရေးတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာတင်ဝင်းက ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားသည်။

ထို့နောက် ရန်ကုန်တက္ကသိုလ်ဆိုင်ရာ ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲကျင်းပမှု Video Clip ကို ဖွင့်လှစ်ပြသပြီး ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားသည်။

ယင်းနောက် ရန်ကုန်တက္ကသိုလ်ဆိုင်ရာ ဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတို၊ ကာတွန်း၊ ပန်းချီ၊ ဓာတ်ပုံပြိုင်ပွဲဆိုင်ရာ Video Clip ကို ဖွင့်လှစ်ပြသပြီး ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်က ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တက္ကသိုလ်ဆိုင်ရာ တေးသီချင်းအပုဒ်(၁၀၀) တင်ဆက်မှု၊ ရန်ကုန်တက္ကသိုလ်ဆိုင်ရာ မြန်မာ့ရုပ်ရှင်ဇာတ်ကားများနှင့် ဂုဏ်ပြုအစီအစဉ်များ တင်ဆက်မှုဆိုင်ရာ Video Clip ကို ဖွင့်လှစ်ပြသပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားသည်။

ထို့နောက် ရန်ကုန်တက္ကသိုလ် ရာပြည့်သဘင် ဂုဏ်ပြုတက္ကသိုလ်အငြိမ့်အဖွဲ့များ ဖျော်ဖြေမှု Video clip ကို ဖွင့်လှစ်ပြသပြီး ပညာရေးဝန်ကြီးဌာန အဆင့်မြင့် ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းက ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားသည်။

ယင်းနောက် ရန်ကုန်တက္ကသိုလ်ရာပြည့်ဂုဏ်ပြုသီချင်းဖြစ်သည့် "မြကျွန်းညိုညိုတက္ကသိုလ်" သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**




ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင် အထိမ်းအမှတ်အခမ်းအနား ကျင်းပစဉ်။

## ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၃၀ / ၂၀၂၀
၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁ ရက်)

**ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ (ခ)၊ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၄၄ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဃ) တို့ပါ ပြဋ္ဌာန်းချက်များအရ ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဦးမျိုးညွှန့်ကို ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၃၁ / ၂၀၂၀
၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁ ရက်)

**ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဃ)၊ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၄၅ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ (ဃ) တို့ပါ ပြဋ္ဌာန်းချက်များအရ ဒေါ်မိုးမိုးအေးကို ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ရန်ကုန်တက္ကသိုလ်ရာပြည့်အထိမ်းအမှတ် ပြိုင်ပွဲများတွင် ဆုရရှိသူများစာရင်း

| စဉ် | ပြိုင်ပွဲဝင်အမည်/အဖွဲ့ | ပြိုင်ပွဲအမည် | ရရှိသည့်အဆင့် |
|---|---|---|---|
| ၁။ | ဖွန်ကိုဦး(ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်) | ရသစာတမ်း(ဘွဲ့ကြို) | ပထမ |
| ၂။ | အောင်သူရ(မြင်းခြံတက္ကသိုလ်) | ရသစာတမ်း(ဘွဲ့ကြို) | ဒုတိယ |
| ၃။ | စိုးထွဋ်ဦး (မြောင်းမြ ပညာရေးဒီကရီကောလိပ်) | ရသစာတမ်း(ဘွဲ့ကြို) | တတိယ |
| ၄။ | သဲဆုဆုအောင် (ပခုက္ကူတက္ကသိုလ်) | ရသစာတမ်း(ဘွဲ့လွန်) | ပထမ |
| ၅။ | ထွန်းမင်းသိန်း (ရန်ကုန်တက္ကသိုလ်) | ရသစာတမ်း(ဘွဲ့လွန်) | ဒုတိယ |
| ၆။ | စုစန္ဒာထွေး (ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်) | ရသစာတမ်း(ဘွဲ့လွန်) | တတိယ |
| ၇။ | သူရိန်မျိုး (ရန်ကုန်တက္ကသိုလ်) | ကဗျာပြိုင်ပွဲ(ဘွဲ့ကြို) | ပထမ |
| ၈။ | စွမ်းထက်အောင် (ပြည် ပညာရေးဒီကရီကောလိပ်) | ကဗျာပြိုင်ပွဲ(ဘွဲ့ကြို) | ဒုတိယ |
| ၉။ | ကျော်အောင်စိုး (မြိတ်တက္ကသိုလ်) | ကဗျာပြိုင်ပွဲ(ဘွဲ့ကြို) | တတိယ |
| ၁၀။ | ခင်လင်း(ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်) | ကဗျာပြိုင်ပွဲ(ဘွဲ့လွန်) | ပထမ |
| ၁၁။ | နိုင်လင်း (အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်-ရန်ကုန်) | ကဗျာပြိုင်ပွဲ(ဘွဲ့လွန်) | ဒုတိယ |
| ၁၂။ | ကျော်စိုးလင်း (ဒဂုံတက္ကသိုလ်) | ကဗျာပြိုင်ပွဲ(ဘွဲ့လွန်) | တတိယ |
| ၁၃။ | တောင်ငူအဖွဲ့ (ဒဂုံတက္ကသိုလ်) | ဉာဏ်စမ်းပဟေဠိ | ပထမ |
| ၁၄။ | ရာမညအဖွဲ့ (ရန်ကုန်တက္ကသိုလ်) | ဉာဏ်စမ်းပဟေဠိ | ဒုတိယ |
| ၁၅။ | ဒဂုံအဖွဲ့ (ဒဂုံတက္ကသိုလ်) | ဉာဏ်စမ်းပဟေဠိ | တတိယ |
| ၁၆။ | ပဲခူးအဖွဲ့ (ဒဂုံတက္ကသိုလ်) | ဉာဏ်စမ်းပဟေဠိ | နှစ်သိမ့်ဆု |

## ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀)ပြည့်အထိမ်းအမှတ် ရောင်စုံဓာတ်ပုံ၊ ပန်းချီ၊ ကာတွန်း၊ ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတိုပြိုင်ပွဲများ ဆုရရှိသူများစာရင်း

| စဉ် | ပြိုင်ပွဲအမည် | ဆုရရှိသူများ | မှတ်ချက် |
|---|---|---|---|
| ၁ | ရောင်စုံဓာတ်ပုံပြိုင်ပွဲ | **ပထမ** ဌေးဝင်း (ရမ္မာဝတီ)<br>**ဒုတိယ** ဦးထွန်းဝင်းနိုင်<br>**တတိယ** ဦးအောင်မြင့်ထွေး<br>**အထူးဆုများ**<br>■ ပိုင်ဖြိုး (City News)<br>■ ဦးတင်မြင့်<br>■ ဦးကိုကိုထွေး<br>■ မောင်မောင်ညှပ်<br>■ မောင်မောင်ညှပ် | |
| ၂ | ပန်းချီပြိုင်ပွဲ | **ပထမ** ဦးတင်ဝင်း (ကံ့ကော်ရွာတင်ဝင်း)<br>**ဒုတိယ** မဖူးမြတ်သဇင်နိုင်<br>**တတိယ** ဒေါ်ဝါဝါရှိန် (ခင်ယွန်းစံ)<br>**အထူးဆုများ**<br>■ ဦးအောင်မြင့်စိုး (ပန်းချီကိုကိုအောင်)<br>■ ကိုကျော်စွာ (ရွှေရိုးရာ)<br>■ ဦးမင်းစိုး (မင်းစိုး)<br>■ ဦးကျော်မိုးလွင် (ကေမိုးကို)<br>■ ဦးသောင်းထွန်း (သောင်းထွန်း) | |
| ၃ | ကာတွန်းပြိုင်ပွဲ | **ပထမ** ဦးရဲကျော်သူ(ကာတွန်းပေါ်ကာ)<br>**ဒုတိယ** ဦးဇော်မင်း(ကာတွန်းမင်းဇော်ဦး)<br>**တတိယ** ဦးမောင်မောင်လေး(ခ)မင်းငွေလွင်<br>**အထူးဆုများ**<br>■ ဦးသန်းလင်း (ကာတွန်းဆန်းလင်း)<br>■ မောင်ပညာ<br>■ ဒေါ်နီလာမြင့် (နီလာမြင့်- City News)<br>■ ဦးလှထွဋ်ဦး<br>■ ဦးအေးချမ်းအောင် (မော်စီ) | |
| ၄ | ကဗျာပြိုင်ပွဲ | **ပထမ** မောင်ကျော်ဇော(ရှင်မတောင် နံ့သာမြေ)<br>**ဒုတိယ** ချစ်စုအောင်<br>**တတိယ** ရေနံ့သာမောင်ကျော်ညွန့်<br>**အထူးဆုများ**<br>■ သပြေထွန်း<br>■ သက်မွန်(မော်ကျွန်း)<br>■ လှတိုး(ဒသနိက)<br>■ မောင်စုမြင်(ညောင်လေးပင်)<br>■ မင်းသစ်ဝင်း(ကျောက်တံခါး) | |
| ၅ | ဆောင်းပါးပြိုင်ပွဲ | **ပထမ** ဦးတင်ထွန်း (ချယ်ရီမြေမောင်တင်ထွန်း)<br>**ဒုတိယ** ဦးသက်ဦး (သက်ဦးမောင်-မဟာဝိဇ္ဇာ)<br>**တတိယ** ဦးပွင့်သူအောင် (တက္ကသိုလ်ပွင့်သူအောင်)<br>**အထူးဆုများ**<br>■ ဒေါ်သင်းသင်းဇင် (ဇင်-ရန်ကုန်တက္ကသိုလ်)<br>■ ဦးစိန်ဝင်း (ပန်းမြိုင်လယ်စိန်ဝင်း-ဥပဒေ)<br>■ ဦးညွန့်မောင် (မိုးမင်းဇော်)<br>■ ဦးဇော်လွင်ဦး (ကိုတူး-သာယာမြိုင်)<br>■ ဦးထိန်လင်း (လင်းအရုဏ်ဦး-ပဲခူး) | |
| ၆ | ဝတ္ထုတိုပြိုင်ပွဲ | **ပထမ** ဦးမင်းသိန်းမွန် (အောင်ဟိတ်)<br>**ဒုတိယ** မောင်ဝေယံမောင်မောင် (ကောလိယဝေယံမောင်မောင်)<br>**တတိယ** ဦးမြင့်သိန်း (ထွန်းနိုင်)<br>**အထူးဆုများ**<br>■ ဦးဝင်းသိန်း (ကျောင်းဆရာကိုကိုဝင်း-ပျဉ်းမနား)<br>■ ဒေါ်သင်းသင်းဇင် (ဇင်-ရန်ကုန်တက္ကသိုလ်)<br>■ ဒေါ်အေးအေးဟန် (ခင်အေးအေးဟန်)<br>■ ဦးစိန်လှအောင် (စိန်လှအောင်-မြန်မာစာ)<br>■ ဒေါ်ခင်အုန်းမြင့် (နန္ဒာခင်-သက္ကလမြေ) | |

**မှတ်ချက်။** ပြိုင်ပွဲတစ်ခုစီတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆု(၅)ဆု၊ စုစုပေါင်း ဆု(၈)ဆုစီဖြစ်ပါသည်။

# တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပြည်သူ့လွှတ်တော် ဆန္ဒမဲရရှိမှုအခြေအနေ (၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲ)

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မဲဆန္ဒရှင်ဦးရေ | မဲပေးသူဦးရေ | | | မဲပေးသူ ရာခိုင်နှုန်း | ပယ်မဲ/ပျောက်မဲအရေအတွက် | | | ရရှိသည့်ခိုင်လုံမဲ | | | ခိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | မဲရုံမဲ | ကြိုတင်မဲ | ပေါင်း | | ပယ် | ပျောက် | ပေါင်း | မဲရုံမဲ | ကြိုတင်မဲ | ပေါင်း | |
| ၁ | ကချင် | ၁၁၅၀၄၀၇ | ၅၉၇၈၅၆ | ၁၆၃၉၉၄ | ၇၆၁၈၅၀ | ၆၆.၂၂ | ၃၀၀၇၇ | ၂၅၉ | ၃၀၃၃၆ | ၅၇၂၃၀၂ | ၁၅၉၂၁၂ | ၇၃၁၅၁၄ | ၉၆.၀၂ % |
| ၂ | ကယား | ၂၁၂၉၁၆ | ၁၂၈၇၀၀ | ၃၄၁၅၇ | ၁၆၂၈၅၇ | ၇၆.၄၉ | ၈၂၁၈ | ၉၂ | ၈၃၁၀ | ၁၂၁၀၂၃ | ၃၃၅၂၄ | ၁၅၄၅၄၇ | ၉၄.၉၀ % |
| ၃ | ကရင် | ၁၂၃၆၈၃၈ | ၄၇၅၉၂၈ | ၁၈၅၇၇၀ | ၆၆၁၆၉၈ | ၅၃.၅၀ | ၃၇၂၈၇ | ၁၈၅၄ | ၃၉၁၄၁ | ၄၄၄၅၂၆ | ၁၇၈၀၃၁ | ၆၂၂၅၅၇ | ၉၄.၀၈ % |
| ၄ | ချင်း | ၂၈၆၃၀၈ | ၁၇၉၅၁၁ | ၄၃၃၉၄ | ၂၂၂၉၀၅ | ၇၇.၈၅ | ၇၈၄၁ | ၉၀ | ၇၉၃၁ | ၁၇၂၇၃၇ | ၄၂၂၃၇ | ၂၁၄၉၇၄ | ၉၆.၄၄ % |
| ၅ | စစ်ကိုင်း | ၄၃၀၅၄၀၃ | ၂၆၅၀၀၉၄ | ၇၃၃၀၈၉ | ၃၃၈၃၁၈၃ | ၇၈.၅၈ | ၆၉၄၀၃ | ၉၀၃၇ | ၇၈၄၄၀ | ၂၅၈၁၄၉၈ | ၇၂၃၂၄၅ | ၃၃၀၄၇၄၃ | ၉၇.၆၈ % |
| ၆ | တနင်္သာရီ | ၁၁၉၁၈၉၀ | ၆၂၄၆၄၆ | ၁၆၈၀၇၉ | ၇၉၂၇၂၅ | ၆၆.၅၁ | ၃၀၄၄၅ | ၇၀၅ | ၃၁၁၅၀ | ၅၉၇၇၈၈ | ၁၆၃၇၈၇ | ၇၆၁၅၇၅ | ၉၆.၀၇ % |
| ၇ | ပဲခူး | ၃၉၅၁၆၃၇ | ၂၁၈၀၅၁၃ | ၆၅၈၈၅၇ | ၂၈၃၉၃၇၀ | ၇၁.၈၅ | ၇၁၀၂၉ | ၁၈၈၈ | ၇၂၉၁၇ | ၂၁၁၇၈၂၇ | ၆၄၈၆၂၆ | ၂၇၆၆၄၅၃ | ၉၇.၄၃ % |
| ၈ | မကွေး | ၃၃၁၀၁၃၂ | ၂၀၅၀၆၈၉ | ၅၂၆၈၇၁ | ၂၅၇၇၅၆၀ | ၇၇.၈၇ | ၅၅၇၁၀ | ၃၁၁၁ | ၅၈၈၂၁ | ၂၀၀၂၈၄၅ | ၅၁၅၈၉၄ | ၂၅၁၈၇၃၉ | ၉၇.၇၂ % |
| ၉ | မန္တလေး | ၅၈၄၇၆၉၇ | ၃၆၈၈၈၆၀ | ၈၇၂၅၂၈ | ၄၅၆၁၃၈၈ | ၇၈.၀၀ | ၁၀၅၂၈၉ | ၃၈၁၈ | ၁၀၉၁၀၇ | ၃၅၈၉၉၀၇ | ၈၆၂၃၇၄ | ၄၄၅၂၂၈၁ | ၉၇.၆၁ % |
| ၁၀ | မွန် | ၁၈၄၇၇၈၀ | ၇၈၆၁၉၂ | ၂၈၂၃၃၃ | ၁၀၆၈၅၂၅ | ၅၇.၈၃ | ၄၁၃၁၄ | ၃၁၄၁ | ၄၄၄၅၅ | ၇၄၇၈၉၆ | ၂၇၆၁၇၄ | ၁၀၂၄၀၇၀ | ၉၅.၈၄ % |
| ၁၁ | ရခိုင် | ၄၇၇၉၅၇ | ၂၅၀၉၂၉ | ၇၈၃၃၅ | ၃၂၉၂၆၄ | ၆၈.၈၉ | ၁၅၉၉၄ | ၅၈၀ | ၁၆၅၇၄ | ၂၃၅၂၄၅ | ၇၇၄၄၅ | ၃၁၂၆၉၀ | ၉၄.၉၇ % |
| ၁၂ | ရန်ကုန် | ၆၁၃၇၀၄၇ | ၃၃၂၅၆၂၂ | ၈၆၂၆၂၇ | ၄၁၈၈၂၄၉ | ၆၈.၂၅ | ၈၇၄၆၁ | ၅၆၀၈ | ၉၃၀၆၉ | ၃၂၄၀၀၃၃ | ၈၅၅၁၄၇ | ၄၀၉၅၁၈၀ | ၉၇.၇၈ % |
| ၁၃ | ရှမ်း | ၃၆၃၄၂၈၃ | ၁၉၄၈၁၃၄ | ၄၇၃၀၃၄ | ၂၄၂၁၁၄၈ | ၆၆.၆၃ | ၁၄၃၃၈၆ | ၃၇၃၃ | ၁၄၇၁၁၉ | ၁၈၀၄၈၇၀ | ၄၅၉၃၅၉ | ၂၂၇၄၂၂၉ | ၉၃.၉၂ % |
| ၁၄ | ဧရာဝတီ | ၄၆၈၁၁၅၂ | ၂၇၄၀၅၈၁ | ၈၀၀၃၅၂ | ၃၅၄၀၉၃၃ | ၇၅.၆၆ | ၁၀၂၉၆၉ | ၂၈၀၀ | ၁၀၅၈၄၉ | ၂၆၄၂၁၆၁ | ၇၉၃၉၂၃ | ၃၄၃၆၀၈၄ | ၉၇.၀၁ % |
| | စုစုပေါင်း | ၃၈၂၇၁၄၄၇ | ၂၁၆၂၈၄၃၅ | ၅၈၈၄၄၂၀ | ၂၇၅၁၂၈၅၅ | ၇၁.၈၉ | ၈၀၆၄၂၃ | ၃၆၇၉၆ | ၈၄၃၂၁၉ | ၂၀၈၈၀၆၅၈ | ၅၇၈၈၉၇၈ | ၂၆၆၆၉၆၃၆ | ၉၆.၉၄ % |

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းစီ၏ ဆန္ဒမဲရရှိမှုအခြေအနေ (၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲ)

| စဉ် | မဲဆန္ဒနယ် | မဲဆန္ဒရှင် ဦးရေ | မဲပေးသူဦးရေ | | | မဲပေးသူ ရာခိုင်နှုန်း | ပယ်မဲ/ ပျောက်မဲအရေအတွက် | | | ကိုယ်စားလှယ်လောင်း အမည် | ပါတီ/ တစ်သီးပုဂ္ဂလ | ရရှိသည့်ခိုင်လုံမဲ | | | ခိုင်လုံမဲ ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | မဲရုံမဲ | ကြိုတင်မဲ | ပေါင်း | | ပယ် | ပျောက် | ပေါင်း | | | မဲရုံမဲ | ကြိုတင်မဲ | ပေါင်း | | |
| | ကချင်ပြည်နယ် | ၁၁၅၀၄၀၇ | ၅၉၇၈၅၆ | ၁၆၃၉၉၄ | ၇၆၁၈၅၀ | ၆၆.၂၂ | ၃၀၀၇၇ | ၂၅၉ | ၃၀၃၃၆ | | | ၅၇၂၃၀၂ | ၁၅၉၂၁၂ | ၇၃၁၅၁၄ | | |
| ၁ | ခေါင်လန်ဖူးမဲဆန္ဒနယ် | ၈၉၀၉ | ၆၃၈၂ | ၉၄၈ | ၇၃၃၀ | ၈၂.၂၈ | ၁၂၃ | ၁ | ၁၂၄ | | | ၆၂၆၈ | ၉၃၈ | ၇၂၀၆ | | |
| | | | | | | | | | | ဦးဆင်ဆုန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၆၃၇ | ၄၉၃ | ၃၁၃၀ | ၄၃.၄၄ % | |
| | | | | | | | | | | ဦးငွါးဇာဒီး | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၄၅၀ | ၁၂၇ | ၁၅၇၇ | ၂၁.၈၈ % | |
| | | | | | | | | | | ဦးအာမိုးဆီ | တစ်သီးပုဂ္ဂလ | ၈၈၂ | ၁၃၂ | ၁၀၁၄ | ၁၄.၀၇ % | |
| | | | | | | | | | | ဦးအားခီဆာ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၇၉၀ | ၁၄၇ | ၉၃၇ | ၁၃.၀၀ % | |
| | | | | | | | | | | ဒေါ်ဆာလီထွေ | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၄၀၇ | ၂၉ | ၄၃၆ | ၆.၀၅ % | |
| | | | | | | | | | | ဦးခင်လဲဖုန် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၀၂ | ၁၀ | ၁၁၂ | ၁.၅၆ % | |
| ၂ | ဆွမ်ပရာဘွမ်မဲဆန္ဒနယ် | ၂၇၈၆ | ၁၆၂၅ | ၈၄၆ | ၂၄၇၁ | ၈၈.၆၉ | ၁၁၂ | - | ၁၁၂ | | | ၁၅၄၂ | ၈၁၇ | ၂၃၅၉ | | |
| | | | | | | | | | | ဒေါ်လရှန်ဘန်ထွယ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၄၆ | ၄၁၀ | ၈၅၆ | ၃၆.၂၉ % | |
| | | | | | | | | | | ဦးကွမ်ဂေါင်အောင်ခမ်း | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၅၆၂ | ၂၂၅ | ၇၈၇ | ၃၃.၃၆ % | |
| | | | | | | | | | | ဦးလောဒ်ထွယ်(ခ) ဦးလောက်ထွယ် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၅၃၄ | ၁၈၂ | ၇၁၆ | ၃၀.၃၅ % | |
| ၃ | နောင်မွန်းမဲဆန္ဒနယ် | ၄၈၉၉ | ၃၇၁၃ | ၆၅၅ | ၄၃၆၈ | ၈၉.၁၆ | ၈၈ | - | ၈၈ | | | ၃၆၃၈ | ၆၄၂ | ၄၂၈၀ | | |
| | | | | | | | | | | ဦးရယ်ဒမ်းတန် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၈၆၆ | ၃၆၈ | ၂၂၃၄ | ၅၂.၂၀ % | |
| | | | | | | | | | | ဦးတန်ရှင်တန် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁၅၇၁ | ၂၁၁ | ၁၇၈၂ | ၄၁.၆၃ % | |
| | | | | | | | | | | ဦးတူးရော် | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၂၀၁ | ၆၃ | ၂၆၄ | ၆.၁၇ % | |
| ၄ | ပူတာအိုမဲဆန္ဒနယ် | ၃၉၂၆၈ | ၂၃၄၁၄ | ၇၃၉၃ | ၃၀၈၀၇ | ၇၈.၄၅ | ၁၁၃၃ | ၁၀ | ၁၁၄၃ | | | ၂၂၄၇၁ | ၇၁၉၃ | ၂၉၆၆၄ | | |
| | | | | | | | | | | ဦးမိုးရွှေ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၉၅၈၀ | ၂၄၄၅ | ၁၂၀၂၅ | ၄၀.၅၄ % | |
| | | | | | | | | | | ဦးရားနီ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၃၄၆ | ၁၈၆၁ | ၆၂၀၇ | ၂၀.၉၂ % | |
| | | | | | | | | | | ဦးဆမ်ဘုံဆင် | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၂၇၉၇ | ၉၂၉ | ၃၇၂၆ | ၁၂.၅၆ % | |
| | | | | | | | | | | ဦးဒိန်ခန်ဒါဝိ | ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ | ၂၁၄၅ | ၁၀၀၁ | ၃၁၄၆ | ၁၀.၆၁ % | |
| | | | | | | | | | | ဦးရီးလီဝူ(ခ)အားယော် | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၉၉၄ | ၄၇၂ | ၂၄၆၆ | ၈.၃၁ % | |
| | | | | | | | | | | ဦးကျော်ဆာ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၁၉၄ | ၃၂၃ | ၁၅၁၇ | ၅.၁၁ % | |
| | | | | | | | | | | ဦးခင်လွမ်းဆားရ်ရမ် | ကချင်အမျိုးသားကွန်ဂရက်ပါတီ | ၄၁၅ | ၁၆၂ | ၅၇၇ | ၁.၉၅ % | |

(ဆက်လက်ဖော်ပြပါမည်)

# တိုင်းဒေသကြီး/ ပြည်နယ်အလိုက် အမျိုးသားလွှတ်တော် ဆန္ဒမဲရရှိမှုအခြေအနေ (၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲ)

| စဉ် | တိုင်း/ ပြည်နယ် | မဲဆန္ဒရှင်ဦးရေ | မဲပေးသူဦးရေ | | | ရာခိုင်နှုန်း | ပယ်မဲ/ ပျောက်မဲအရေအတွက် | | | ရရှိသည့်နိုင်လုံမဲ | | | နိုင်လုံမဲရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | မဲရုံမဲ | ကြိုတင်မဲ | ပေါင်း | | ပယ် | ပျောက် | ပေါင်း | မဲရုံမဲ | ကြိုတင်မဲ | ပေါင်း | |
| ၁ | ကချင်ပြည်နယ် | ၁၁၅၀၄၀၇ | ၅၉၆၅၁၀ | ၁၆၃၈၅၆ | ၇၆၀၃၆၆ | ၆၆.၁၀ | ၂၃၅၂၀ | ၂၂၉ | ၂၃၇၄၉ | ၅၇၇၃၇၀ | ၁၅၉၂၄၇ | ၇၃၆၆၁၇ | ၉၆.၈၈% |
| ၂ | ကယားပြည်နယ် | ၂၁၂၉၁၆ | ၁၂၈၄၆၄ | ၃၄၃၅၇ | ၁၆၂၈၂၁ | ၇၆.၄၇ | ၆၄၆၅ | ၉၉ | ၆၅၆၄ | ၁၂၂၄၉၂ | ၃၃၇၆၅ | ၁၅၆၂၅၇ | ၉၅.၉၇% |
| ၃ | ကရင်ပြည်နယ် | ၁၂၃၆၈၃၈ | ၄၇၅၂၄၂ | ၁၈၃၀၂၁ | ၆၅၈၂၆၃ | ၅၃.၂၂ | ၃၁၃၀၅ | ၄၂၉၇ | ၃၅၆၀၂ | ၄၄၉၁၁၆ | ၁၇၃၅၄၅ | ၆၂၂၆၆၁ | ၉၄.၅၉% |
| ၄ | ချင်းပြည်နယ် | ၂၈၆၃၀၈ | ၁၈၀၀၂၁ | ၄၂၉၉၇ | ၂၂၃၀၁၈ | ၇၇.၈၉ | ၆၅၇၉ | ၆၂ | ၆၆၄၁ | ၁၇၄၁၁၆ | ၄၂၂၆၁ | ၂၁၆၃၇၇ | ၉၇.၀၂% |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၄၃၀၅၄၀၃ | ၂၆၆၂၁၈၉ | ၇၂၀၈၇၂ | ၃၃၈၃၀၆၁ | ၇၈.၅၈ | ၁၀၆၈၃၉ | ၄၅၄၆ | ၁၁၁၃၈၅ | ၂၅၅၅၉၉၉ | ၇၁၅၆၇၇ | ၃၂၇၁၆၇၆ | ၉၆.၇၁% |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၁၁၉၁၈၉၀ | ၆၂၂၈၁၁ | ၁၆၇၅၁၆ | ၇၉၀၃၂၇ | ၆၆.၃၁ | ၂၄၄၁၉ | ၈၀၇ | ၂၅၂၂၆ | ၆၀၁၀၄၅ | ၁၆၄၀၅၆ | ၇၆၅၁၀၁ | ၉၆.၈၁% |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၃၉၅၁၆၃၇ | ၂၁၈၀၅၆၀ | ၆၅၈၃၈၆ | ၂၈၃၈၉၄၆ | ၇၁.၈၄ | ၆၃၉၈၆ | ၂၁၃၀ | ၆၆၁၁၆ | ၂၁၂၃၅၉၇ | ၆၄၉၂၃၃ | ၂၇၇၂၈၃၀ | ၉၇.၆၇% |
| ၈ | မကွေးတိုင်းဒေသကြီး | ၃၃၁၀၁၃၂ | ၂၀၄၉၃၁၀ | ၅၂၇၂၄၇ | ၂၅၇၆၅၅၇ | ၇၇.၈၄ | ၅၀၁၆၈ | ၃၃၃၆ | ၅၃၅၀၄ | ၂၀၀၆၇၂၂ | ၅၁၆၃၃၁ | ၂၅၂၃၀၅၃ | ၉၇.၉၂% |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၅၈၄၇၆၉၇ | ၃၇၀၀၅၇၉ | ၈၅၆၃၃၁ | ၄၅၅၆၉၁၀ | ၇၇.၉၃ | ၈၉၂၅၅ | ၃၇၁၆ | ၉၂၉၇၁ | ၃၆၁၆၈၁၉ | ၈၄၇၁၂၀ | ၄၄၆၃၉၃၉ | ၉၇.၉၆% |
| ၁၀ | မွန်ပြည်နယ် | ၁၈၄၇၇၈၀ | ၇၈၅၁၄၀ | ၂၈၂၇၁၅ | ၁၀၆၇၈၅၅ | ၅၇.၇၉ | ၃၂၆၂၅ | ၃၈၃၁ | ၃၆၄၅၆ | ၇၅၃၇၇၇ | ၂၇၇၆၂၂ | ၁၀၃၁၃၉၉ | ၉၆.၅၉% |
| ၁၁ | ရခိုင်ပြည်နယ် | ၄၇၇၉၅၇ | ၂၅၁၂၄၃ | ၇၈၂၇၇ | ၃၂၉၅၂၀ | ၆၈.၉၄ | ၁၃၂၂၇ | ၇၂၁ | ၁၃၉၄၈ | ၂၃၈၂၀၃ | ၇၇၃၆၉ | ၃၁၅၅၇၂ | ၉၅.၇၇% |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၆၁၃၇၀၄၇ | ၃၃၂၀၂၁၁ | ၈၆၃၄၀၂ | ၄၁၈၃၆၁၃ | ၆၈.၁၇ | ၆၅၇၀၉ | ၆၀၈၂ | ၇၁၇၉၁ | ၃၂၅၄၆၆၄ | ၈၅၇၁၅၈ | ၄၁၁၁၈၂၂ | ၉၈.၂၈% |
| ၁၃ | ရှမ်းပြည်နယ် | ၃၆၃၄၂၈၃ | ၁၉၄၅၃၈၉ | ၄၇၄၆၂၀ | ၂၄၂၀၀၀၉ | ၆၆.၅၉ | ၁၂၇၃၃၃ | ၃၂၆၂ | ၁၃၀၅၉၅ | ၁၈၃၀၈၀၁ | ၄၅၈၆၁၃ | ၂၂၈၉၄၁၄ | ၉၄.၆၀% |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၄၆၈၁၁၅၂ | ၂၇၄၁၈၉၃ | ၈၀၂၃၉၆ | ၃၅၄၄၂၈၉ | ၇၅.၇၁ | ၈၈၈၂၄ | ၂၀၂၅ | ၉၀၈၄၉ | ၂၆၅၈၂၇၇ | ၇၉၅၁၆၃ | ၃၄၅၃၄၄၀ | ၉၇.၄၄% |
| | စုစုပေါင်း | ၃၈၂၇၁၄၄၇ | ၂၁၆၃၉၅၆၂ | ၅၈၅၅၉၉၃ | ၂၇၄၉၅၅၅၅ | ၇၁.၈၄ | ၇၃၀၂၅၄ | ၃၅၁၄၃ | ၇၆၅၃၉၇ | ၂၀၉၆၂၉၉၈ | ၅၇၆၇၁၆၀ | ၂၆၇၃၀၁၅၈ | ၉၇.၂၂% |

# အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းစီ၏ ဆန္ဒမဲရရှိမှုအခြေအနေ (၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲ)

| စဉ် | မဲဆန္ဒနယ် | မဲဆန္ဒရှင်ဦးရေ | မဲပေးသူဦးရေ | | | မဲပေးသူရာခိုင်နှုန်း | ပယ်မဲ/ပျောက်မဲအရေအတွက် | | | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/ တစ်သီးပုဂ္ဂလ | ရရှိသည့်နိုင်လုံမဲ | | | နိုင်လုံမဲရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | မဲရုံမဲ | ကြိုတင်မဲ | ပေါင်း | | ပယ် | ပျောက် | ပေါင်း | | | မဲရုံမဲ | ကြိုတင်မဲ | ပေါင်း | |
| | ကချင်ပြည်နယ် | ၁၁၅၀၄၀၇ | ၅၉၆၅၁၀ | ၁၆၃၈၅၆ | ၇၆၀၃၆၆ | ၆၆.၁၀ | ၂၃၅၂၀ | ၂၂၉ | ၂၃၇၄၉ | | | ၅၇၇၃၇၀ | ၁၅၉၂၄၇ | ၇၃၆၆၁၇ | |
| ၁ | မဲဆန္ဒနယ်အမှတ်(၁) | ၆၁၇၆၄ | ၃၈၈၀၄ | ၁၁၁၃၇ | ၄၉၉၄၁ | ၈၀.၈၆ | ၁၃၈၀ | ၉ | ၁၃၈၉ | | | ၃၇၆၈၈ | ၁၀၈၆၄ | ၄၈၅၅၂ | |
| | | | | | | | | | | ဦးရခွီဖုန်(RAKWI PUNG) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၁၀၅၂၃ | ၃၉၇၃ | ၁၄၄၉၆ | ၂၉.၈၆% |
| | | | | | | | | | | ဦးငွါးဆီယော် | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ | ၁၁၄၅၄ | ၂၇၇၂ | ၁၄၂၂၆ | ၂၉.၃၀% |
| | | | | | | | | | | ဦးကရိုးလရိန် | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၆၈၄၂ | ၂၀၃၆ | ၈၈၇၈ | ၁၈.၂၉% |
| | | | | | | | | | | ဦးဂျေယောဝူ | တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ | ၄၈၇၃ | ၁၃၆၆ | ၆၂၃၉ | ၁၂.၈၅% |
| | | | | | | | | | | ဦးငွါးကျော်ဆာ | လီဆူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၉၉၆ | ၇၁၇ | ၄၇၁၃ | ၉.၇၀% |
| ၂ | မဲဆန္ဒနယ်အမှတ်(၂) | ၉၄၂၄၄ | ၅၂၂၁၄ | ၁၈၈၉၁ | ၇၁၁၀၅ | ၇၅.၄၅ | ၁၆၆၉ | ၁၆ | ၁၆၈၅ | | | ၅၀၈၅၇ | ၁၈၅၆၃ | ၆၉၄၂၀ | |
| | | | | | | | | | | ဦးသိန်းလွင် | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ | ၂၈၅၂၄ | ၉၄၂၀ | ၃၇၉၄၄ | ၅၄.၆၆% |
| | | | | | | | | | | ဦးသက်ဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၁၁၇၈၁ | ၅၀၅၆ | ၁၆၈၃၇ | ၂၄.၂၅% |
| | | | | | | | | | | ဦးမလန်မွန်းရှောင် | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၃၈၅၃ | ၁၆၆၅ | ၅၅၁၈ | ၇.၉၅% |
| | | | | | | | | | | ဦးကျော်ဝင်း | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၀၉၅ | ၁၀၆၄ | ၄၁၅၉ | ၆.၀၀% |
| | | | | | | | | | | ဦးပေါင်းခမ်း | ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ | ၂၆၈၃ | ၈၄၄ | ၃၅၂၇ | ၅.၀၈% |
| | | | | | | | | | | ဦးဇော်ဇော် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၇၉ | ၂၉၁ | ၈၇၀ | ၁.၂၅% |
| | | | | | | | | | | ဦးကျော်သူဆွေ | ပြည်ထောင်စု ကောင်းကျိုးဆောင်ပါတီ | ၃၄၂ | ၂၂၃ | ၅၆၅ | ၀.၈၁% |
| ၃ | မဲဆန္ဒနယ်အမှတ်(၃) | ၁၀၈၂၆၉ | ၆၅၂၇၁ | ၁၈၂၃၆ | ၈၃၅၀၇ | ၇၇.၁၃ | ၅၂၉၆ | ၃၂ | ၅၃၂၈ | | | ၆၁၀၈၈ | ၁၇၀၉၁ | ၇၈၁၇၉ | |
| | | | | | | | | | | ဦးစိုးနိုင်ကျော် | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ | ၃၃၄၉၉ | ၈၀၀၂ | ၄၁၅၀၁ | ၅၃.၀၈% |
| | | | | | | | | | | ဦးကျော်ဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၁၆၈၃၀ | ၅၈၃၈ | ၂၂၆၆၈ | ၂၉.၀၀% |
| | | | | | | | | | | ဒေါ် Lကိုင်ရော် | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၄၉၇၆ | ၁၃၀၂ | ၆၂၇၈ | ၈.၀၃% |
| | | | | | | | | | | ဦးအောင်ဝင်း | ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ | ၃၄၄၇ | ၇၉၁ | ၄၂၃၈ | ၅.၄၂% |
| | | | | | | | | | | ဦးမျိုးထွဋ်အုန်း | ပြည်ထောင်စု ကောင်းကျိုးဆောင်ပါတီ | ၁၂၆၀ | ၅၂၃ | ၁၇၈၃ | ၂.၂၈% |
| | | | | | | | | | | ဦးမြင့်ရွှေ | တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ | ၁၀၇၆ | ၆၃၅ | ၁၇၁၁ | ၂.၁၉% |

(ဆက်လက်ဖော်ပြပါမည်)

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဆန္ဒမဲရရှိမှုအခြေအနေ (၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲ)

| စဉ် | မဲဆန္ဒနယ်အမည် | မဲဆန္ဒရှင်ဦးရေ | မဲပေးသူဦးရေ | | | မဲပေးသူ ရာခိုင်နှုန်း | ပယ်မဲ/ပျောက်မဲ အရေအတွက် | | | ရရှိသည့် ခိုင်လုံမဲ | | | ခိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | မဲရုံမဲ | ကြိုတင်မဲ | ပေါင်း | | ပယ်မဲ | ပျောက်မဲ | ပေါင်း | မဲရုံမဲ | ကြိုတင်မဲ | ပေါင်း | |
| ၁ | ကချင်ပြည်နယ် | ၁၁၅၀၄၀၇ | ၅၉၆၇၃၉ | ၁၆၃၈၂၈ | ၇၆၀၅၆၇ | ၆၆.၁၁ | ၁၉၇၇၅ | ၂၃၃ | ၂၀၀၀၈ | ၅၈၀၆၆၆ | ၁၅၉၈၉၃ | ၇၄၀၅၅၉ | ၉၇.၃၇ % |
| ၂ | ကယားပြည်နယ် | ၂၁၂၉၁၆ | ၁၂၈၆၅၅ | ၃၄၁၆၉ | ၁၆၂၈၂၄ | ၇၆.၄၇ | ၆၁၇၄ | ၁၀၁ | ၆၂၇၅ | ၁၂၃၀၃၆ | ၃၃၅၁၃ | ၁၅၆၅၄၉ | ၉၆.၁၅ % |
| ၃ | ကရင်ပြည်နယ် | ၁၂၃၆၈၃၈ | ၄၇၄၀၄၅ | ၁၈၃၆၉၄ | ၆၅၇၇၃၉ | ၅၃.၁၈ | ၂၉၁၂၆ | ၁၃၇၉ | ၃၀၅၀၅ | ၄၅၀၃၉၇ | ၁၇၆၈၃၇ | ၆၂၇၂၃၄ | ၉၅.၃၆ % |
| ၄ | ချင်းပြည်နယ် | ၂၈၆၃၀၈ | ၁၇၉၄၆၀ | ၄၃၃၂၉ | ၂၂၂၇၈၉ | ၇၇.၈၁ | ၆၂၀၀ | ၁၀၂ | ၆၃၀၂ | ၁၇၄၁၄၉ | ၄၂၃၃၈ | ၂၁၆၄၈၇ | ၉၇.၁၇ % |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၄၃၀၅၄၀၃ | ၂၆၅၄၇၄၈ | ၇၂၈၅၃၀ | ၃၃၈၃၂၇၈ | ၇၈.၅၈ | ၆၁၃၈၁ | ၅၃၃၄ | ၆၆၇၁၅ | ၂၅၉၃၇၈၃ | ၇၂၂၇၈၀ | ၃၃၁၆၅၆၃ | ၉၈.၀၃ % |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၁၁၉၁၈၉၀ | ၆၂၂၀၀၂ | ၁၆၉၀၀၀ | ၇၉၁၀၀၂ | ၆၆.၃၇ | ၂၀၃၄၃ | ၇၄၃ | ၂၁၀၈၆ | ၆၀၅၀၃၆ | ၁၆၄၈၈၀ | ၇၆၉၉၁၆ | ၉၇.၃၃ % |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၃၉၅၁၆၃၇ | ၂၁၈၁၉၅၁ | ၆၅၇၅၉၂ | ၂၈၃၉၅၄၃ | ၇၁.၈၆ | ၅၅၂၃၇ | ၂၃၈၅ | ၅၇၆၂၂ | ၂၁၃၁၈၀၂ | ၆၅၀၁၁၉ | ၂၇၈၁၉၂၁ | ၉၇.၉၇ % |
| ၈ | မကွေးတိုင်းဒေသကြီး | ၃၃၁၀၁၃၂ | ၂၀၄၈၂၄၇ | ၅၂၇၄၅၃ | ၂၅၇၅၇၀၀ | ၇၇.၈၁ | ၄၃၈၀၃ | ၃၂၉၀ | ၄၇၀၉၃ | ၂၀၁၁၉၅၄ | ၅၁၆၆၅၃ | ၂၅၂၈၆၀၇ | ၉၈.၁၇ % |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၄၉၄၁၄၇၁ | ၃၁၅၆၂၂၅ | ၇၀၇၇၆၈ | ၃၈၆၃၉၉၃ | ၇၈.၂၀ | ၆၂၂၇၅ | ၃၃၃၁ | ၆၅၆၀၆ | ၃၀၉၉၈၂၄ | ၆၉၈၅၆၃ | ၃၇၉၈၃၈၇ | ၉၈.၃၀ % |
| ၁၀ | မွန်ပြည်နယ် | ၁၈၄၇၇၈၀ | ၇၈၆၈၄၅ | ၂၈၂၀၁၁ | ၁၀၆၈၈၅၆ | ၅၇.၈၅ | ၂၉၉၃၅ | ၃၀၁၄ | ၃၂၉၄၉ | ၇၅၈၄၇၆ | ၂၇၇၄၃၁ | ၁၀၃၅၉၀၇ | ၉၆.၉၂ % |
| ၁၁ | ရခိုင်ပြည်နယ် | ၄၇၇၉၅၇ | ၂၅၁၄၀၂ | ၇၈၅၅၈ | ၃၂၉၉၆၀ | ၆၉.၀၄ | ၁၂၅၅၀ | ၂၄၉ | ၁၂၇၉၉ | ၂၃၉၅၂၈ | ၇၇၆၃၃ | ၃၁၇၁၆၁ | ၉၆.၁၂ % |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၆၁၃၇၀၄၇ | ၃၃၂၂၃၁၀ | ၈၆၅၈၈၄ | ၄၁၈၈၁၉၄ | ၆၈.၂၄ | ၆၁၉၂၄ | ၅၇၀၂ | ၆၇၆၂၆ | ၃၂၆၄၁၉၇ | ၈၅၆၃၇၁ | ၄၁၂၀၅၆၈ | ၉၈.၃၉ % |
| ၁၃ | ရှမ်းပြည်နယ် | ၃၆၃၄၂၈၃ | ၁၉၄၈၄၃၅ | ၄၇၄၃၇၆ | ၂၄၂၂၈၁၁ | ၆၆.၆၇ | ၁၁၂၇၁၂ | ၃၉၂၂ | ၁၁၆၆၃၄ | ၁၈၄၇၆၅၀ | ၄၅၈၅၂၇ | ၂၃၀၆၁၇၇ | ၉၅.၁၉ % |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၄၆၈၁၁၅၂ | ၂၇၃၉၄၇၅ | ၈၀၄၁၈၆ | ၃၅၄၃၆၆၁ | ၇၅.၇၀ | ၇၇၀၉၆ | ၁၃၂၇ | ၇၈၄၂၃ | ၂၆၆၉၄၃၀ | ၇၉၅၈၀၈ | ၃၄၆၅၂၃၈ | ၉၇.၇၉ % |
| | စုစုပေါင်း | ၃၇၃၃၆၅၂၂ | ၂၁၀၉၀၅၃၉ | ၅၇၂၀၃၇၈ | ၂၆၈၁၀၉၁၇ | ၇၁.၇၅ | ၅၉၈၅၁၀ | ၃၁၁၁၂ | ၆၂၉၆၄၃ | ၂၀၅၄၉၉၂၈ | ၅၆၃၁၁၄၆ | ၂၆၁၈၁၂၇၄ | ၉၇.၆၅ % |

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းစီအလိုက် ဆန္ဒမဲရရှိမှုအခြေအနေ (၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲ)

| စဉ် | မဲဆန္ဒနယ်အမည် | မဲဆန္ဒရှင် ဦးရေ | မဲပေးသူဦးရေ | | | မဲပေးသူ ရာခိုင်နှုန်း | ပယ်မဲ/ပျောက်မဲ အရေအတွက် | | | ကိုယ်စားလှယ်လောင်း အမည် | ပါတီ/တစ်သီးပုဂ္ဂလ | ရရှိသည့် ခိုင်လုံမဲ | | | ခိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | မဲရုံမဲ | ကြိုတင်မဲ | ပေါင်း | | ပယ်မဲ | ပျောက်မဲ | ပေါင်း | | | မဲရုံမဲ | ကြိုတင်မဲ | ပေါင်း | |
| | ကချင်ပြည်နယ် | ၁၁၅၀၄၀၇ | ၅၉၆၇၃၉ | ၁၆၃၈၂၈ | ၇၆၀၅၆၇ | ၆၆.၁၁ | ၁၉၇၇၅ | ၂၃၃ | ၂၀၀၀၈ | | | ၅၈၀၆၆၆ | ၁၅၉၈၉၃ | ၇၄၀၅၅၉ | |
| ၁ | ခေါင်လန်ဖူးမြို့နယ် (၁) | ၄၅၅၉ | ၃၂၅၈ | ၆၇၈ | ၃၉၃၆ | ၈၆.၃၃ | ၈၃ | | ၈၃ | | | ၃၁၇၈ | ၆၇၅ | ၃၈၅၃ | |
| | | | | | | | | | | ဦးရှူလေး | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၃၈၃ | ၂၀၅ | ၁၅၈၈ | ၄၁.၂၁% |
| | | | | | | | | | | ဦးဖိန်ရမ်(ခ)ဇီဇီဆောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁၁၄၇ | ၃၂၃ | ၁၄၇၀ | ၃၈.၁၅% |
| | | | | | | | | | | ဦးမိကေလ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၄၃ | ၁၂၉ | ၆၇၂ | ၁၇.၄၄% |
| | | | | | | | | | | ဦးဂူဆာဝါ | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၁၀၅ | ၁၈ | ၁၂၃ | ၃.၁၉% |
| ၂ | ခေါင်လန်ဖူးမြို့နယ် (၂) | ၄၃၅၀ | ၃၀၂၄ | ၃၇၀ | ၃၃၉၄ | ၇၈.၀၂ | ၃၆ | ၁ | ၃၇ | | | ၃၀၉၀ | ၂၆၇ | ၃၃၅၇ | |
| | | | | | | | | | | ဦးဖိန်နော်ဆောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၄၁၄ | ၁၅၂ | ၁၅၆၆ | ၄၆.၆၅% |
| | | | | | | | | | | ဦးဆီရီဖူ(ခ)ဘရူးလင်း | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၇၈၃ | ၄၂ | ၈၂၅ | ၂၄.၅၈% |
| | | | | | | | | | | ဦးနန်ဆီဖိုးဇော်လင်းအောင် | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၅၅၀ | ၃၅ | ၅၈၅ | ၁၇.၄၃% |
| | | | | | | | | | | ဦးဆီးလင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၂၄၃ | ၂၈ | ၂၇၁ | ၈.၀၇% |
| | | | | | | | | | | ဦးလော့ဆီလို | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၈၀ | ၅ | ၈၅ | ၂.၅၃% |
| | | | | | | | | | | ဦးဇော်မနောသော | ပြည်သူ့အင်အားစုကျိုးဆောင်ပါတီ | ၂၀ | ၅ | ၂၅ | ၀.၇၄% |
| ၃ | ဆွမ်ပရာဘွမ်မြို့နယ် (၁) | ၁၅၃၃၉ | ၈၅၅၀ | ၁၅၄၀ | ၁၀၀၉၀ | ၆၅.၇၈ | ၅၀ | | ၅၀ | | | ၉၅၁၈ | ၅၂၂ | ၁၀၀၄၀ | |
| | | | | | | | | | | ဦးလသောင်ဂျာခါး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၇၈၆ | ၂၆၇ | ၄၀၅၃ | ၄၀.၃၇% |
| | | | | | | | | | | ဒေါ်ဂျူလီဇော့ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၂၉၅၈ | ၁၃၃ | ၃၀၉၁ | ၃၀.၇၉% |
| | | | | | | | | | | ဦးလသောင် | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၂၆၄၄ | ၁၁၄ | ၂၇၅၈ | ၂၇.၄၇% |
| | | | | | | | | | | ဦးဆောင်ဒွမ်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၃၀ | ၈ | ၁၃၈ | ၁.၃၇% |
| ၄ | ဆွမ်ပရာဘွမ်မြို့နယ် (၂) | ၁၂၄၇ | ၇၇၅ | ၃၀၆ | ၁၀၈၁ | ၈၆.၆၉ | ၃၆ | | ၃၆ | | | ၇၄၇ | ၂၉၈ | ၁၀၄၅ | |
| | | | | | | | | | | ဦးစင်ရွှန်အောင် | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၂၃၈ | ၈၅ | ၃၂၃ | ၃၀.၉၁% |
| | | | | | | | | | | ဦးဇော်ဂန် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၄၂ | ၁၄၈ | ၂၉၀ | ၂၇.၇၅% |
| | | | | | | | | | | ဒေါ်နန်ဘု | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၂၁၃ | ၄၃ | ၂၅၆ | ၂၄.၅၀% |
| | | | | | | | | | | ဦးဇော်ဒွဲ | တစ်သီးပုဂ္ဂလ | ၁၂၀ | ၁၂ | ၁၃၂ | ၁၂.၆၃% |
| | | | | | | | | | | ဦးဘောင်ကျိုင်းနော်ဂျာ | ကချင်အမျိုးသားကွန်ဂရက်ပါတီ | ၃၄ | ၁၀ | ၄၄ | ၄.၂၁% |
| ၅ | နောင်မွန်းမြို့နယ် (၁) | ၂၆၇၃ | ၁၈၃၆ | ၄၈၉ | ၂၃၂၅ | ၈၆.၉၈ | ၂၈ | | ၂၈ | | | ၁၈၀၅ | ၄၉၂ | ၂၂၉၇ | |
| | | | | | | | | | | ဦးချန်ထန်ခွင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၉၁၁ | ၂၆၇ | ၁၁၇၈ | ၅၁.၂၈% |
| | | | | | | | | | | ဦးမင်းဝင်းဦးဆော | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၇၄၃ | ၁၆၅ | ၉၀၈ | ၃၉.၅၃% |
| | | | | | | | | | | ဒေါ်ဘောက်ချာ (ခ) လွှမ်းညွှန် | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၁၄၃ | ၅၆ | ၁၉၉ | ၈.၆၆% |
| | | | | | | | | | | ဦးအဘွန်ဆော်ဆန်း | ကချင်အမျိုးသားကွန်ဂရက်ပါတီ | ၈ | ၄ | ၁၂ | ၀.၅၂% |

(ဆက်လက်ဖော်ပြပါမည်)

# ဆန္ဒမဲပေးပိုင်ခွင့်ရှိသူစာရင်းမှာ ၃၈၂၇၁၄၄၇ ဦး အမှန်ဖြစ်ကြောင်း သိရှိရ

**နေပြည်တော် ဒီဇင်ဘာ ၁**

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပခြင်းနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကို အများပြည်သူတို့ သိရှိနိုင်စေရန်အတွက် သတင်းစာများတွင် ထည့်သွင်းဖော်ပြပေးလျက်ရှိရာ နိုဝင်ဘာ ၉ ရက်နှင့် ၁၀ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများ၌ မဲဆန္ဒရှင် စုစုပေါင်း ၃၇၂၆၈၈၇၆ ဦးဖြစ်ကြောင်း ထိုအချိန်ကရရှိသည့် သတင်းအပေါ် မူတည်၍ ဖော်ပြခဲ့သည်။

အဆိုပါ မဲဆန္ဒရှင်စာရင်းမှာ အောက်တိုဘာ ၁ ရက်မှ ၁၄ ရက်အထိ ဒုတိယအကြိမ်ကပ်ထားကြေညာသည့် မဲဆန္ဒရှင်စာရင်း စုစုပေါင်းမှ ရွေးကောက်ပွဲကျင်းပခြင်းမပြုမည့် မဲဆန္ဒနယ်များရှိ မဲဆန္ဒရှင်များကို နုတ်ပယ်ထားသည့် အတည်မပြုရသေးသော အခြေခံမဲဆန္ဒရှင်စာရင်းသာဖြစ်ကြောင်း သိရသည်။

ဒုတိယအကြိမ် မဲစာရင်းများ ကပ်ထားကြေညာပြီးနောက် မဲဆန္ဒရှင်များ၏ တင်ပြလျှောက်ထားချက်များအပေါ် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသီးသီးက ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပြင်ဆင်၊ ဖြည့်စွက် ဆောင်ရွက်မှုများ ပြုလုပ်ခဲ့ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နောက်ဆုံးထုတ်ပြန်သည့် မဲဆန္ဒရှင်စာရင်းအမှန်မှာ ၃၈၂၇၁၄၄၇ ဦးဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

❒ ကျောဖုံးမှ

| စဉ် | တိုင်း/ပြည်နယ် | ပြည်သူ့လွှတ်တော် | | | အမျိုးသားလွှတ်တော် | | | တိုင်း/ပြည်နယ်လွှတ်တော် (တိုင်းရင်းသားလူမျိုးအပါအဝင်) | | |
|---|---|---|---|---|---|---|---|---|---|---|
| | | မဲဆန္ဒရှင်ဦးရေ | မဲပေးသူဦးရေ | မဲပေးမှုရာခိုင်နှုန်း | မဲဆန္ဒရှင်ဦးရေ | မဲပေးသူဦးရေ | မဲပေးမှုရာခိုင်နှုန်း | မဲဆန္ဒရှင်ဦးရေ | မဲပေးသူဦးရေ | မဲပေးမှုရာခိုင်နှုန်း |
| (စ) | တနင်္သာရီ | ၁၁၉၁၈၉၀ | ၇၉၂၇၂၅ | ၆၆.၅၁% | ၁၁၉၁၈၉၀ | ၇၉၀၃၂၇ | ၆၆.၃၁% | ၁၂၇၃၁၇၁ | ၈၄၃၃၉၂ | ၆၆.၂၄% |
| (ဆ) | ပဲခူး | ၃၉၅၁၆၃၇ | ၂၈၃၉၃၇၀ | ၇၁.၈၅% | ၃၉၅၁၆၃၇ | ၂၈၃၈၉၄၆ | ၇၁.၈၄% | ၄၁၃၂၆၈၃ | ၂၉၅၈၄၅၇ | ၇၁.၅၉% |
| (ဇ) | မကွေး | ၃၃၁၀၁၃၂ | ၂၅၇၇၅၆၀ | ၇၇.၈၇% | ၃၃၁၀၁၃၂ | ၂၅၇၆၅၅၇ | ၇၇.၈၄% | ၃၃၉၇၈၁၅ | ၂၆၄၄၆၈၃ | ၇၇.၈၃% |
| (ဈ) | မန္တလေး | ၅၈၄၇၆၉၇ | ၄၅၆၁၃၈၈ | ၇၈.၀၀% | ၅၈၄၇၆၉၇ | ၄၅၅၆၉၁၀ | ၇၇.၉၃% | ၄၉၈၆၇၀၅ | ၃၈၉၁၈၀၄ | ၇၈.၀၄% |
| (ည) | မွန် | ၁၈၄၇၇၈၀ | ၁၀၆၈၅၂၅ | ၅၇.၈၃% | ၁၈၄၇၇၈၀ | ၁၀၆၇၈၅၅ | ၅၇.၇၉% | ၂၈၀၃၃၅၀ | ၁၆၄၈၁၃၄ | ၅၈.၇၉% |
| (ဋ) | ရခိုင် | ၄၇၇၉၅၇ | ၃၂၉၂၆၄ | ၆၈.၈၉% | ၄၇၇၉၅၇ | ၃၂၉၅၂၀ | ၆၈.၉၄% | ၄၉၆၁၇၂ | ၃၄၃၀၅၆ | ၆၉.၁၄% |
| (ဌ) | ရန်ကုန် | ၆၁၃၇၀၄၇ | ၄၁၈၈၂၄၉ | ၆၈.၂၅% | ၆၁၃၇၀၄၇ | ၄၁၈၃၆၁၃ | ၆၈.၁၇% | ၆၄၉၈၄၆၀ | ၄၃၉၅၉၇၇ | ၆၇.၆၅% |
| (ဍ) | ရှမ်း | ၃၆၃၄၂၈၃ | ၂၄၂၁၃၄၈ | ၆၆.၆၃% | ၃၆၃၄၂၈၃ | ၂၄၂၀၀၀၉ | ၆၆.၅၉% | ၄၇၁၁၂၈၄ | ၃၁၆၃၄၉၈ | ၆၇.၁၅% |
| (ဎ) | ဧရာဝတီ | ၄၆၈၁၁၅၂ | ၃၅၄၁၉၃၃ | ၇၅.၆၆% | ၄၆၈၁၁၅၂ | ၃၅၄၄၂၈၉ | ၇၅.၇၁% | ၅၇၄၂၁၂၅ | ၄၃၂၈၅၄၀ | ၇၅.၃၈% |
| | စုစုပေါင်း | ၃၈၂၇၁၄၄၇ | ၂၇၅၁၂၈၅၅ | ၇၁.၈၉% | ၃၈၂၇၁၄၄၇ | ၂၇၄၉၅၅၅၅ | ၇၁.၈၄% | ၄၂၈၆၆၇၄၁ | ၃၀၄၅၉၁၁၃ | ၇၁.၀၆% |

၃။ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့၌ ကျင်းပပြီးစီးခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒနယ်အလိုက် ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူဦးရေ၊ မဲပေးသူဦးရေ (မဲရုံမဲ/ကြိုတင်မဲ)၊ မဲပေးမှုရာခိုင်နှုန်း၊ ပယ်မဲ/ပျောက်မဲအရေအတွက်၊ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းစီ၏ ခိုင်လုံမဲရရှိမှုအခြေအနေ (မဲရုံမဲ/ကြိုတင်မဲ)၊ ခိုင်လုံမဲရရှိမှု ရာခိုင်နှုန်း အစရှိသည့် အသေးစိတ်အချက်အလက်များကို အများပြည်သူသိရှိလေ့လာနိုင်ရန်အတွက် နေ့စဉ်ထုတ်သတင်းစာများတွင် ထည့်သွင်းဖော်ပြပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်(တိုင်းရင်းသားလူမျိုး) တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဆန္ဒမဲရရှိမှုအခြေအနေ (၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲ)

| စဉ် | မဲဆန္ဒနယ်အမည် | မဲဆန္ဒရှင်ဦးရေ | မဲပေးသူဦးရေ | | | မဲပေးသူရာခိုင်နှုန်း | ပယ်မဲ/ပျောက်မဲ အရေအတွက် | | | ရရှိသည့် ခိုင်လုံမဲ | | | ခိုင်လုံမဲရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | မဲရုံမဲ | ကြိုတင်မဲ | ပေါင်း | | ပယ်မဲ | ပျောက်မဲ | ပေါင်း | မဲရုံမဲ | ကြိုတင်မဲ | ပေါင်း | |
| ၁ | ကချင်ပြည်နယ် | ၇၈၇၉၅၆ | ၄၂၈၄၀၄ | ၁၁၈၇၂၉ | ၅၄၆၁၃၃ | ၆၉.၃၁ | ၁၃၀၆၃ | ၃၁၂ | ၁၃၃၇၅ | ၄၁၆၉၈၆ | ၁၁၅၇၇၂ | ၅၃၂၇၅၈ | ၆၇.၆၁% |
| ၂ | ကယားပြည်နယ် | ၄၂၅၁၁ | ၂၂၅၉၅ | ၈၄၄၅ | ၃၀၉၉၀ | ၇၂.၈၂ | ၇၇၃ | ၁၂ | ၇၈၅ | ၂၁၈၁၁ | ၈၃၉၄ | ၃၀၂၀၅ | ၇၁.၀၅% |
| ၃ | ကရင်ပြည်နယ် | ၄၅၈၀၀၀ | ၁၆၇၃၆၆ | ၇၅၁၃၂ | ၂၄၂၄၉၈ | ၅၂.၉၅ | ၆၇၃၆ | ၈၁၈ | ၇၅၅၄ | ၁၆၁၄၀၀ | ၇၃၅၄၄ | ၂၃၄၉၄၄ | ၅၁.၃၀% |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | ၃၄၄၅၉၉၃ | ၁၉၀၅၃၉၉ | ၄၄၂၁၅၅ | ၂၃၄၇၅၅၄ | ၆၈.၁၃ | ၇၆၄၇ | ၄၄၇ | ၈၀၉၄ | ၁၈၈၂၈၉၂ | ၄၅၁၅၆၈ | ၂၃၃၄၄၆၀ | ၆၇.၇၅% |
| ၅ | တနင်္သာရီတိုင်းဒေသကြီး | ၈၁၂၈၀၀ | ၄၂၈၅၀၀ | ၉၅၄၀၀ | ၅၂၃၉၀၀ | ၆၄.၄၆ | ၂၆၇၅ | ၂၀၇ | ၂၈၈၂ | ၄၀၁၈၅ | ၉၃၁၃ | ၅၁၉၅၁၈ | ၆၄.၅၀% |
| ၆ | ပဲခူးတိုင်းဒေသကြီး | ၁၈၀၀၀၄၆ | ၉၄၁၃၃၄ | ၂၄၇၈၀ | ၁၁၈၉၁၃၄ | ၆၅.၆၈ | ၄၀၈၂ | ၁၁၅ | ၄၁၉၇ | ၉၀၁၁၅၆ | ၂၄၅၆၁၀ | ၁၁၄၆၇၁၇ | ၆၆.၄၇% |
| ၇ | မကွေးတိုင်းဒေသကြီး | ၈၇၆၈၃ | ၅၂၈၂၆ | ၁၆၁၀၅၇ | ၆၈၉၈၃ | ၇၈.၆၇ | ၂၆၉၁ | ၂၆၀ | ၂၉၅၁ | ၅၀၂၈၅ | ၁၅၇၆၆ | ၆၆၀၃၁ | ၇၅.၇၂% |
| ၈ | မန္တလေးတိုင်းဒေသကြီး | ၄၅၂၃၄ | ၂၂၇၄၁ | ၅၀၇၀ | ၂၇၈၁၁ | ၆၁.၄၈ | ၇၃၉ | ၁၈ | ၇၅၇ | ၂၂၀၂၃ | ၅၀၃၁ | ၂၇၀၅၄ | ၅၉.၈၁% |
| ၉ | မွန်ပြည်နယ် | ၉၅၅၅၇၀ | ၄၄၄၃၉၉ | ၁၃၄၈၇၉ | ၅၇၉၂၇၈ | ၆၀.၆၂ | ၁၂၆၉၃ | ၂၃၅ | ၁၂၉၂၈ | ၄၃၃၇၈၈ | ၁၃၂၅၆၂ | ၅၆၆၃၅၀ | ၅၉.၂၇% |
| ၁၀ | ရခိုင်ပြည်နယ် | ၁၈၂၁၅ | ၁၀၆၉၂ | ၂၄၀၄ | ၁၃၀၉၆ | ၇၁.၉၀ | ၈၃၅ | ၁၉ | ၈၅၄ | ၉၈၈၃ | ၂၃၅၉ | ၁၂၂၄၂ | ၆၇.၂၀% |
| ၁၁ | ရန်ကုန်တိုင်းဒေသကြီး | ၃၆၁၀၄၁၃ | ၁၆၅၉၉၃၆ | ၄၁၈၄၇၇ | ၂၀၇၈၄၁၃ | ၅၇.၅၆ | ၆၂၅၅ | ၉၁၂ | ၇၁၆၇ | ၁၅၉၉၆၇၃ | ၄၆၈၅၃ | ၂၀၇၁၂၄၆ | ၅၇.၃၆% |
| ၁၂ | ရှမ်းပြည်နယ် | ၁၀၇၇၀၀၀ | ၅၅၄၄၄၈ | ၁၈၆၂၃၉ | ၇၄၀၆၈၇ | ၆၈.၇၇ | ၂၉၈၆၃ | ၁၈၂၃ | ၃၁၆၈၆ | ၅၂၉၈၁၁ | ၁၇၉၁၉၀ | ၇၀၉၀၀၁ | ၆၅.၈၃% |
| ၁၃ | ဧရာဝတီတိုင်းဒေသကြီး | ၁၀၆၆၀၉၇ | ၆၁၅၅၄၈ | ၁၆၉၃၃၁ | ၇၈၄၈၇၉ | ၇၃.၆၂ | ၂၄၆၀၉ | ၅၃၁ | ၂၅၁၄၀ | ၅၉၀၄၄၀ | ၁၆၉၂၉၉ | ၇၅၉၇၃၉ | ၇၁.၂၆% |
| | စုစုပေါင်း | ၅၅၀၁၅၂၀ | ၂၈၀၀၄၂၈ | ၈၄၆၇၆၈ | ၃၆၄၇၁၉၆ | ၆၆.၃၁ | ၁၁၈၉၆၀၀ | ၅၇၀၂ | ၁၂၅၃၃၃ | ၂၆၉၁၀၆၃ | ၈၃၀၂၅၁ | ၃၅၂၂၈၈၃ | ၆၄.၅၇% |

(ဆက်လက်ဖော်ပြပါမည်)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်

**နေပြည်တော် ဒီဇင်ဘာ ၁**
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်တစ်ရပ်ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါ ထုတ်ပြန်ချက်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေးနှင့် ထာဝရငြိမ်းချမ်းရေးဖော်ဆောင်ရာတွင် ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးတို့အတွက် နိုင်ငံတော်မှ အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ကြေညာထားသော အကြမ်းဖက်အဖွဲ့အစည်းများ ရှိသည့်နေရာများမှအပ ကျန်နယ်မြေများတွင် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်အထိ တပ်မတော်အနေဖြင့် စစ်ရေးဆိုင်ရာလှုပ်ရှားမှုများ ရပ်ဆိုင်းပေးခဲ့သည့်အပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် တပ်မတော် ငြိမ်းချမ်းရေးဆွေးနွေးမှုကော်မတီကိုလည်း ဖွဲ့စည်းထား ရှိပြီးဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ထာဝရငြိမ်းချမ်းရေးအောင်မြင်စေရန် ဆွေးနွေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တပ်မတော်နှင့် တွေ့ဆုံဆွေးနွေးရန်လိုအပ်ပါက ဆက်လက်ဆွေးနွေးနိုင်ရေး၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA လက်မှတ်ရေးထိုးထားရှိသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေး ပိုမိုခိုင်မာအောင် ဆက်လက် ဆွေးနွေးနိုင်ရေး၊ လက်မှတ်မရေးထိုးရသေးသည့်အဖွဲ့များအနေဖြင့်လည်း လက်မှတ်ရေးထိုးနိုင်သည်အထိ ဆက်လက်ဆွေးနွေးနိုင်ရေး၊ ထာဝရငြိမ်းချမ်းရေးအောင်မြင်ပြီးမြောက်သည်အထိ လိုအပ်သည်များ ဆက်လက်ဆောင်ရွက်နိုင်ရေးနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေးတို့အတွက် နိုင်ငံတော်မှ အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ကြေညာထားသော အကြမ်းဖက်အဖွဲ့အစည်းများရှိသည့်နေရာများမှအပ ကျန်နယ်မြေများတွင် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်အထိ တပ်မတော်အနေဖြင့် စစ်ရေးဆိုင်ရာလှုပ်ရှားမှုများကို ထပ်မံတိုးမြှင့်ရပ်ဆိုင်းပေးသွားမည်ဟု သတင်းထုတ်ပြန်ကြေညာအပ်ပါကြောင်း ဖော်ပြထားသည်။

သတင်းစဉ်

# တတိယအကြိမ်အကြမ်းဖက်မှုဆန့်ကျင်ရေးနှင့် နိုင်ငံဖြတ်ကျော်လုံခြုံရေးဆိုင်ရာ ဝန်ကြီးအဆင့် ဒေသခွဲ အစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁**
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းသည် ယနေ့ နံနက်ပိုင်းတွင် Virtual Forum အဖြစ် ကျင်းပခဲ့သည့် တတိယအကြိမ် အကြမ်းဖက်မှု ဆန့်ကျင်ရေးနှင့် နိုင်ငံဖြတ်ကျော်လုံခြုံရေးဆိုင်ရာဝန်ကြီးအဆင့် ဒေသခွဲ အစည်းအဝေးသို့ တက်ရောက်ဆွေးနွေးသည်။

**ပူးပေါင်းစီစဉ်ကျင်းပ**

အဆိုပါအစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့မှ ပူးပေါင်းစီစဉ်ကျင်းပပြီး အစည်းအဝေး ပူးတွဲသဘာပတိအဖြစ် အင်ဒိုနီးရှားနိုင်ငံ နိုင်ငံရေး၊ လုံခြုံရေးနှင့် ဥပဒေရေးရာ ညှိနှိုင်းရေးဝန်ကြီး Prof. Dr. Mahfud MD နှင့် ဩစတြေးလျနိုင်ငံ ပြည်ထဲရေးဝန်ကြီး The Hon Peter Dutton MP တို့က ဆောင်ရွက်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းက အကြမ်းဖက်မှုဆန့်ကျင်ရေးနှင့် နိုင်ငံဖြတ်ကျော် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ကိုဗစ်-၁၉ အကျိုးသက်ရောက်မှုနှင့် ပြည်ပမှ အကြမ်းဖက်တိုက်ခိုက်သူများ (Foreign Terrorist Fighters regional preparedness)အပိုင်းတွင် ပါဝင်ဆွေးနွေးသည်။

အစည်းအဝေးတွင် ပူးတွဲကြေညာချက်ကို အတည်ပြုခဲ့သည်။ ယင်းကြေညာချက်တွင် ဝန်ကြီးများအနေဖြင့် နိုင်ငံတကာက လက်ရှိကြုံတွေ့နေရသည့် အခက်အခဲများနှင့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဒေသတွင်း ကျန်းမာရေးစနစ်များ၊ စီးပွားရေးနှင့် လူ့အသိုက်အဝန်းများ ထိခိုက်ခံနေရမှုတို့ကို အလေးအနက်ထား၍ ကမ္ဘာ့ကပ်ရောဂါကာလအတွင်း အကြမ်းဖက်ဝါဒ တိုက်ဖျက်ရေးတွင်ကြုံတွေ့ရသည့် မဟာဗျူဟာလက်တွေ့စိန်ခေါ်မှုများနှင့်ဒေသတွင်း အန္တရာယ်ရပ်ဝန်းကိစ္စတို့ကို ဖြေရှင်းရေးအတွက် ဆွေးနွေးခဲ့ကြသည်။

ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားနေသည့်တိုင် အကြမ်းဖက်သမားများက အစွန်းရောက်ဝါဒများကို ဖြန့်ကြက်ခြင်းနှင့် တိုက်ခိုက်မှုများပြုလုပ်နေကြကြောင်း၊ ဝန်ကြီးများက နိုင်ငံတကာ အကြမ်းဖက်တိုက်ခိုက်မှုလုပ်ရပ်များကို ရှုတ်ချခဲ့ကြောင်း ထပ်လောင်းပြောကြားကြသည်။

ယနေ့ကမ္ဘာတွင် အကြမ်းဖက်ဝါဒ တိုက်ဖျက်ရေးလုပ်ငန်းကို အရှိန်တိုးမြှင့် ဆောင်ရွက်ရန်လိုကြောင်း၊ အရှေ့အလယ်ပိုင်းရှိ ပြည်ပမှ အကြမ်းဖက်တိုက်ခိုက်သူများ (Foreign Terrorist Fighters– FTF) အုပ်စုပြိုကွဲပြီးနောက် ဒေသတွင်းသို့ ၎င်းတို့မိသားစုများနှင့် ပြန်လည်ဝင်ရောက်လာကြရာ ယင်းအချက်သည် ဒေသတွင်းလုံခြုံရေးကို ထိပါးလာနိုင်သည့် အန္တရာယ်တစ်ရပ်ဖြစ်ကြောင်း၊ အစိုးရ၊ ပြည်သူ၊ ဘာသာရေးခေါင်းဆောင်များအနေဖြင့် အစွန်းရောက်အကြမ်းဖက်ဝါဒတားဆီးရေးတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ကြောင်း ဆွေးနွေးခဲ့ကြသည်။



ဝန်ကြီးများအနေဖြင့် အကြမ်းဖက်မှုဆန့်ကျင်ရေးနှင့် နိုင်ငံဖြတ်ကျော် လုံခြုံရေးဆိုင်ရာ ဒေသခွဲအစည်းအဝေးမှတစ်ဆင့် အန္တရာယ်ရပ်ဝန်းနှင့်ပတ်သက်၍ ဘုံသဘောတူညီချက် ချမှတ်ရန်၊ ပြဿနာများဖြေရှင်းနိုင်မည့် နည်းလမ်းများကို ဦးစားပေးသတ်မှတ်ရန်၊ ဒေသတွင်း လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများကို တားဆီးရာတွင် ပိုမိုထိရောက်စွာ ပူးပေါင်းဆောင်ရွက်ရန်၊ အဆင့်မြင့်အရာရှိကြီးများဖိုရမ်တစ်ရပ်ထူထောင်ရန်နှင့် ၂၀၂၁ ခုနှစ်တွင် ဝန်ကြီးအဆင့် အစည်းအဝေးတစ်ကြိမ် ထပ်မံကျင်းပရန်တို့ကိုလည်း သဘောတူညီခဲ့ကြသည်။

**ပါဝင်တက်ရောက်**

အစည်းအဝေးသို့ အင်ဒိုနီးရှား၊ ဩစတြေးလျ၊ ဘရူနိုင်း၊ မလေးရှား၊ မြန်မာ၊ နယူးဇီလန်၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့မှ ဝန်ကြီးအဆင့်ကိုယ်စားလှယ်များ ပါဝင်တက်ရောက် ခဲ့ကြသည်။ မြန်မာနိုင်ငံမှ ပြည်ထောင်စုဝန်ကြီး ဦးဆောင်၍ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိကြီးများ ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် (၂၃) ကြိမ်မြောက် အာဆီယံ-ဥရောပသမဂ္ဂ ဝန်ကြီးအဆင့်အစည်းအဝေးသို့ တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၁**
အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် (၂၃) ကြိမ်မြောက် အာဆီယံ-ဥရောပသမဂ္ဂ ဝန်ကြီးအဆင့်အစည်းအဝေးသို့ နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပါဝင်တက်ရောက်ဆွေးနွေးသည်။

**ပူးတွဲသဘာပတိများအဖြစ်ဆောင်ရွက်**

အစည်းအဝေးတွင် စင်ကာပူနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Dr. Vivian Balakrishnan နှင့် ဒုတိယဥက္ကဋ္ဌ ဥရောပကော်မရှင်နှင့် ဥရောပသမဂ္ဂနိုင်ငံခြားရေးနှင့် လုံခြုံရေးမူဝါဒဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ် Mr. Josep Borrell တို့က ပူးတွဲသဘာပတိများအဖြစ်ဆောင်ရွက်ပြီး အာဆီယံနှင့် ဥရောပသမဂ္ဂ အဖွဲ့ဝင် ၃၇ နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများ၊ ကိုယ်စားလှယ်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ခဲ့ကြသည်။

**ဆွေးနွေး**

အစည်းအဝေးတွင် အာဆီယံ-ဥရောပသမဂ္ဂ ဆက်ဆံရေးပိုမိုတိုးတက်ခိုင်မြဲစေရေး ကိစ္စရပ်များ၊ အာဆီယံနှင့် ဥရောပသမဂ္ဂအကြားလွတ်လပ်သော ကုန်သွယ်မှုစာချုပ်ချုပ်ဆိုနိုင်ရေးအတွက် မူဘောင်သဘောတူညီချက်ကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်နိုင်ရေးနှင့် အာဆီယံ-ဥရောပသမဂ္ဂဘက်စုံလေကြောင်း ဝန်ဆောင်မှုစာချုပ်



(ASEAN–EU Comprehensive Air Service Agreement – CATA)အမြန်ဆုံးထွက်ပေါ်လာရေး အခြေအနေများအပြင် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ အစည်းအဝေးတွင် အာဆီယံ-ဥရောပသမဂ္ဂ ဆွေးနွေးဖက်ဆက်ဆံရေးကို မဟာဗျူဟာမြောက်ဆက်ဆံရေးအဆင့်သို့ မြှင့်တင်သွားရန် ဆုံးဖြတ်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်း အာဆီယံ-ဥရောပသမဂ္ဂမိတ်ဖက်ဆက်ဆံရေး တိုးတက်ခိုင်မာမှုရှိစေရန် အရေးကြီးကြောင်း အလေးထားဆွေးနွေးခဲ့ပြီး အာဆီယံဒေသအတွင်း ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးအတွက် ဥရောပသမဂ္ဂမှ Team Europe package ဖြင့် ယူရို သန်း ၈၀၀ အကူအညီပေးအပ်ခဲ့သည့်အတွက် ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။ ထို့အပြင် အာဆီယံ၏ COVID–19 တုံ့ပြန်ရေးရန်ပုံငွေ (COVID–19 ASEAN Response Fund) နှင့် အာဆီယံ၏ ဘက်စုံပြန်လည်ထူထောင်ရေးမူဘောင် (ASEAN Comprehensive Recovery Framework) သို့ အကူအညီများပေးအပ်သွားရန် တိုက်တွန်းခဲ့သည်။

**အလေးပေး ပြောကြား**

ပြည်ထောင်စုဝန်ကြီးက ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် လုံခြုံ၊ စိတ်ချရမှုရှိသည့် ဆိုက်ဘာလုံခြုံရေး ပူးပေါင်းဆောင်ရွက်သွားရန်နှင့် နည်းပညာကိုအလွဲသုံးစားပြုသည့် အကြမ်းဖက်မှုများကို ပူးပေါင်းတိုက်ဖျက်ရန် အရေးကြီးကြောင်း အလေးပေး ပြောကြားခဲ့သည်။ ထို့အပြင် ပြည်ထောင်စုဝန်ကြီးက ဥရောပသမဂ္ဂမှ မြန်မာနိုင်ငံသို့ COVID–19 ရောဂါတိုက်ဖျက်ရေးအတွက်အကူအညီများအပါအဝင် အထူးသဖြင့် COVID–19 ရောဂါ ကြောင့် အလုပ်ဆုံးရှုံးရသည့် မြန်မာနိုင်ငံမှ အထည်ချုပ်လုပ်သားများအတွက် အကူအညီများပေးအပ်ခဲ့သည့်အတွက် ကျေးဇူးတင်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဥရောပသမဂ္ဂနှင့် ကုန်သွယ်ရေးနှင့်စီးပွားရေး ပိုမိုမြှင့်တင်ရေးအတွက် များစွာဆန္ဒရှိကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

အစည်းအဝေးမှ (၂၃) ကြိမ်မြောက် အာဆီယံ-ဥရောပသမဂ္ဂပူးတွဲသဘာပတိများ၏ သတင်းထုတ်ပြန်ချက်နှင့် အာဆီယံ-ဥရောပသမဂ္ဂ ပေါင်းစပ်ဆက်နွှယ်မှုဆိုင်ရာ ဝန်ကြီးအဆင့် ပူးတွဲကြေညာချက် (Asean–EU Joint Ministerial Statement on Connectivity) ကို ထုတ်ပြန်ခဲ့သည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်နှင့် အဆင့်မြင့်အရာရှိများလည်း ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတကာခရီးသည်တင်လေကြောင်းခရီးစဉ်များ မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက်၏ သက်ရောက်မှုကာလ တိုးမြှင့်သတ်မှတ်ခြင်း

မြန်မာနိုင်ငံအတွင်း COVID- 19 ရောဂါကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ရေးဆောင်ရွက်ရာတွင် နိုင်ငံတကာမှ လေကြောင်းခရီးစဉ်များဖြင့် ခရီးသည်များ ဝင်ရောက်လာမှုကို ကန့်သတ်ထိန်းချုပ်နိုင်ရေးမှာ များစွာအရေးပါသဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက (၂၉-၃-၂၀၂၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော နိုင်ငံတကာခရီးသည်တင် လေကြောင်းခရီးစဉ်များ မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက် (Temporary Measures to Prevent Importation of COVID-19 to Myanmar through Air Travel) ၏ သက်ရောက်မှု ကာလကို COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် (၃၀-၁၁-၂၀၂၀) ရက်နေ့ မြန်မာစံတော်ချိန် (၂၃:၅၉) နာရီအထိ တိုးမြှင့်သတ်မှတ်ခဲ့ပါသည်။

ပြည်ပရောက် မြန်မာနိုင်ငံသားများ ပြန်လည်ဝင်ရောက်ရေးနှင့် နိုင်ငံတော်နှင့် ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ အမှန်တကယ် လုပ်ငန်းလိုအပ်ချက်အရ နိုင်ငံခြားသားများ မြန်မာနိုင်ငံသို့ လာရောက်ရေးကို နိုင်ငံခြားရေးဝန်ကြီးဌာန၏ ညှိနှိုင်းမှုဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်နိုင်ရန် အထက်ပါညွှန်ကြားချက်၏ သက်ရောက်မှုကာလကို COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် (၃၁-၁၂-၂၀၂၀) ရက်နေ့ မြန်မာစံတော်ချိန် (၂၃:၅၉) နာရီအထိ ထပ်မံတိုးမြှင့်သတ်မှတ်လိုက်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန




## အရှေ့တောင်အာရှ မူလတန်းအဆင့် သင်ယူတတ်မြောက်မှုစစ်တမ်း (၂၀၁၉) ရလဒ်များထုတ်ပြန်မှုအခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁**

ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) နှင့် အရှေ့တောင်အာရှ ပညာရေးဝန်ကြီးများ အဖွဲ့အစည်း (SEAMEO) တို့ ပူးပေါင်းကျင်းပသော အရှေ့တောင်အာရှ မူလတန်းအဆင့် သင်ယူတတ်မြောက်မှုစစ်တမ်း (၂၀၁၉) ရလဒ်များ Southeast Asia Primary Learning Metrics (SEA-PLM) 2019 Results ထုတ်ပြန်ခြင်းအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် အွန်လိုင်းစနစ်ဖြင့်ကျင်းပရာ ကမ္ဘောဒီးယား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်နိုင်ငံတို့မှ ပညာရေးဝန်ကြီးများက မိန့်ခွန်းပြောကြားခဲ့ကြသည်။

**ပထမဆုံးနိုင်ငံဖြစ်**

ယင်းအခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အရှေ့တောင်အာရှ မူလတန်းအဆင့် သင်ယူတတ်မြောက်မှုစစ်တမ်း (SEA-PLM)သည် ဒေသတွင်းကျယ်ပြန့်သော လေ့လာမှုစစ်တမ်းတစ်ခုဖြစ်ပြီး စစ်တမ်းကောက်ယူသည့် ကမ္ဘောဒီးယား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်နိုင်ငံများအနက် မြန်မာနိုင်ငံသည် ကျောင်းများတွင် အချက်အလက်စစ်တမ်းကောက်ယူသော ဒေသတွင်းပထမဆုံးနိုင်ငံဖြစ်ပါကြောင်း၊ SEA-PLM သည် မြန်မာနိုင်ငံတွင် ကောက်ယူသော စစ်ဆေးအကဲဖြတ်မှု နှစ်ခုဖြစ်သည့် ရှေးဦးအရွယ် စာဖတ်စွမ်းရည်စစ်ဆေးအကဲဖြတ်မှု (Early Grade Reading Assessment – EGRA) နှင့် ရှေးဦးအရွယ် သင်္ချာစွမ်းရည်စစ်ဆေးအကဲဖြတ်မှု (Early Grade Mathe-matics Assessment – EGMA) တို့အနက် တစ်ခုအပါအဝင်ဖြစ်ပါကြောင်း။

**ပံ့ပိုးပေးနိုင်မည်**

SEA-PLM ၏ မျှော်မှန်းချက်မှာ ဒေသတွင်း ကလေးအားလုံးအတွက် ပိုမိုမျှတ၍ အဓိပ္ပာယ်ပြည့်ဝသည့် ပညာရေးဆီသို့ဦးတည်သော လေ့လာသင်ယူမှုရလဒ်ကောင်းများ ပုံဖော်ရေးတွင် ပူးပေါင်းပါဝင်ရန်ဖြစ်သည့်အတွက် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်-၄ ၏ အညွှန်းကိန်း ၄.၁ နှင့် ၄.၇ တို့ကို ပံ့ပိုးပေးနိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် KG+12 ပညာရေးစနစ်ကို ပြောင်းလဲကျင့်သုံးလျက်ရှိရာတွင် SEA-PLM ၏ ရလဒ်များသည် မူလတန်း Grade-5 ပြီးဆုံးသော ကလေးငယ်များ၏ သင်ယူတတ်မြောက်မှု အရည်အသွေးကို ထင်ဟပ်ပေးနိုင်သဖြင့် သင်ရိုးညွှန်းတမ်းရေးဆွဲရာတွင် အထောက်အကူပြုပါကြောင်း၊ မြန်မာကျောင်းသား ၅၇၁၅ ဦး၏ အရေး၊ အဖတ်နှင့် သင်္ချာတတ်မြောက်မှုစွမ်းရည်တို့ကို နမူနာပြု၍ အရှေ့တောင်အာရှ မူလတန်းအဆင့် သင်ယူတတ်မြောက်မှုစစ်တမ်း၏ တတ်ကျွမ်းမှုတိုင်းတာရေး စံနှုန်းများအပေါ် မြန်မာနိုင်ငံအမျိုးသားအဆင့် စွမ်းဆောင်မှု (Myanmar National Performances on SEA-PLM Proficiency Scales) အဖြစ် စစ်ဆေးအကဲဖြတ်ရလဒ်များကို ထုတ်ပြန်ပေးခဲ့သော ပညာရေးသုတေသနဆိုင်ရာ ဩစတြေးလျကောင်စီ (Australian Council for Education Research – ACER) အား ကျေးဇူးတင်ရှိပါကြောင်း၊ ဤရလဒ်များသည် အမျိုးသားပညာရေးမူဝါဒနှင့် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) တို့ ပြုစုအကောင်အထည်ဖော်ရာတွင်လည်း အထောက်အကူပြုပါကြောင်း၊ SEA-PLM ၂၀၁၉ ရလဒ်များ ထုတ်ပြန်မှုအခမ်းအနားကို ပူးတွဲကျင်းပပေးသော ယူနီဆက်နှင့် ဆီမီယိုတို့ကိုလည်း ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

**စွမ်းဆောင်ရည်ပိုမိုမြင့်မား**

အဆိုပါ စစ်တမ်းကောက်ယူမှုမှ တွေ့ရှိချက်များအရ အားသာချက်များအဖြစ် SEA-PLM သည် စစ်တမ်းကောက်ယူသည့် ဒေသတွင်းနိုင်ငံများအနက် မြန်မာနိုင်ငံသည် ပထမဆုံးနိုင်ငံဖြစ်ခြင်း၊ မြန်မာကျောင်းသားများသည် စစ်တမ်းကောက်ယူခဲ့သည့် နိုင်ငံ ခြောက်ခုအနက် အခြားနိုင်ငံ သုံးခုထက် စွမ်းဆောင်ရည်ပိုမိုမြင့်မားခြင်း၊ စစ်တမ်းကောက်ယူသော အခြားနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် ကျောင်းသား ကျောင်းသူများ၏ စွမ်းဆောင်ရည်၌ ကျား/မ ကွာဟချက် မရှိသလောက်နည်းပါးခြင်း၊ ကျောင်းအရွယ်အစား၊ ကျောင်းပစ္စည်း၊ လူမှုစီးပွားအခြေအနေတို့ ကွဲပြားသော်လည်း သင်ယူတတ်မြောက်မှုစွမ်းရည် ကွာဟချက်နည်းပါးခြင်း၊ မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံသာလျှင် စစ်တမ်းကောက်ယူသော ခြောက်နိုင်ငံအနက် ကျောင်းသားတစ်ဦးလျှင် ကျောင်းသုံးဖတ်စာအုပ်တစ်စုံနှုန်း ထောက်ပံ့ပေးခြင်း၊ ကျောင်းသား ၃ ပုံ ၁ ပုံ၏ သင်္ချာတတ်မြောက်မှုစွမ်းရည်မှာ ပျမ်းမျှအထက်၌ရှိခြင်း၊ ကျောင်းသား ၄ ပုံ ၁ ပုံ၏ စာဖတ်စွမ်းရည်မှာ ပျမ်းမျှအထက်၌ရှိခြင်း၊ ကျောင်းသား ၅ ပုံ ၁ ပုံ၏ အရေးစွမ်းရည်မှာလည်း ပျမ်းမျှအထက်၌ရှိခြင်းတို့ကို စစ်တမ်းများမှ တွေ့ရှိရသည်။

**မြှင့်တင်ပေးရန်လိုအပ်**

စိန်ခေါ်မှုများအနေဖြင့် မြန်မာနိုင်ငံတွင်ပိုမိုကောင်းမွန်သည့် လေ့လာသင်ယူတတ်မြောက်ရေးအတွက် ကျောင်းသားများ၏ အပြုသဘောဆောင်သည့် သဘောထားအမြင်များကို မြှင့်တင်ပေးရန်လိုအပ်ခြင်း၊ ကျောင်းသားများ၏ လေ့လာသင်ယူမှုမြှင့်တင်ရန်အတွက် မိဘများ၏ ပူးပေါင်းပါဝင်မှု ပိုမိုလိုအပ်ခြင်း၊ မူလတန်းကြိုကျောင်းတက်ရောက်မှုမရှိသည့် ကျောင်းသားဦးရေအများဆုံးဖြစ်သော်လည်း KG+12 အခြေခံပညာရေးစနစ်သစ်အရ အခွင့်အလမ်းရှိခြင်း၊ ကျောင်းပညာရေးမတိုင်မီ ကျောင်းသားများ၏ အတွေးအမြင်ဗဟုသုတနည်းပါးခြင်းနှင့် ပညာဆည်းပူးရာတွင် စိတ်ဝင်စားမှုနည်းပါးခြင်းတို့ကို တွေ့ရှိရသည်။

အခမ်းအနား၌ မူဝါဒများ၊ အလေ့အကျင့်များနှင့် သုတေသနတို့နှင့် စပ်လျဉ်း၍ SEA-PLM ၂၀၁၉ ရလဒ်များအပေါ် အကြံပြုချက်များကို ဆွေးနွေးကာ ရှေ့လုပ်ငန်းစဉ်များချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀) ပြည့်အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါးများစာအုပ် ထုတ်ဝေ

**နေပြည်တော် ဒီဇင်ဘာ ၁**


ရန်ကုန်တက္ကသိုလ်ကြီး၏ ကြီးမြတ်သည့် သမိုင်းကြောင်းများနှင့် ကြီးမားသည့် အစဉ်အလာများကို ပြည်သူများ ခံစားသိမြင်နိုင်စေရန်အတွက် စာပေပညာရှင်၊ ဝါသနာရှင်အသီးသီးက မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများတွင် ထုတ်ဖော်ရေးသားခဲ့ကြသည်။

အဆိုပါ ဆောင်းပါးများကို တစုတစည်းတည်း စုစည်း၍ **"ရန်ကုန်တက္ကသိုလ် နှစ် ၁၀၀ ပြည့် အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါးများ"** စာအုပ်အဖြစ် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေမည်ဖြစ်သည်။

ဤစာအုပ်တွင် ရှေးအစဉ်အဆက်မှ ယနေ့ထက်တိုင် အရေးပါနေဆဲ၊ တန်ဖိုးထား တမ်းတနေရဆဲဖြစ်သော ရန်ကုန်တက္ကသိုလ်ကြီး၏ သမိုင်းဖြစ်စဉ်ဖြစ်ရပ်များ၊ ရန်ကုန်တက္ကသိုလ် ကျောင်းသား ကျောင်းသူများ၏ ကြည်နူးဖွယ်၊ လွမ်းဆွတ်ဖွယ် ဘဝဖြတ်သန်းမှုအတွေ့အကြုံများကို ရေးသားဖော်ပြထားသည့် ဆောင်းပါးပေါင်း ၆၂ ပုဒ်ကို စုစည်းဖော်ပြထားပါသည်။

ယင်းစာအုပ်ကို စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်၊ အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ထုတ်လုပ်ရေးဌာနခွဲ (၀၆၇-၃၄၁၂၃၇၁၊ ၀၁-၈၃၇၁၃၄၂၊ ၀၁-၈၂၀၁၉၃၆)များတို့တွင် ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

**သတင်းစဉ်**




## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဒီဇင်ဘာ ၁**

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မိုး/ဇလ**

# အမိရန်ကုန်တက္ကသိုလ်ကို လွမ်းပါသည်

## ခင်စာသင်

ရန်ကုန်တက္ကသိုလ်နှစ်တစ်ရာတိုင်ခဲ့ပါပြီ။ နယ်တက္ကသိုလ်မှာ တာဝန်ထမ်းဆောင်နေသော ကျွန်မအဖို့ကျောင်းတော်ကြီးကို လွမ်းပါသည်။ မိမိအားနားခိုခွင့်ပေးခဲ့သော၊ မိမိအား ပညာသင်ကြားပေးခဲ့ကြသော ဆရာကြီး ဆရာမကြီးများ၊ တာဝန်အတူထမ်းရွက်ခဲ့ကြသော စီနီယာ အစ်ကိုအစ်မများ၊ မိတ်ဆွေသူငယ်ချင်းများ၊ မောင်ငယ် ညီမငယ်များအားလုံးကို အမှတ်ရနေပါသည်။

ရန်ကုန်တက္ကသိုလ်နှင့် ပတ်သက်ခဲ့သော အမှတ်တရများက အပိုင်းသုံးပိုင်း ရှိခဲ့သည်။ ပထမပိုင်းက ကျောင်းသူဘဝ၊ ဒုတိယပိုင်းက အဆောင်နည်းပြဘဝ၊ တတိယက တာဝန်ထမ်းခဲ့သော ဘဝများ ဖြစ်သည်။

### ကျောင်းသူဘဝ

အောင်ဆန်းသူရိယ လှသောင်းကျောင်းတွင် ငါးနှစ်တာ ပညာသင်ယူပြီးနောက် ဖခင်တာဝန်ကျရာ မိတ္ထီလာသို့ ပြောင်းရွှေ့ခဲ့ပါသည်။ ရှမ်းတဲ တွဲဖက်အထက်တန်းကျောင်းမှ ၁၀ တန်း အောင်မြင်ခဲ့သည်။ မိဘများက အစ်မကြီးလို တက္ကသိုလ်ဆရာမဖြစ်စေလို၍ ရန်ကုန်ပို့သည်။ ရန်ကုန်တက္ကသိုလ် (ဗိုလ်တထောင်နယ်မြေ)တွင် တက်ရောက်ခဲ့သည်။ ကျောင်းအုပ်ချုပ်ရေးမှူးက ဆရာကြီး ဦးမျိုးညွန့် (ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး-ငြိမ်း) ဖြစ်သည်။ ဆရာမကြီး ဒေါ်ခင်သောင်းယဉ်က (ကထိက/ဌာနမှူး)ဖြစ်ပါသည်။ ဂုဏ်ထူးတန်းဝင်သည့်၁၉၈၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် (ပင်မ) သို့ ရောက်ပါသည်။ အစ်ကို အစ်မတွေ ပြောကတည်းက ရောက်ဖူးချင်ခဲ့၏။ မြန်မာစာ အဓိကဖြစ်၍ တောင်ငူဆောင်မှာ တက်ရသည်။ ဌာနမှူးက ပါမောက္ခဆရာမကြီး ဒေါ်စီစီဝင်း ဖြစ်သည်။ အဓိပတိလမ်းနှင့် ဘွဲ့နှင်းသဘင်၊ ဂျပ်ဆင်၊ အာရ်စီ၊ သစ်ပုပ်ပင်၊ အင်းလျားဘေးက အကြော်ဆိုင်၊ ယမ်းဘီလူး၊ ဦးချစ်။ ဒါက ရတနာ၊ ဒါက အင်းလျား၊ ဒါက သီရိ။ မျက်လုံးလေးကလယ်ကလယ်ဖြင့် ရှိနေခဲ့၏။

နယ်ကမဟုတ်ဘဲ ဗိုလ်တထောင်နယ်မြေက ဂုဏ်ထူးတန်းဝင်လို့ ကျောင်းဆောင်နေခွင့် မရခဲ့ပေ။ မိဘ၏မိတ်ဆွေများ ချိတ်ဆက်ပေးမှုဖြင့် ထွန်းလင်းရိပ်သာလမ်းထဲက အဆောင်မှာ နေခွင့်ရခဲ့၏။ အထင်ကရ ဂန္ထဝင်လမ်းလေးအဖြစ် မှတ်ယူသည်။ နှစ်အိမ်ကျော်တွင် ဆရာကြီး ဦးခင်အေး(မောင်ခင်မင်-ဓနုဖြူ) ၏ အိမ်ရှိနေသည်။ [ဆရာ့၏ "စကားပြေသဘောတရားနှင့် စကားပြေအတတ်ပညာ" စာအုပ်ကို ဆုအဖြစ်ရရှိခဲ့သည်။ ၁၉၈၄-၈၅ ပညာသင်နှစ် ပညာရည်ထူးချွန်ဆု (ပထမဆု) အဖြစ် ဌာနမှူးဆရာမကြီး ဒေါ်မြမြဝင်းက ချီးမြှင့်ခဲ့ခြင်း ဖြစ်သည်။] ဆရာကြီးသည် စာပေဖြင့်သာ မွေ့လျော်ပြီး ဘဝကို တည်ဆောက်ထားသူဖြစ်သည်။ ခပ်လှမ်းလှမ်း မျက်စောင်းထိုးမှာ သပြေညို ရှိသည်။ ဆရာကြီး မင်းသုဝဏ်ကို မြင်တွေ့ခွင့်ရခြင်း၊ ဆရာသမားများနှင့် အတူ သွားရောက်ကြုံဆုံရခြင်းက မင်္ဂလာရှိခဲ့သည်။ ဆရာကြီးရေးဖွဲ့ခဲ့သော ကလေးကဗျာများကို ရွတ်ဆိုရင်း မိမိတို့တစ်တွေ ကြီးပြင်းခဲ့ရသည်။ (ခေတ်စမ်းစာပေ၏ ဖခင်ကြီး။ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန၏ ဒုတိယ မြောက်ပါမောက္ခ) ဆရာကြီး၏ အိမ်ရှေ့တွင် မီးကင်းတဲ တစ်ခုရှိ၏။ ထိုကင်းတဲမှာ ရပ်ကွက်သားများနှင့် စကားစမြည် ပြောနေတတ်သော ဆရာကြီး၏ ရိုးရှင်းမှုကို မြင်နိုင်သည်။

တောင်ငူဆောင်ပထမထပ် အခန်း(၁၀၈) တွင် ဂုဏ်ထူးတန်း သုံးနှစ်စလုံး တက်ရောက်ခဲ့သည်။ ဒီအခန်း၊ ဒီနေရာ၊ ဒီခုံ။ မသိရင် စာမေးပွဲပဲ ကျသလိုလို။ ကျောင်းဆောင်ရှေ့က တောင်ပိန္နဲပင်ကြီးလို မရွှေ့မပြောင်း၊ ငြိမ်ငြိမ်သက်သက်။ ကျောင်းဝင်းထဲမှာ ကံ့ကော်တွေ၊ စိန်ပန်းတွေ၊ ငုဝါတွေ၊ ခရေတွေက အလှည့်ကျ ဝေလိုက်၊ ကြွေလိုက်၊ နီလိုက်၊ ဝါလိုက်။ လမ်းဘေးက စာအုပ်အဟောင်းဆိုင်တွေမှာ မိမိတို့သူငယ်ချင်းတွေ မွှေလိုက်၊ နှောက်လိုက်။ အချိန်တွေက မနေ့တစ်နေ့ကလိုပါပဲ။ ဂုဏ်ထူးတန်းကျောင်းသူဘဝ၊ မဟာဝိဇ္ဇာတန်းကျောင်းသူဘဝ အဆင့်ဆင့်တက်လှမ်းခဲ့သည်။

မန္တလေးဆောင်ရှေ့ အဓိပတိလမ်းဘေးက ရေတမာပင်ရိပ်အောက်မှာ ဖိနပ်ခုထိုင်ရင်း သူငယ်ချင်းတွေနှင့် အတူ ထမင်းတစ်ထုပ်ကို ခွဲဝေစားသောက်ခဲ့ဖူးသည်။ အဓိပတိလမ်းမထက်မှာ ကျောင်းသား ကျောင်းသူတွေ အပြည့်။ ကန်လမ်းထဲက သူငယ်ချင်းအဆောင်မှာ နေဖြစ်သေးသည်။ ပြည်လမ်းမကြီးကို သွားလာခွင့်မရှိ ပိတ်လိုက်သည်။ တံတားဖြူ၏ ညနေခင်းသည် လူသူကင်းမဲ့နေခဲ့၏။ ပြည်လမ်းမအလယ်ကောင် သူငယ်ချင်းတစ်စု တင်ပျဉ်ခွေထိုင်ပြီး တောအုပ်ငယ်လေးလို စိမ်းညို့အုပ်ဆိုင်းကာ တိတ်ဆိတ်ငြိမ်သက်နေသော ကျောင်းတော်ကြီးရှိရာကို မျှော်ကြည့်နေမိသည်။ မြင်ကွင်းအချို့ကို အမှတ်ရနေသည်။ နောက်တစ်နေ့ ကြီးကြီးက ကားဖြင့်လာခေါ်၍ ဖခင်တာဝန်ကျရာ ပျဉ်းမနားမြို့သို့ ပြန်ခဲ့သည်။

မိခင်ဖြစ်သူက သမီးငယ်ပြန်လာလို့ ဝမ်းသာလိုက်၊ ကျောင်းဖွင့်ချိန်မှာ ဝမ်းနည်းမျက်ရည်ကျလိုက်နှင့်ပါ။ ပုံမှန်ကျောင်းပိတ်ရက်များအပြင် ပုံမှန်မဟုတ်သော ကျောင်းပိတ်ရက်များကြောင့် ကျောင်းဖွင့်ရက်တွေကို မျှော်မိသည်။ ခွန်အားရှိသောစာတွေ ဖတ်ဖြစ်သည်။ နှစ်(၃၀) ကျော်ခဲ့ပါပြီ။ လှသောဘဝကို ထုဆစ်သူများ စာအုပ်ထဲမှာ ရန်ကုန်စီးပွားရေးတက္ကသိုလ်က ဆရာမကြီး ဒေါ်ရီရီမြင့်၏ ပညာခေတ်ဆိုတာ တစ်နေ့ဖြစ်လာမှာဆိုတာ ဖတ်မိပြီး ထိုနေ့ကို မျှော်နေမိခဲ့သည်။ မိမိကိုယ်ကိုတရားရဲ့လားလို့ လဲစဉ်းစားသည်။ ဘဝလမ်းကြောင်း မပြောင်းအောင် ရပ်တည်နိုင်ခဲ့သည်။

### အဆောင်နည်းပြဘဝ

မဟာဝိဇ္ဇာကျမ်းပြုနေစဉ် ၁၉၉၃ ခုနှစ် နိုဝင်ဘာလတွင် ပျဉ်းမနား(ရေဆင်း) တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေး တက္ကသိုလ် မြန်မာစာဌာနတွင် နည်းပြဆရာမ ဖြစ်ခဲ့သည်။ ဌာနမှူးဆရာမကြီးက ဒေါ်ခင်ထားရီ ဖြစ်သည်။ ထိုကျောင်းတွင် နှစ်နှစ်တာဝန်ထမ်းပြီး ရန်ကုန်တက္ကသိုလ်ရောက်ခဲ့သည်။ ရန်ကုန်တက္ကသိုလ် (ကြည့်မြင်တိုင်နယ်မြေ) မှာ တာဝန်ထမ်းဆောင်စဉ် တစ်ဖက်ကလည်း ရန်ကုန်တက္ကသိုလ် ရတနာဆောင်တွင် အဆောင်နည်းပြတာဝန်ကို ထမ်းရွက်ခဲ့သည်။ အဆောင်မှူးက သမိုင်းဌာနမှ ဆရာမကြီး ဒေါ်ကြည်ကြည်ချို ဖြစ်သည်။ ပါမောက္ခချုပ်က ဆရာကြီး ဒေါက်တာထွန်းမောင် ဖြစ်သည်။ ကျောင်းဆောင်နှင့် ကျောင်းသားရေးရာ မော်ကွန်းထိန်းက ဆရာကြီး ဦးမြငွေ (ဂုဏ်ထူးတန်းတုန်းကဆရာ) ဖြစ်သည်။

နေချင်လွန်းလှသော ရန်ကုန်တက္ကသိုလ်၏ ကျောင်းဆောင်တွင် အဆောင်နည်းပြဖြစ်ခဲ့ပြီ။ ထိုစဉ်က အဆောင်ကျောင်းသူများသည် စားသောက်ရေးကိစ္စ၊ ဈေးဝယ်ခြမ်းရေးကိစ္စ စသည်တို့ကို အဆောင်နည်းပြ၊ အဆောင်ဝန်ထမ်းများနှင့် တွဲဖက်ကာ အလှည့်ကျတာဝန်ယူကြရသည်။ ဂုဏ်ပြုပွဲ၊ ညစာစားပွဲ၊ ညှော့ခံဖျော်ဖြေပွဲ၊ လေ့လှော်ပြိုင်ပွဲ၊ ထမနဲပွဲ၊ ဝါတွင်းကာလ ဥပုသ်ပွဲ၊ အာဂုံဆောင်ပြိုင်ပွဲ၊ ကထိန်ပွဲ၊ ကမ္ဘာအေး ဆွမ်းဆန်စိမ်းလောင်းပွဲ၊ ပညာရေးဝန်ကြီးဌာနမဏ္ဍာပ် သင်္ကြန်ပွဲ စသည့် စသည့်ပွဲများတွင် လိုအပ်သည့် ကဏ္ဍအလိုက် ကျောင်းဆောင်အသီးသီးက တာဝန်ယူရသည်။

တက္ကသိုလ်များဓမ္မာရုံတွင် ပဋ္ဌာန်း၊ ဓမ္မစကြာ ရွတ်ဆိုပူဇော်အာဂုံဆောင်ပြိုင်ပွဲများ နှစ်စဉ်ကျင်းပသည်။ နှစ်ကြိမ်ဝင်ရောက်ပူဇော်ဖြစ်ခဲ့သည်။ ကထိန်ကာလတွင် ဘွဲ့နှင်းသဘင်ခန်းမရှေ့၌ ပဒေသာပင်များ စီတန်းနေရာယူရ၏။ တက္ကသိုလ်များ ဓမ္မာရုံသို့မပို့မီ ပဒေသာပင်၏ တန်ဖိုးအလှူတော်ငွေများ၊ အလှအပမွမ်းမံထားမှု လက်ရာများကို လိုက်လံကြည့်ရှုကြ၏။ အဆောင်နည်းပြ အချင်းချင်း၊ ဘာသာရပ်အချင်းချင်း သူနိုင်ကိုယ်နိုင် ပြိုင်ကြသည်။ အိုးစည်ဗုံမောင်းသံများကလည်း ဝေစည်လို့ နေသည်။

ကျွန်မတို့ချစ်ခင်ရသော အဆောင်မှူးမမနှင့်တကွ အဆောင်မှူးများအားလုံး တက်တက်ကြွကြွ ရှိလှသည်။ အင်းလျားဆောင် အဆောင်မှူးသည် ကျွန်မတို့၏ မိခင်သဖွယ်ဖြစ်သော ဆရာမကြီး ဒေါ်မြမြဝင်း၊ သီရိဆောင် အဆောင်မှူးသည် ကျွန်မတို့အားကျရသော ဥပဒေပညာဌာနမှ ဆရာမကြီး ဒေါ်သန်းနွဲ့၊ အင်းဝဆောင် အဆောင်မှူးမှာ ကျွန်မတို့ ချစ်ခင်လေးစားရသော ဆရာကြီး ဦးမျိုးသန့်၊ စစ်ကိုင်းဆောင်အဆောင်မှူးမှာ ပထဝီဝင်ဌာနမှ ဆရာကြီး ဦးထွန်းသိန်း (ပါမောက္ခချုပ်-ငြိမ်း၊ မော်လမြိုင်တက္ကသိုလ်) စသည်ဖြင့် မှတ်မိနေပါသည်။ ယခု ဆရာကြီးကွယ်လွန်ခဲ့ပါပြီ။ အင်းဝဆောင်နှင့် ရတနာဆောင်သည် မောင်နှမဆောင်များဖြစ်ကြပါသည်။

တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်ရှေ့က ဖြတ်သွားတိုင်း စေတနာလုပ်အားပေးခဲ့သော ကာလများကို အမှတ်ရနေသည်။ ၁၉၉၃ ခုနှစ်က သူငယ်ချင်းများနှင့်အတူ စာကြည့်တိုက်လုပ်ငန်းအချို့ကို ကူညီဆောင်ရွက်ခဲ့ကြသည်။ စာကြည့်တိုက်မှူး ဆရာကြီး ဦးသော်ကောင်းက ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့သည်။ ဆရာကြီးနှင့်အတူ ဆရာဦးအောင်ကြီး၊ ဆရာဦးမောင်မောင်သိန်းနှင့် မမဒေါ်ခင်နှင်းဦးတို့က မိမိတို့တစ်တွေကို လက်ဖက်ရည်၊ စမူဆာတို့ဖြင့် အသိအမှတ်ပြုခဲ့ကြပါသည်။

မိမိသည် ရတနာဆောင်၏ စာကြည့်တိုက်တာဝန်ခံ ဖြစ်ပါသည်။ သောကြာနေ့တိုင်း စာငှားကတ်များဖြင့် ကျောင်းသူသမီးငယ်များကို ငှားရမ်းဖတ်ရှုစေသည်။ ယခုခေတ်တွင် လက်ကိုင်ဖုန်းများကြောင့် စာအုပ်ဖတ်သူ နည်းပါးလှသည်။ အဆောင်နေခဲ့ကြသော ကျောင်းသူဟောင်းကြီးများ၏ ပံ့ပိုးလှူဒါန်းမှုများက ကျောင်းဆောင်များအတွက် အထောက်အပံ့ ဖြစ်စေခဲ့ပါသည်။

စာမျက်နှာ ၁၅ သို့ ■



ရန်ကုန်တက္ကသိုလ်ကျောင်းသူများ ကွန်းခိုရာ သီရိဆောင်။ ဓာတ်ပုံ - တင်စိုး

**ရန်ကုန်တက္ကသိုလ်တွင် ဝိဇ္ဇာသိပ္ပံပညာရှင် စာတမ်းဖတ်ပွဲကို အောက်တိုဘာလရောက်လျှင် ကျင်းပလေ့ရှိသည်။ ထိုအချိန်သည် ရန်ကုန်တက္ကသိုလ်၏ မင်္ဂလာအရှိဆုံးအချိန်ဟု ဆိုနိုင်သည်။ ပညာရှင်အများပေါင်းစုံစုဝေးရာ အချိန်ဖြစ်သည်။ တက္ကသိုလ်၏အသက်သည် သုတေသနပင် ဖြစ်သည်။ မြန်မာစာဘာသာရပ်ကို မြန်မာစာခန်းမတွင် ဖတ်ကြားရသည်။ ကျွန်မတို့သည် ကိုယ်ဖတ်ရင် သူနားထောင်၊ သူဖတ်တော့ ကိုယ်အားပေး။ အခြားသော ဌာနတာဝန်နှင့် ဝေယျာဝစ္စများကို မလစ်ဟင်းအောင် ထမ်းရွက်ရင်း စာတမ်းဖတ်မည့်အချိန်ရောက်လျှင် တာဝန်ကျရာနေရာကနေ ပဝါလေးတစ်ထည်ကို လက်ဆင့်ကမ်းကြရင်း စာတမ်းများကို တက်ဖတ်ခဲ့ကြ၏။ မမေ့နိုင်စရာ နေ့ရက်တွေ ဖြစ်ခဲ့သည်။ ပညာရှင်ဆရာကြီး ဆရာမကြီးများက ပြန်လည်ကာ ဖြည့်စွက်ပေးခြင်း၊ ဆွေးနွေးခြင်းဖြင့် ပညာအမွေများကို လက်ဆင့်ကမ်းခဲ့ကြသည်။ ချစ်စရာ နေ့ရက်များပင်ဖြစ်။**

# ရန်ကုန်တက္ကသိုလ် နှစ် ၁၀၀ ပြည့် ရာပြည့်သဘင်အထိမ်းအမှတ် ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် တရားနာယူခြင်း အခမ်းအနားကျင်းပ




**နေပြည်တော် ဒီဇင်ဘာ ၁**

ရန်ကုန်တက္ကသိုလ် နှစ် ၁၀၀ ပြည့် ရာပြည့်သဘင် အထိမ်းအမှတ် ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့ နံနက် ၇ နာရီတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ် အောက်စ်ဖို့ဒ်ဆရာတော်ပါမောက္ခ ဒေါက်တာအရှင်ဓမ္မသာမိ D.Phil (Oxford, UK)နှင့် သံဃာတော်များအား အရဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

**တရားနာယူ**

ထို့နောက် ဆရာတော် အရှင်ဓမ္မသာမိက အတိတ် အနာအဆာများကုစားရာတွင် ရန်ကုန်တက္ကသိုလ်၏ အရေးပါသော အခန်းကဏ္ဍ (Yangon University can Lead in the Nation’s Healing the Past) ခေါင်းစဉ်ဖြင့် သာဓုအနုမောဒနာတရား ဟောကြားချီးမြှင့်ရာ ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ အမျိုးသားပညာရေး မူဝါဒကော်မရှင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပါမောက္ခချုပ်များ၊ ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဝန်ထမ်းများ တက်ရောက် တရားနာယူကြသည်။

**နေ့ဆွမ်းဆက်ကပ်လှူဒါန်း**

ယင်းနောက် အောက်စ်ဖို့ဒ်ဆရာတော် ဒေါက်တာ အရှင်ဓမ္မသာမိနှင့် ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်ရှိသံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

■ စာမျက်နှာ ၁၄ မှ

ရန်ကုန်တက္ကသိုလ်ကျောင်းဆောင် အသီးသီး၏ စိမ်းလန်းစိုပြည်ရေး၊ အဆောင်သာယာရေး၊ ဖွံ့ဖြိုး တိုးတက်ရေးကိစ္စအဝဝကို ပါမောက္ခချုပ် အဆက်ဆက် က ဂရုတစိုက် ရှိလှသည်။ ဆရာကြီးတို့၏ လမ်းညွှန်မှုကို ခံယူရင်း ကျွန်မတို့တစ်တွေ ဆောင်ရွက်ခဲ့ကြသည်။ ပါမောက္ခချုပ်ဆရာကြီး ဒေါက်တာတင်အောင်အေးနှင့် ပါမောက္ခချုပ်ဆရာကြီး ဒေါက်တာစိုးရင်တို့၏ မိသားစု သဖွယ် ဦးဆောင်လမ်းညွှန် ဝန်းရံမှုများသည် ချစ်ခင် ကြည်ညိုဖွယ်ဖြစ်စေခဲ့သည်။

**ရန်ကုန်တက္ကသိုလ်ဝန်ထမ်းဘဝ**

ကြည့်မြင်တိုင်နယ်မြေကနေ သန်လျင်ကောလိပ် (ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ မြိတ်တက္ကသိုလ် အဆင့်ဆင့် ပြောင်းရွှေ့ခဲ့ရသည်။ မြိတ်တက္ကသိုလ်နှင့် ရတနာဆောင် ကူးချည်သန်းချည်ဖြင့် ၂၀၀၆ ခုနှစ် ဩဂုတ်လတွင် ပါရဂူကျမ်း ပြီးမြောက်ခဲ့သည်။ ၂၀၀၈ ခုနှစ် နှစ်ဆန်းတွင် ရန်ကုန်တက္ကသိုလ်သို့ ပြောင်းရွှေ့မိန့် ကျလို့ ပျော်ရွှင်ရပါ၏။ ပါမောက္ခ/ဌာနမှူး ဆရာမကြီး ဒေါ်ခင်ဆွေမြင့် အငြိမ်းစားယူကာလဖြစ်၍ နောက်ထပ် ပါမောက္ခ/ဌာနမှူး ဆရာမကြီးက ဒေါက်တာခင်ဆန်းဦး ဖြစ်သည်။ မကြာမီ ပါမောက္ခဆရာကြီးအဖြစ် ဒေါက်တာ အောင်မြင့်ဦး ရောက်ရှိလာပါသည်။ မေတ္တာတရား၊ ကိုယ်ချင်းစာတရားများဖြင့် ရပ်တည်ပေးခဲ့ကြသော ဆရာကြီး ဆရာမကြီးများဖြစ်၍ အလုပ်တာဝန် များကို ပျော်ရွှင်စွာ ထမ်းရွက်နိုင်ခဲ့ကြ၏။ ထိုစဉ်က ရန်ကုန်တက္ကသိုလ်တွင် တပ်မတော်အရာရှိငယ်များ တက်ရောက်နေသော မဟာတန်းနှင့် ပါရဂူတန်းများသာ ရှိပါသည်။

ပါရဂူဘွဲ့ရပြီးသား ကထိကဆရာ ဆရာမများကို ပါရဂူဘွဲ့ကြိုတန်းတွင် ဆရာ ဆရာမကြီးများနှင့် တွဲဖက်၍ ပို့ချစေသည်။ ကျွန်မတို့သည် ပို၍ ရုန်းကန် ကြိုးစားကြရသည်။ အတွေ့အကြုံများရခဲ့သည်။ ဌာန ဂျူတီအားလျှင် သင်တန်းသား သင်တန်းသူများနှင့်အတူ သင်ယူကြပြန်သည်။ သင်ယူခြင်းဌာ မရောင့်ရဲ။ လွတ်သွားသော ဆရာကြီး ဆရာမကြီးများ၏ လက်ချာ များကို အချင်းချင်းဖြန့်ဝေကြသည်။ ဆရာကြီး ဒေါက်တာခင်အေး၊ ဆရာကြီး ဦးအောင်သောင်း၊ ဆရာမကြီး ဒေါက်တာခင်သန်းဦး (ဆရာမကြီး မမိုးမြေ)၊ ဆရာကြီး ဒေါက်တာအောင်မြင့်ဦးတို့၏ ပို့ချမှုများကို အချိန်တော်တော်များများ တက်ရောက်ဖြစ်ခဲ့သည်။ တန်ဖိုးကြီးလှ၏။ ပါရဂူကျမ်း စာစစ်အဖွဲ့ဝင်များ အဖြစ်လည်း ကျွန်မတို့အား လေ့ကျင့်ပေးခဲ့ကြ၏။

ရန်ကုန်တက္ကသိုလ်ရှိ ဌာနတိုင်းသည်–

ပါရဂူကျမ်းပြု စာတမ်းဖတ်ပွဲ၊ မဟာသုတေသန စာတမ်းဖတ်ပွဲများဖြင့် စည်ကားလှသည်။ “ကြံစည်ခြင်း အလေ့ရှိရာအရပ်သည်သာ တက္ကသိုလ်ဖြစ်သင့်သည်။ ကြံစည်ခြင်းအလေ့အကျင့်မရှိလျှင် တက္ကသိုလ်အမည်ခံ ထားစေကာမူ တက္ကသိုလ်မဖြစ်နိုင် ကြံစည်ခြင်း အလေ့အကျင့်ရှိလျှင် တက္ကသိုလ်အမည်မခံစေကာမူ တက္ကသိုလ်ဖြစ်ပေသည်”ဟု ဆရာဇော်ဂျီက ဆိုခဲ့သည်။ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတွင် တနင်္လာနေ့မနက် ၉ နာရီထိုးလျှင် စာတမ်းဖတ်ပွဲ အမြဲစတင်ပါသည်။ ဌာနရှိ ဆရာ ဆရာမများ အလှည့်ကျ စာတမ်းတင်သွင်း ဖတ်ကြား ရသည်။ “စာတမ်းဖတ်ပွဲတွေမှာ ထမဆွေးနွေးရင် ဌာန အလုပ်မလုပ်တာ” ဟု ဆရာကြီး၏ ချစ်ခင်ဖွယ် တွန်းအား ပေးမှုက ဆရာ ဆရာမအားလုံး၏ အရည်အသွေးကို ဖွံ့ဖြိုး စေခဲ့သည်။ စာတမ်းရှင်က ကော်ဖီ၊ မုန့်တို့ဖြင့် ဒါနပြု ကျွေးမွေးလျှင် ပျော်ပျော်ကြီး စားကြသည်။

ဌာန၏ ရည်ညွှန်းစာကြည့်တိုက် တာဝန်ခံအဖြစ် ကြိုးစားဆောင်ရွက်ခဲ့သည်။ ဌာနတွင်း ကွန်ပျူတာ သင်တန်းတွင် ဆုလိုချင်၍ အပြိုင်အဆိုင် ကြိုးစားခဲ့ကြ သည်။ အနုပညာဖွံ့ဖြိုးမှု၊ ယဉ်ကျေးမှု ထိန်းသိမ်းရေး တို့အတွက် မြန်မာ့တူရိယာ စောင်းတီးသင်တန်း ဖွင့်လှစ် ပေးပါသည်။ မြန်မာစာဌာနတွင် စာသံ၊ ပေသံ၊ ဂီတသံတို့ဖြင့် သာသာယာယာရှိလှသည်။

ရန်ကုန်တက္ကသိုလ်တွင် ဝိဇ္ဇာသိပ္ပံပညာရှင် စာတမ်း ဖတ်ပွဲကို အောက်တိုဘာလရောက်လျှင် ကျင်းပလေ့ရှိသည်။ ထိုအချိန်သည် ရန်ကုန်တက္ကသိုလ်၏ မင်္ဂလာအရှိဆုံး အချိန် ဟု ဆိုနိုင်သည်။ ပညာရှင်အများပေါင်းစုံစုဝေးရာ အချိန် ဖြစ်သည်။ တက္ကသိုလ်၏အသက်သည် သုတေသနပင် ဖြစ်သည်။ မြန်မာစာဘာသာရပ်ကို မြန်မာစာခန်းမတွင် ဖတ်ကြားရသည်။ ကျွန်မတို့သည် ကိုယ်ဖတ်ရင် သူနားထောင်၊ သူဖတ်တော့ ကိုယ်အားပေး။ အခြားသော ဌာနတာဝန်နှင့် ဝေယျာဝစ္စများကို မလစ်ဟင်းအောင် ထမ်းရွက်ရင်း စာတမ်းဖတ်မည့်အချိန်ရောက်လျှင် တာဝန် ကျရာနေရာကနေ ပဝါလေးတစ်ထည်ကို လက်ဆင့်ကမ်း ကြရင်း စာတမ်းများကို တက်ဖတ်ခဲ့ကြ၏။ မမေ့နိုင်စရာ နေ့ရက်တွေ ဖြစ်ခဲ့သည်။ ပညာရှင်ဆရာကြီး ဆရာမကြီး များက ပြန်လည်ကာ ဖြည့်စွက်ပေးခြင်း၊ ဆွေးနွေးခြင်းဖြင့် ပညာအမွေများကို လက်ဆင့်ကမ်းခဲ့ကြသည်။ ချစ်စရာ နေ့ရက်များပင် ဖြစ်ပါသည်။ ရန်ကုန်တက္ကသိုလ်သည် တက္ကသိုလ်ဝင်စာမေးပွဲကြီး ပြီးဆုံးချိန် အဖြေလွှာများ (မစစ်ဆေးခင်နှင့် စစ်ဆေးပြီး)ကိစ္စရပ်များနှင့်ပတ်သက်၍ ဆောင်ရွက်ရသောလုပ်ငန်းစဉ်များ ရှိပါသည်။ ကျွန်မတို့ တစ်တွေသည် ဆရာမကြီး၏စေလွှတ်မှုဖြင့် နှစ်စဉ် ကူညီထမ်းရွက်ခဲ့ကြသည်။

နာဂစ်အလွန် သတိကြီးစွာဖြင့် ဆောင်ရွက်ခဲ့ရသော အောင်မြင်မှုများသည် အမှတ်တရဖြစ်စေခဲ့ပါသည်။

ရတနာဆောင်နှင့် တောင်ငူဆောင် ၁၅ မိနစ်မျှသာ ကြာသည့် ပမာဏကို နာဂစ်အပြီးတွင် ၄၅ မိနစ်ကြာမှ ဦးတည်ရာသို့ ရောက်ရ၏။ မြင်ကွင်းက အိပ်မက်တစ်ခုလို ဖြစ်ခဲ့သည်။ မလဲမပြိုကျန်ရစ်ခဲ့သော သစ်ပုပ်ပင်ကြီးက ရန်ကုန်တက္ကသိုလ်၏ နိမိတ်ကို ဖော်ဆောင်ပေးခဲ့သည်။ ပြုပြင်၊ ပြင်ဆင်၊ ပြောင်းလဲမှုများ ပြီးဆုံးချိန်တွင်မူ ရန်ကုန် တက္ကသိုလ်ကြီးသည် မြက်ခင်းစိမ်းလေးတွေကအစ လှပ နေတော့၏။

ရန်ကုန်တက္ကသိုလ်ကြီးသည် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် နှစ် (၁၀၀) ပြည့်ခဲ့သည်။ ကျွန်မတို့ နားခိုကာ ပညာသင်ကြားခဲ့သော၊ တာဝန်ထမ်းခဲ့ရသော ကာလ များထက် ပိုမို၍ ပြည့်စုံဝင့်ကြွားလာမှု၊ ကဏ္ဍသစ်များဖြင့် ပွင့်ဖူးဝေဆာနေမှုများကား အနာဂတ်နိုင်ငံတော်အတွက် အားရစရာပင် ဖြစ်ပါသည်။ ကျောင်းတော်ကြီး၏ နှစ် (၁၀၀) အတွင်းမှာ မိမိသည် သဲတစ်ပွင့်အဖြစ် ပါဝင်နိုင်ခဲ့ခြင်းကို ဂုဏ်ယူပါသည်။

ရန်ကုန်တက္ကသိုလ်ကြီးက မွေးထုတ်ပေးလိုက်သော၊ နယ်တက္ကသိုလ်အသီးသီးမှာ တာဝန်ထမ်းဆောင်နေကြ သော သူငယ်ချင်းများ၊ မောင်ငယ် ညီမငယ်များ၊ နယ်ပယ် အသီးသီးမှာ နိုင်ငံ့တာဝန်ထမ်းရွက်နေကြသော မိတ်ဆွေ ငယ်ပေါင်းများ အားလုံး၏ ရင်ထဲတွင် ကိုယ်စီမှတ်တမ်းများ ရှိနေကြမည်သာ။ အားလုံး၏ကိုယ်စား ရင်တွင်းကဗျာ တစ်ပုဒ်ဖြင့် အဆုံးသတ်ချင်ပါသည်။ အမိတက္ကသိုလ်ကြီး ကလည်း လွမ်းနေမည်ထင်ပါသည်။

❖ **ကြွေရွက်တွေ လေမှာဝဲ**
**စိန်ပန်းတွေ မြေမှာကြဲ**
**အင်ကြင်း၊ သရဖီ၊ ငုစပ်၊ ပိတောက်တို့**
**ခြေရာပျောက်...**
**ဥဩငယ်လည်း ကိုယ်ယောင်ဖျောက်**
**တစ်နွေပျောက်ပြန်ပေါ့ ချစ်သူမယ်။**

❖ **အဓိပတိလမ်းတစ်လျှောက်**
**နှင်းကြွင်းစက်တွေသောက်တဲ့**
**ကံ့ကော်တွေ မြိုင်မြိုင်ပွင့်**
**ဝတ်မှုန်တွေ ကြိုင်လှိုင်လွင့်**
**သံချိုဆင့် တေးပန်းချီ**
**ရေးမမီနိုင်ဘူးတဲ့**
**ကျောင်းဖွင့်ရာသီ။**

❖ **မိုးပုလဲပွင့်တို့ ဖွဲဖွဲဝေစည်**
**တစ်နွေအပီ၊ တစ်မိုးချစ်လို့**
**တစ်ဆောင်းက သစ်ဦးမည်ကွယ်..**
**စစ်ကိုင်းလမ်း- ပုဂံလမ်း**
**မျှော်တမ်းငေးလို့**
**ချစ်သမီး သားတို့ရေ...**
**ပြန်မလာနိုင်တော့ပြီလား။**

❖ **အာရိစီ၊ ဂျပ်ဆင်၊ သစ်ပုပ်ပင်အိုနဲ့**
**မြကျွန်းညိုညို လှိုင်းဂယက်နံဘေး**
**နှစ်(၁၀၀)ဂုဏ်ပြုအလွမ်းတေးတွေကို**
**ဘဝင်ညံ သီဆိုကျူးပါပေါ့**
**အလှမ်းဝေးနိုင်ပြီကောကွယ်**
**ဝေးဆိုမှဝေး။**

အမိရန်ကုန်တက္ကသိုလ်ကို လွမ်းပါသည်။ ။



## စာရေးသူ၏ အတ္ထုပ္ပတ္တိအကျဉ်း

| | | |
|---|---|---|
| အမည်ရင်း | – | ဒေါက်တာမော်မော်အောင် |
| ဇာတိ | – | ရန်ကုန် |
| ပညာအရည်အချင်း | – | ဘီအေ(ဂုဏ်ထူးဘွဲ့) (၁၉၉၁) |
| | – | မဟာဝိဇ္ဇာဘွဲ့ (၁၉၉၆) |
| | – | ပါရဂူဘွဲ့ (၂၀၀၆) |
| | – | အင်္ဂလိပ်စာဒီပလိုမာဘွဲ့ (၂၀၀၉) ဘွဲ့များကို ရန်ကုန်တက္ကသိုလ်က ရရှိခဲ့သည်။ |
| အခြား ကလောင်အမည် | – | မော်မော်အောင် (ရန်ကုန်တက္ကသိုလ်)၊ ရွှေစာသင်၊ ရွှေညီမလေး၊ ရွှေမော်မော်။ |
| တာဝန်ထမ်းခဲ့သော တက္ကသိုလ်များ | – | တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေးတက္ကသိုလ် |
| | – | ရန်ကုန်တက္ကသိုလ် (ကြည့်မြင်တိုင်နယ်မြေ) |
| | – | ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ် |
| | – | မြိတ်တက္ကသိုလ် |
| | – | ရန်ကုန်တက္ကသိုလ် |
| | – | မော်လမြိုင်တက္ကသိုလ် |
| | – | လွိုင်ကော်တက္ကသိုလ် |
| ယခု လက်ရှိတာဝန် | – | ပါမောက္ခ၊ မြန်မာစာဌာန၊ မော်လမြိုင်တက္ကသိုလ် |

# ကာကွယ်ဆေးပေါ်ရင် မြန်မြန်ဆန်ဆန်ရအောင် အစီအစဉ်တွေလုပ်ထား



ကိုဗစ်နဲ့ပတ်သက်ပြီး ကာကွယ်ဆေးက ဘယ်တော့ရမလဲ၊ ဘယ်တော့ထွက်မလဲဆိုတာ တချို့ကတော့ သိချင်မှာပေါ့။ နောက်ဆုံးရတဲ့ သတင်းအရတော့ ဆေးဝါးထုတ်လုပ်မှုကုမ္ပဏီကြီးတစ်ခုကဆိုရင် ကိုဗစ်နဲ့ ပတ်သက်တဲ့ကာကွယ်ဆေး ထုတ်လုပ်စမ်းသပ်တဲ့အဆင့်ဟာ ၉၇ ရာခိုင်နှုန်းရောက်နေပြီလို့ ပြောပါတယ်။ တချို့ကဆိုရင် နောက်လလောက်ကစပြီးတော့ ဒီကုမ္ပဏီကနေ ထုတ်နိုင်မယ့်အနေအထားရှိနိုင်တယ်လို့ တွက်ကြပါတယ်။ ဘယ်လိုပဲပြောပြောပေါ့။ ကုမ္ပဏီကြီးတစ်ခုကနေ စထုတ်နိုင်ပြီဆိုရင် တခြားကုမ္ပဏီတွေက လည်း ထုတ်ကြမှာပဲ။ ဒီတစ်ခုတည်း ထုတ်မှာမဟုတ်ပါဘူး။ ဒီကုမ္ပဏီကြီးက သူတို့နိုင်ငံသားကိုတော့ အရင် ဦးစားပေးမှာပေါ့။ ဒါတော့ သဘာဝကျပါတယ်။ သို့သော်လည်း ကျွန်မတို့အနေနဲ့လည်း စောစောစီးစီး ကာကွယ်ဆေးပေါ်ရင် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုအဖွဲ့တွေရဲ့ အကူအညီနဲ့ မြန်မြန်ဆန်ဆန် ကျွန်မတို့ ပြည်သူတွေအတွက် ကာကွယ်ဆေးရအောင်လုပ်ဖို့ အစီအစဉ်တွေလုပ်ထားပါတယ်။

(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၀-၁၁-၂၀၂၀ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၁-၁၂-၂၀၂၀) ရက်နေ့၊ ညနေ (၅:၃၀)နာရီ**

(၃၀-၁၁-၂၀၂၀) ရက်နေ့အတွက် **ဓာတ်ခွဲအတည်ပြုလူနာ (၁၂၂၇) ဦး**၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ပြည်နယ်/ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | မင်္ဂလာဒုံ | ၇၀ |
| | | ရွှေပြည်သာ | ၅၁ |
| | | တာမွေ | ၄၆ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၂၉ |
| | | အင်းစိန် | ၂၅ |
| | | တောင်ဥက္ကလာပ | ၂၅ |
| | | မြောက်ဥက္ကလာပ | ၂၄ |
| | | သင်္ဃန်းကျွန်း | ၂၃ |
| | | စမ်းချောင်း | ၂၂ |
| | | ဒေါပုံ | ၂၀ |
| | | မရမ်းကုန်း | ၁၉ |
| | | ကမာရွတ်* | ၁၈ |
| | | သာကေတ | ၁၇ |
| | | သန်လျင် | ၁၆ |
| | | မှော်ဘီ | ၁၅ |
| | | ရန်ကင်း | ၁၅ |
| | | ဒဂုံမြို့သစ် (ဆိပ်ကမ်း) | ၁၄ |
| | | လှိုင် | ၁၃ |
| | | လှိုင်သာယာ | ၁၂ |
| | | လှည်းကူး | ၁၂ |
| | | ပြင်ပမြို့နယ် | ၁၁ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၉ |
| | | မင်္ဂလာတောင်ညွန့် | ၈ |
| | | ကျောက်တံတား | ၈ |
| | | ဆိပ်ကြီးခနောင်တို | ၈ |
| | | ဒလ | ၇ |
| | | တွံတေး | ၇ |
| | | အလုံ | ၆ |
| | | ပုဇွန်တောင် | ၅ |
| | | ကွမ်းခြံကုန်း | ၅ |
| | | ဗိုလ်တထောင် | ၄ |
| | | ဒဂုံ | ၄ |
| | | ထန်းတပင် | ၄ |
| | | ပန်းဘဲတန်း | ၃ |
| | | ပန်းဘဲတန်း | ၃ |
| | | ခရမ်း | ၂ |
| | | ကော့မှူး | ၂ |
| | | ကြည့်မြင်တိုင် | ၂ |
| | | အရှေ့ဒဂုံ | ၁ |
| | | ကောက်တန်း | ၁ |
| | | တိုက်ကြီး | ၁ |
| | | | စုစုပေါင်း ၅၅၉ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | ချမ်းအေးသာဇံ | ၆၁ |
| | | မဟာအောင်မြေ | ၃၇ |
| | | ပြည်ကြီးတံခွန် | ၂၂ |
| | | ချမ်းမြသာစည် | ၈ |
| | | အောင်မြေသာဇံ | ၈ |
| | | ချမ်းမြသာစည် | ၇ |
| | | မိတ္ထီလာ | ၇ |
| | | ပုသိမ်ကြီး | ၅ |
| | | မိတ္ထီလာ | ၄ |
| | | အမရပူရ | ၄ |
| | | ဝမ်းတွင်း | ၂ |
| | | မလှိုင် | ၁ |
| | | မြင်းခြံ | ၁ |
| | | ပျော်ဘွယ် | ၁ |
| | | | စုစုပေါင်း ၁၅၇ |
| ၃။ | ပဲခူးတိုင်းဒေသကြီး | ပဲခူး | ၆၃ |
| | | ကဝ | ၁၉ |
| | | သနပ်ပင် | ၁၂ |
| | | ပြည် | ၈ |
| | | အုတ်တွင်း | ၅ |
| | | တောင်ငူ | ၄ |
| | | ဝေါ | ၄ |
| | | မိုးညို | ၄ |
| | | လက်ပံတန်း | ၃ |
| | | ပြည် | ၂ |
| | | ညောင်လေးပင် | ၂ |
| | | ဒိုက်ဦး | ၁ |
| | | ရေတာရှည် | ၁ |
| | | မင်းလှ | ၁ |
| | | ဇီးကုန်း | ၁ |
| | | သဲကုန်း | ၁ |
| | | | စုစုပေါင်း ၁၄၂ |
| ၄။ | မွန်ပြည်နယ် | သထုံ | ၂၁ |
| | | ရေး | ၂၀ |
| | | မော်လမြိုင် | ၂၀ |
| | | ကျိုက်မရော | ၁၈ |
| | | ပေါင် | ၁၂ |
| | | ဘီးလင်း | ၁၁ |
| | | ချောင်းဆုံ | ၁၀ |
| | | သံဖြူဇရပ် | ၈ |
| | | ကျိုက်ထို | ၃ |
| | | | စုစုပေါင်း ၁၃၀ |
| ၅။ | ဧရာဝတီတိုင်းဒေသကြီး | ဟင်္သာတ | ၁၄ |
| | | ဖျာပုံ | ၁၃ |
| | | ပုသိမ် | ၁၂ |
| | | မြောင်းမြ | ၅ |
| | | ဒေးဒရဲ | ၄ |
| | | ကျိုက်လတ် | ၃ |
| | | ညောင်တုန်း | ၃ |
| | | မြန်အောင် | ၂ |
| | | လပွတ္တာ | ၂ |
| | | အင်္ဂပူ | ၁ |
| | | ကြံခင်း | ၁ |
| | | ကျုံပျော် | ၁ |
| | | ဓနုဖြူ | ၁ |
| | | ပန်းတနော် | ၁ |
| | | | စုစုပေါင်း ၅၇ |
| ၆။ | ရှမ်းပြည်နယ် | ကလော | ၂၀ |
| | | တာချီလိတ် | ၁၂ |
| | | တောင်ကြီး | ၃ |
| | | နမ့်ဆန် | ၂ |
| | | လားရှိုး | ၁ |
| | | ပင်လောင်း | ၁ |
| | | | စုစုပေါင်း ၃၉ |
| ၇။ | ကရင်ပြည်နယ် | ဘားအံ | ၂၀ |
| | | ကော့ကရိတ် | ၈ |
| | | လှိုင်းဘွဲ့ | ၄ |
| | | မြဝတီ | ၃ |
| | | | စုစုပေါင်း ၃၆ |
| ၈။ | မကွေးတိုင်းဒေသကြီး | ပခုက္ကူ | ၆ |
| | | ချောက် | ၇ |
| | | စလင် | ၅ |
| | | မင်းဘူး | ၄ |
| | | မကွေး | ၃ |
| | | ပွင့်ဖြူ | ၂ |
| | | မြို့သစ် | ၂ |
| | | ရေနံချောင်း | ၁ |
| | | မြိုင် | ၁ |
| | | မင်းလှ | ၁ |
| | | | စုစုပေါင်း ၃၅ |
| ၉။ | ရခိုင်ပြည်နယ် | စစ်တွေ | ၁၃ |
| | | ကျောက်ဖြူ | ၁၀ |
| | | ဗီ | ၂ |
| | | မာန်အောင် | ၁ |
| | | သံတွဲ | ၁ |
| | | | စုစုပေါင်း ၂၀ |
| ၁၀။ | စစ်ကိုင်းတိုင်းဒေသကြီး | ကလေး | ၇ |
| | | မုံရွာ | ၅ |
| | | ရွှေဘို | ၃ |
| | | ယင်းမာပင် | ၁ |
| | | ကန့်ဘလူ | ၁ |
| | | | စုစုပေါင်း ၁၇ |
| ၁၁။ | နေပြည်တော် | ဇေယျာသီရိ | ၄ |
| | | ဥတ္တရသီရိ | ၃ |
| | | ပျဉ်းမနား | ၂ |
| | | ဒက္ခိဏသီရိ | ၂ |
| | | | စုစုပေါင်း ၁၁ |
| ၁၂။ | တနင်္သာရီတိုင်းဒေသကြီး | မြိတ် | ၇ |
| | | ထားဝယ် | ၂ |
| | | ဘုတ်ပြင်း | ၁ |
| | | | စုစုပေါင်း ၁၀ |
| ၁၃။ | ချင်းပြည်နယ် | ဖလမ်း | ၄ |
| | | တီးတိန် | ၃ |
| | | ဟားခါး | ၁ |
| | | | စုစုပေါင်း ၈ |
| ၁၄။ | ကယားပြည်နယ် | လွိုင်ကော် | ၄ |
| | | ဒီမော့ဆို | ၁ |
| | | | စုစုပေါင်း ၅ |
| ၁၅။ | ကချင်ပြည်နယ် | မြစ်ကြီးနား | ၁ |
| | | | စုစုပေါင်း ၁ |
| (၃၀-၁၁-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | | (၁၂၂၇) ဦး |

* ကမာရွတ်မြို့နယ်မှ (၁)ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာပြီး အသွားအလာ ကန့်သတ်ထားရှိသူ ဖြစ်ပါသည်။

**မှတ်ချက်။** (၃၀-၁၁-၂၀၂၀)ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁၂၂၇)ဦးတွင် အနံ့မရရှိသူ (၁၄၈) ဦး ပါရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ကိုဗစ် – ၁၉ အကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒီဇင်ဘာ ၁ ရက် ညနေ ၆ နာရီခွဲတွင် ထုတ်လွှင့်ပြသခဲ့သည့် ကိုဗစ် – ၁၉ အကြောင်း သိကောင်းစရာ အမေး / အဖြေ အစီအစဉ်ကို ပြည်သူများ သိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။**

**အစီအစဉ်မှူး။** ။ လက်ရှိမြန်မာနိုင်ငံမှာ တွေ့နေရတဲ့ ကိုဗစ် – ၁၉ ရောဂါပိုးရှိသူတွေအနက် ၆၅ ရာခိုင်နှုန်းခန့်က ရောဂါလက္ခဏာမပြဘဲနဲ့ သာမန်အတိုင်း နေကောင်းကျန်းမာစွာ ရှိနေနိုင်တဲ့အတွက် ပြည်သူတွေအနေနဲ့ မိမိတို့ရဲ့ ကျန်းမာရေးကိုလည်း အထူးဂရုပြုပြီး နေထိုင်သင့်ပါတယ်။

အခုလတ်တလော တွေ့ရှိနေရတဲ့ ကိုဗစ် – ၁၉ ရောဂါပိုးဟာ မျိုးရိုးဗီဇပြောင်းလဲတဲ့အတွက်ကြောင့်လည်း အရင်ကထက် ၁၀ ခန့်ပိုမိုပြီး ကူးစက်မှုက မြန်ဆန်ပါတယ်။ ဒါကြောင့် ပြည်သူတွေအနေနဲ့ ရပ်ကွက်/ ကျေးရွာ/မြို့နယ်တွေ အတွင်းမှာ ဈေးရောင်းဈေးဝယ် ဆောင်ရွက်တဲ့အခါ ကိုဗစ် – ၁၉ ရောဂါကို ထိရောက်စွာ ကာကွယ်ရေး လမ်းညွှန်ချက်တွေကိုလည်း အထူးဂရုပြုဖို့ တိုက်တွန်းချင်ပါတယ်။

အပတ်စဉ်တင်ဆက်နေတဲ့ ကိုဗစ် – ၁၉ အကြောင်း သိကောင်းစရာ အမေး / အဖြေ အစီအစဉ်မှာ ပြည်သူတွေ သိလိုတဲ့ ကဏ္ဍတွေကိုလည်း ပါမောက္ခကြီးတွေ၊ သမားတော်ကြီးတွေနဲ့ ပညာရှင်တွေကနေပြီး ပါဝင်ဆွေးနွေးပေးလျက်ရှိပါတယ်။ ဒီကနေ့မှာ **ပါမောက္ခ ဒေါက်တာသင်းသင်းနွဲ့ [ပါမောက္ခ/ ဌာနမှူး၊ ဆေးပညာဌာန၊ ဆေးတက္ကသိုလ် – ၂ (ရန်ကုန်)]၊ ဒေါက်တာမိုးခိုင် [ညွှန်ကြားရေးမှူး (ကုသရေး)၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန]နဲ့ ဒေါက်တာသန်းနိုင်စိုး [ညွှန်ကြားရေးမှူး (ကျန်းမာရေးအသိပညာမြှင့်တင်ရေး)၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန]** တို့က ပါဝင်ဆွေးနွေးပေးမှာ ဖြစ်ပါတယ်။ ပထမဦးဆုံးအနေနဲ့ ဒေါက်တာသန်းနိုင်စိုးက ဦးဆောင်ဆွေးနွေးပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာသန်းနိုင်စိုး။** ။ ကျွန်တော့်အနေနဲ့ ပထမဦးဆုံးအနေနဲ့ မြောက်ဥက္ကလာပဆေး တက္ကသိုလ် – ၂ (ရန်ကုန်)မှ ဆေးပညာဌာန ပါမောက္ခ/ ဌာနမှူး ပါမောက္ခဒေါက်တာသင်းသင်းနွဲ့ကို ဖြေကြားပေးဖို့အတွက် ဖိတ်ခေါ်ပါတယ်။

**ပါမောက္ခဒေါက်တာသင်းသင်းနွဲ့။** ။ ဒီတစ်ပတ် ကိုဗစ်– ၁၉ အကြောင်း သိကောင်းစရာ အမေး/ အဖြေ ဒသမအပတ်အစီအစဉ်မှာ ရရှိတဲ့မေးခွန်းတွေအပေါ်မှာ ကျွန်မအနေနဲ့ အပိုင်း ၄ ပိုင်းခွဲပြီး ဆွေးနွေးသွားပါမယ်။ နံပါတ် (၁) က ကိုဗစ်– ၁၉ ရောဂါလက္ခဏာဖြစ်နေပြီးလားလို့ စိတ်ပူပြီး မေးထားတဲ့ မေးခွန်းရယ်၊ နံပါတ် (၂) က သူတို့အခုဆိုရင် ကိုဗစ် – ၁၉ ဖြစ်ပြီးတဲ့အခါမှာ မဖြစ်ခင်မှာ လူတွေက Pulse Oximeter တွေ ဝယ်တယ်။ အဲဒီအခါ Oxygen Levels ဘယ်လောက်ဆိုရင် Normal ဆိုတာသိချင်တဲ့ မေးခွန်းရယ်၊ နံပါတ် (၃) က ကိုဗစ် – ၁၉ Positive ဖြစ်နေတဲ့ မိခင်တွေက မွေးကင်းစ ကလေးကို နို့ချိုတိုက်ကျွေးနိုင်သလားဆိုတာရယ်၊ နံပါတ် (၄) က ကိုဗစ် – ၁၉ Positive ဖြစ်ထားပြီး ဘယ်အချိန်အထိ Positive ဖြစ်နေဦးမှာလဲဆိုပြီး မေးထားတဲ့ မေးခွန်းရယ် အားလုံးအပိုင်း လေးပိုင်းရှိပါတယ်။

နံပါတ် (၁) မေးခွန်းနဲ့ပတ်သက်လို့ ကိုဗစ် – ၁၉ ရောဂါလက္ခဏာဖြစ်နေပြီလားဆိုပြီး စိတ်ပူတာပေါ့နော်။ အဲဒီအခါ တော်တော်များများက စိတ်ပူပြီး ရန်ကုန်မြို့မှာရှိတဲ့ ဆေးရုံ၊ ဆေးခန်းနဲ့ Fever Clinic တွေကို လာပြီး ပြသကြတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကိုဗစ် – ၁၉ ရောဂါ လက္ခဏာရှိသူများ လက္ခဏာတွေ ဘာတွေ၊ ဘာတွေ ကိုဗစ် – ၁၉ ဖြစ်နိုင်တယ်ဆိုတာကို ကျွန်မတို့က ထုတ်ပြန်ကြေညာထားပြီး ဖြစ်ပါတယ်။

ဒါပေမယ့် ပြည်သူအများက ဖတ်ရှုတယ်။ ဒါပေမယ့် ဖတ်ရှုထားတာကို ထပ်ပြီးရှင်းပြလိုက်ရင် ပြည်သူတော်တော်များများက နည်းနည်းရှင်းရှင်းလင်းလင်း ပိုပြီးသိသွားမယ်။ ဒါကြောင့် အခု ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကြေညာထားတဲ့အတိုင်း ကျွန်မက ထပ်မံပြီး ရှင်းလင်းချင်ပါတယ်။ နံပါတ် (၁) က လူတစ်ယောက်ဟာ ဖျားမယ်။ ဖျားတယ်ဆိုရင် သူ့ရဲ့ အပူချိန်က ၁၀၀ ဒသမ ၄ ဒါက ကိုယ့်ရဲ့အိမ်မှာ သာမိုမီတာ ဖြစ်ဖြစ်၊ ဆေးရုံ/ ဆေးခန်းရောက်ရင် အဖျားတိုင်းလို့ရှိရင် **၁၀၀ ဒသမ ၄ ဖာရင်ဟိုက်ရှိမယ်။** နံပါတ် (၂) က ဖျားပြီးလို့ရှိရင် ဘာဖြစ်မလဲ၊ ချောင်းဆိုးမယ်။ သလိပ်မထွက်ဘဲ ချောင်းခြောက်တွေဆိုးမယ်။ နောက်တစ်ခုက ကိုယ်လက်တွေ မအီမသာတွေဖြစ်မယ်၊ မောလာမယ်၊ အစားအသောက်တွေ ပျက်လာမယ်၊ ဝမ်းပျက်တာတွေရှိမယ်၊ အနံ့မရဘူး နှာခေါင်းတွေ ပိတ်မယ်၊ နှာချေမယ် အဲဒီလက္ခဏာတွေရှိလာပြီဆိုရင်




ကိုဗစ်–၁၉ ရောဂါအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်တွင် ပါမောက္ခ ဒေါက်တာသင်းသင်းနွဲ့၊ ဒေါက်တာမိုးခိုင်နှင့် ဒေါက်တာသန်းနိုင်စိုးတို့ ပါဝင်ဖြေကြားဆွေးနွေးစဉ်။

ကျွန်မတို့က ကိုဗစ် – ၁၉ သံသယဖြစ်ပြီ လူတွေ နည်းနည်းလေး စိတ်ပူလာပြီ။ ဒီလက္ခဏာရှိလာပြီဆိုရင် နီးစပ်ရာ ဆေးရုံ/ ဆေးခန်းတွေကို သွားရောက်ပြီး ကိုဗစ်– ၁၉ စစ်ဆေးသင့်ပါတယ်။

ဒီလက္ခဏာတွေ အများကြီးထဲမှာ နှာခေါင်းပိတ်တယ်၊ နှာချေတယ်ဆိုရင်ရော ကိုဗစ် – ၁၉ လား၊ နှာခေါင်းပိတ်တယ်၊ နှာချေတယ်ဆိုရင် ရိုးရိုးနှာစေးချောင်းဆိုးလည်း ရှိတယ်။ ဒါပေမယ့် အဲဒီအချိန်မှာ ကျွန်မတို့က သူသည် ရိုးရိုးနှာစေးချောင်းဆိုးလား၊ ကိုဗစ် – ၁၉ ဖြစ်နိုင်ခြေရှိသလားဆိုတာကို သူသည် ကိုဗစ် – ၁၉ ဖြစ်နေသူနဲ့ နီးနီးစပ်စပ် အလုပ်အကိုင်မှာ လုပ်နေသလား၊ အိမ်ထဲမှာ အတူနေဖူးသလား၊ ဒါမှမဟုတ် ကိုဗစ် – ၁၉ ဖြစ်ပွားနေတဲ့ နေရာတွေကို သွားလာဖူးသလား၊ High Risk Person ဖြစ်သလားဆိုတာကို အရင်ကြည့်ရမယ်။ High Risk မရှိဘူးဆိုရင် ကျွန်မတို့က ရိုးရိုးနှာစေးချောင်းဆိုးပါ။ အဲဒီလိုမဟုတ်ဘဲ High Risk Person ဆိုရင် ဆေးရုံ/ ဆေးခန်းတွေမှာ လာပြီးစစ်ဆေးသင့်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ စောစောစစ်လိုက်ရင် စောစောကုသလို့ရပါတယ်။ ဒါက ကိုဗစ် – ၁၉ ရောဂါလက္ခဏာပါ။

အခုလူအများသိတာက အနံ့ပျောက်တယ်ဆိုရင် အနံ့ပျောက်စင်တာတွေ သွားတယ်။ နောက်တစ်ခါ တော်တော်များများလည်း သိလာပါတယ်။ အစားအသောက်တွေ ပျက်တယ်၊ ကိုယ်လက်မအီမသာဖြစ်တယ်၊ ဝမ်းပျက်ပြီဆိုရင် ဆေးရုံလာဖို့ သိလာကြတယ်။ ဖျားပြီ၊ ချောင်းဆိုးပြီဆိုရင်လည်း လာတယ်။ မောပြီဆိုရင်တော့ နည်းနည်းနောက်ကျလာပြီဖြစ်ပါတယ်။ ဒါကြောင့် အခုလို လက္ခဏာတွေ ရှိပြီဆိုရင် စောစောစီးစီး ဆေးရုံ/ ဆေးခန်း လာသင့်တယ်။ ဒါက ရောဂါလက္ခဏာတွေ အကြောင်းပါ။

နံပါတ် (၂) မေးခွန်းနဲ့ပတ်သက်လို့ ခန္ဓာကိုယ်ထဲမှာ အောက်ဆီဂျင်ဘယ်လောက်ရှိသလဲဆိုတာ သိဖို့အတွက် Pulse Oximeter တွေ တော်တော်များများကို အိမ်တွေမှာ ဝယ်ထားကြတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့က မောပြီဆိုရင် ဆေးရုံကို လာရတော့မယ်ဆိုတာ သိကြပါတယ်။ လူသာမန်တစ်ယောက်က ၉၅ နဲ့ ၁၀၀ က Oxygen Levels ပုံမှန်ဖြစ်ပါတယ်။ ၉၀ နဲ့ ၉၀ အောက် ရောက်ပြီဆိုရင် ဒီလူနာသည် ဆေးရုံကို လာပြသင့်ပြီပေါ့နော်။ အဲဒါတွေကလည်း အရေးကြီးပါတယ်။

နောက်မေးထားတဲ့ မေးခွန်းက **ခုခံအားကျဆင်းတဲ့ သူတွေမှာ Oxygen Levels က ဘယ်အဆင့်ရှိသလဲ**ဆိုပြီး မေးထားပါတယ်။ ခုခံအားကျဆင်းတဲ့သူတွေအနေနဲ့ HIV ပိုးအကောင်ရေဟာ ပုံမှန်အတွင်းမှာ ဝင်နေတယ်ဆိုရင် သူ့ရဲ့ Oxygen Levels က ပုံမှန်လူတစ်ယောက်မှာရှိတဲ့ Levels နဲ့အတူတူပါပဲလို့ ဖြေကြားလိုပါတယ်။

နံပါတ် (၃) မေးခွန်းဖြစ်တဲ့ ကိုဗစ် – ၁၉ Positive ဖြစ်တဲ့မိခင်က မွေးတဲ့ကလေးတွေနဲ့ပတ်သက်ပြီး အခုလက်ရှိ လေ့လာဆန်းစစ်ချက်အရ ကိုဗစ်ရောဂါသည် ကိုယ်ဝန်ဆောင်မိခင်က မွေးလိုက်တဲ့ ကလေးမှာ ရောဂါကူးစက်မှုက တော်တော်နည်းပါတယ်။ ဒါပေမယ့် ကလေးတွေမှာ ကူးစက်မှု ရှိ/ မရှိ ကို မွေးပြီး ၂၄ နာရီအတွင်း ကိုဗစ် – ၁၉ ရှိ/ မရှိ စစ်ဆေးပါတယ်။ စစ်ဆေးလို့ Negative ဖြစ်တယ်ဆိုရင် နောက် ၄၈ နာရီအတွင်းမှာ ထပ်မံပြီးစစ်ဆေးပါတယ်။ မိခင်နို့တိုက်ကျွေးနိုင်သလားဆိုတဲ့ မေးခွန်းနဲ့ပတ်သက်လို့ မိခင်နို့တိုက်ကျွေးနိုင်ပါတယ်။ မိခင်အနေနဲ့ ကလေးနို့တိုက်ချိန်မှာ စိတ်ချရအောင် Mask နဲ့ Face Shield တပ်ဆင်တဲ့အပြင် လက်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ချက်အတိုင်း လက်ကိုသေသေချာချာ ဆေးကြောပြီး မိခင်နို့ တိုက်ကျွေးနိုင်ပါတယ်။

နံပါတ် (၄) မေးခွန်းဖြစ်တဲ့ ကိုဗစ် – ၁၉ Positive ဖြစ်တယ်၊ ဘယ်အချိန်အထိအောင် Positive ဖြစ်နေမှာလဲ ဆိုတာနဲ့ပတ်သက်ပြီး ကျွန်မတို့က ၁၁ ရက်ကျော်ပြီး သာမန်ဆိုရင် တခြားသူကို ကူးစက်မှုနှုန်းက နည်းသွားပြီ၊ ဒါပေမယ့် နှာခေါင်းတို့ဖတ်ယူမယ်၊ အာခေါင်တို့ဖတ်ယူမယ်ဆိုရင် သူ့ခန္ဓာကိုယ်မှာရှိနေတဲ့ ကိုဗစ် – ၁၉ Positive က သုံးလအထိ ရှိနေနိုင်ပါတယ်။ ဒါပေမယ့် သူများကို ကူးစက်မှုက နည်းပါတယ်။ အကောင်းဆုံးက Mask တပ်တာမျိုး၊ Social Distancing လုပ်တာမျိုးဆိုရင် တခြားသူတွေကိုလည်း မကူးနိုင်ပါဘူး။ ဒါက ဒီနေ့ ကျွန်မ ရရှိထားတဲ့မေးခွန်းတွေကို ဖြေကြားခဲ့ခြင်းဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဒေါက်တာသန်းနိုင်စိုး။** ။ ဆက်လက်ပြီး ပြည်သူတွေ မေးမြန်းထားတဲ့ ဆေးရုံနဲ့ ပတ်သက်တဲ့ မေးခွန်းတွေ၊ ဆေးရုံစီမံခန့်ခွဲမှုဆိုင်ရာနဲ့ ပတ်သက်တဲ့မေးခွန်းတွေကို ဖြေကြားပေးဖို့အတွက် ဒေါက်တာမိုးခိုင်ကို ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာမိုးခိုင်။** ။ ပထမဦးဆုံး မေးခွန်းအနေနဲ့ မြန်မာနိုင်ငံမှာ ကိုဗစ်ကုသရေးဌာန ဘယ်နှစ်ခုရှိသလဲ၊ ဆေးရုံ/ဆေးခန်းများရဲ့ ကုသမှု အခြေအနေကို သိလိုပါတယ်ဆိုပြီး မေးထားပါတယ်။ ဒီမေးခွန်းက ကျယ်ကျယ်ပြန့်ပြန့်မေးထားတဲ့ မေးခွန်းတစ်ခု ဖြစ်ပါတယ်။ မေးခွန်းထဲမှာပါတဲ့ ကိုဗစ်ကုသရေးဌာနဆိုတဲ့ အသုံးအနှုန်းနဲ့ပတ်သက်ပြီး အခုနောက်ပိုင်း ကိုဗစ် – ၁၉ ရောဂါကုသရေးလုပ်ငန်းဆောင်ရွက်တဲ့အခါမှာ စနစ်တကျ ကိုဗစ်ကုသရေးဌာနတွေ ဖွင့်လှစ်ပြီး ဆောင်ရွက်ခဲ့တယ်။ ဒါကြောင့်မို့ ပြည်သူလူထုအနေနဲ့ ကျွန်တော်တို့ ဘယ်လောက်အထိ ဆောင်ရွက်ခဲ့သလဲ သိလိုတဲ့အတွက် မေးမြန်းခြင်းဖြစ်ပါတယ်။

ကိုဗစ်ကုသရေးဌာနအနေနဲ့ ရန်ကုန်တိုင်းဒေသကြီးမှာ လုပ်ငန်းဆောင်ရွက်နေတာ ကိုဗစ် – ၁၉ ကုသရေးဌာန (ဖောင်ကြီး) အပါအဝင် ၁၄ ခုရှိပါတယ်။ ဒီကိုဗစ်ကုသရေးဌာန စင်တာတွေက မိဘပြည်သူတွေရဲ့လှူဒါန်းမှုနဲ့ အဆောက်အအုံပိုင်းတွေ၊ ပစ္စည်းကိရိယာပိုင်းတွေ ဖြည့်ဆည်းထားရှိပါတယ်။ ဒီစင်တာတွေမှာ ကုသရေး အပိုင်းကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက တာဝန်ယူပြီး လိုအပ်တဲ့ဆရာဝန်၊ သူနာပြု၊ ကျွမ်းကျင်ဝန်ထမ်းတွေ၊ အထွေထွေလုပ်သားအားလုံးကို ဖြည့်ဆည်းပြီး တာဝန်ယူဆောင်ရွက်နေတာ ဖြစ်ပါတယ်။ နောက် မန္တလေးတိုင်းဒေသကြီးမှာ ကိုဗစ်ကုသရေးဌာန မန္တလာသီရိ ရှိပါတယ်။

ဒီလိုမျိုး ကိုဗစ်ကုသရေးဌာနဆိုတဲ့ အသုံးအနှုန်းကို ခေါ်ဆိုတာက မန္တလေးမှာ တစ်ခု၊ ရန်ကုန်မှာ ၁၄ ခု Function တွေရှိတယ်ဆိုပေမယ့် ပင်မကိုဗစ် – ၁၉ ကုသရေးနဲ့ ကျန်တာတွေအားလုံးအတွက် ပြည်သူ့ဆေးရုံတွေ

## ထက်လျှို

ရှိနေတာဖြစ်ပါတယ်။ ဒီပြည်သူ့ဆေးရုံတွေမှအပ ကျန်တဲ့နေရာတွေမှာ ကိုဗစ်ကုသရေးအတွက်အထူးပြုပြီး လိုအပ်လာတဲ့ကုသမှုတွေကို ဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်။

အခုနောက်ပိုင်းမှာ ကိုဗစ်ကုသရေးနဲ့ပတ်သက်လို့ ပြည်သူ့ဆေးရုံတွေမှာ ပုံမှန်ကုသရေးအပြင် ကိုဗစ် – ၁၉ ကုသရေးကို ဆောင်ရွက်နိုင်ဖို့အတွက် သတ်မှတ်ဧရိယာတွေ ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိပါတယ်။ နောက်တစ်ခါ ယခင်ကတည်းက ဆောင်ရွက်ခဲ့တဲ့ ညွှန်းပို့ဆေးရုံတွေ အရေအတွက် အထူးအနေနဲ့ဆိုရင် ကုသရေးဌာန လက်အောက်မှာဆိုရင် တောင်ဥက္ကလာပ အထူးကု ဆေးရုံကြီးရယ်၊ ဝေဘာဂီအထူးကုဆေးရုံကြီးရယ် ဒါတွေက ကိုဗစ်အထူးကုဆေးရုံတွေအဖြစ် ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

ကိုဗစ်ကုသရေးဌာနတွေမှာ အားလုံးသိကြတဲ့အတိုင်း အခုနောက်ပိုင်းမှာ ဖြစ်ပေါ်လာတဲ့ ရောဂါအခြေအနေကို ပါမောက္ခကြီးတွေက ရှင်းလင်းသွားပြီဖြစ်ပါတယ်။ အခုနောက်ပိုင်းမှာ ရောဂါပိုပြီး ပြင်းထန်လာတာကို ပြည်သူတွေအနေနဲ့ တွေ့ရှိပြီးဖြစ်ပါတယ်။ ကိုဗစ်ကုသရေးစင်တာတွေမှာ Moderate and Severe ဆိုပြီး အသက်အန္တရာယ်ကယ်နိုင်ဖို့ကို ထားရှိရတာဖြစ်တဲ့ အတွက်ကြောင့် ကုသရေးဌာနတွေမှာဆိုရင် ဆေးရုံကြီးကဲ့သို့ အောက်ဆီဂျင်ပေးနိုင်တဲ့ ခုတင်တွေ၊ နောက် ICU ပေါ့နော် အထူးကြပ်မတ်ကုသပေးနိုင်တဲ့ ခုတင်တွေ ထားရှိပေးပါတယ်။ လူနာတွေအတွက် ပုံမှန်မှာဆိုရင် ခုတင်ပေါင်း ၁၀၀၀၀ ကျော်လောက်ထားရှိတယ်။

ဒုတိယအပိုင်းနဲ့ပတ်သက်ပြီး ပြည်သူ့ဆေးရုံတွေ အနေနဲ့ ကျွန်တော်တို့ အုပ်ချုပ်မှုအောက်မှာရှိတဲ့ တိုင်းဒေသကြီး/ ပြည်နယ်ဆေးရုံတွေ၊ ခရိုင်ဆေးရုံတွေ၊ မြို့နယ်ဆေးရုံတွေ၊ တိုက်နယ် ဆေးရုံတွေအထိ အခုဆိုရင် ကိုဗစ်ပိုးတွေ့လူနာတွေကို လွှဲပြောင်းလက်ခံကုသပေးနေပါပြီ၊ လိုအပ်တယ်ဆိုရင် လူနာရဲ့ ရောဂါအခြေအနေပေါ်မူတည်ပြီး လိုအပ်တဲ့ကုသမှုများကိုလည်း သက်ဆိုင်ရာ၊ ဘာသာရပ်ဆိုင်ရာ ပါမောက္ခဆရာကြီးတွေနဲ့ ချိတ်ဆက်ပြီး တာဝန်ကျနေတဲ့ ဆရာဝန်၊ သူနာပြုတွေ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးလျက်ရှိပါတယ်။

နောက်တစ်ခါ ကျွန်တော်တို့ ဆေးရုံငယ်တွေမှာ ကုသမှုပေးလက်ရှိပြီး တကယ်လို့ကုသမှု လိုအပ်လာပြီဆိုရင် ရန်ကုန်မှာဆိုရင်လည်း သတ်သတ်မှတ်မှတ် လွှဲပြောင်းလို့ရအောင် ရန်ကုန်ဆေးရုံကြီး၊ မြောက်ဥက္ကလာပဆေးရုံကြီး၊ ရန်ကုန်အထွေထွေ ရောဂါကုဆေးရုံသစ်ကြီး၊ အင်းစိန်ပြည်သူ့ဆေးရုံကြီး၊ သဃ်္ဃန်းကျွန်းပြည်သူ့ဆေးရုံကြီး ဒီဆေးရုံကြီးတွေရယ်၊ နောက်ရန်ကုန်တိုင်းဒေသကြီး အုပ်ချုပ်မှုအောက်မှာရှိတဲ့ အရှေ့ပိုင်းဆေးရုံကြီး၊ အနောက်ပိုင်းဆေးရုံကြီး၊ သန်လျင်၊ လှိုင်သာယာဒီဆေးရုံတွေကို လွှဲပြောင်းကုသနိုင်ဖို့၊ ပိုမိုပြီးခက်ခဲတဲ့ဝန်ဆောင်မှုတွေကို ပေးနိုင်ဖို့ အတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါက ပထမမေးခွန်းအတွက် ကျွန်တော်ဖြေကြားခြင်း ဖြစ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ လူနာဟာ မိဘပြည်သူများ သိရှိပြီးဖြစ်တဲ့အတိုင်း အရင်တုန်းက ကိုဗစ်ပိုးတွေ့လူနာတွေကို ကျွန်တော်တို့ရဲ့ ဆေးရုံတွေမှာ ကုသရေး စင်တာတွေမှာ ကုသမှုပေးနိုင်အောင် လူနာစောင့်တွေနဲ့ ပတ်သက်ပြီး ပြည်သူလူထုကူးစက်မှု လျော့နည်းအောင်လို့ ဆေးရုံကပဲ တာဝန်ယူဆောင်ရွက်ခဲ့ပါတယ်။

အခုနောက်ပိုင်းမှာတော့ ကူးစက်မှုများပြားလာတဲ့ အခါ ကျွန်တော်တို့အနေနဲ့၊ မိဘပြည်သူတွေအနေနဲ့လည်း ကိုယ့်ရဲ့မိဘတွေ၊ သက်ကြီးရွယ်အိုတွေ နောက်ပြီး လိုအပ်ချက် တကယ်ရှိလာတဲ့ သူတွေအတွက် ခွင့်ပြုနိုင်ဖို့ ဝန်ကြီးဌာနအနေနဲ့လည်း ကိုဗစ် – ၁၉ ပိုးတွေ့လူနာစောင့်တွေအတွက် ခွင့်ပြုနိုင်ဖို့ အကြောင်းကြားစာလည်း ပေးပို့ထားပြီး သတ်မှတ်စည်းကမ်း ၁၀ ချက်ချမှတ်ထားပြီး လိုက်နာဆောင်ရွက်ရဖို့ ရှိပါတယ်။

ဒါနဲ့ပတ်သက်ပြီး မေးထားတဲ့မေးခွန်းကတော့ လူနာတွေကို လိုက်လံစောင့်ရှောက်တဲ့အခါ ဆရာဆရာမတွေရဲ့ ညွှန်ကြားချက်အတိုင်း Level 2 PPE တွေ၊ Gloves တွေ၊ Hair Capတွေ သုံးပါတယ်။ ဒါပေမယ့် ရေမချိုးရဲဖြစ်နေပါတယ်။ ရေကနေမှ ကူးစက်နိုင်ပါသလား။ ကိုဗစ်က ရေကနေမှ ကူးစက်နိုင်ပါသလား။ ကျေးဇူးပြု၍ ဖြေကြားပေးပါခင်ဗျာဆိုပြီး မေးထားတာပါ။

စာမျက်နှာ ၁၉ သို့ ❖

# ကိုဗစ်-၁၉ အမေး/အဖြေ

❖ စာမျက်နှာ ၁၈ မှ

အားလုံးသိတဲ့အတိုင်း ရေက ကူးစက်နိုင်တဲ့နှုန်းကတော့ အင်မတန်နည်းပါတယ်။ မရှိသလောက်ပါ။ ဒါပေမယ့် ဆေးရုံအနေနဲ့တော့ ကိုဗစ် Positive လူနာတွေကို ကုသမှုရှိနေတယ်။ သူတို့ရဲ့ လူနာစောင့်တစ်ယောက်ကို ခွင့်ပြုထားပြီးဖြစ်တဲ့အတွက် ရေချိုးခန်းသွားတဲ့အခါမှာ မလိုအပ်ဘဲနဲ့ ကိုင်တွယ်တာတွေ မပြုဖို့ လိုအပ်ပါတယ်။

နောက်ပြီး တစ်ဖက်ကလည်း ကျွန်တော်တို့ရဲ့ လူနာစောင့်စည်းကမ်းတွေကို တိတိကျကျလိုက်နာဖို့၊ ညွှန်ကြားထားတဲ့အတိုင်း Level 2 PPE ဝတ်ဆင်မယ်၊ လူနာအတွက် စောင့်ရှောက်မှုတွေကိုပဲ အဓိကထားပြီး ဆောင်ရွက်မယ်။ ဆေးရုံရဲ့ ပုံမှန်စည်းကမ်းအတိုင်း အခြားလူနာတွေရဲ့ အရေးကိစ္စတွေမှာလည်း မလိုအပ်ဘဲနဲ့၊ ခွင့်ပြုချက်မရှိဘဲနဲ့ ပါဝင်ပတ်သက်တာမျိုးမပြုရဘူး။ နောက်ပြီး ကိုယ့်ရဲ့ တစ်ကိုယ်ရေသန့်ရှင်းမှု စည်းကမ်းတွေဖြစ်တဲ့ လိုအပ်တဲ့အချိန်တိုင်း၊ လူနာအတွက် သန့်ရှင်းမှုအပိုင်းဆောင်ရွက်ပြီးတဲ့အခါတိုင်းမှာ လက်မကြာခဏဆေးကြောဖို့ လိုအပ်ပါမယ်။

နောက်ဆုံးမေးခွန်းက အနံ့ပျောက်လူနာနဲ့ဆက်စပ်ပါတယ်။ အနံ့ပျောက်လူနာတွေနဲ့ပတ်သက်ပြီး မေးထားတဲ့မေးခွန်းတွေကို စုလိုက်တဲ့အခါ အနံ့ပျောက်တာနဲ့ပတ်သက်ပြီး ပုဂ္ဂလိကပြင်ပဆေးခန်းတွေ သွားရောက်ပြီးပြသတာတွေရှိတယ်။ နောက်ပြီး ကွာရန်တင်းစင်တာတွေမှာ နေရတာတွေရှိတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ စုစည်းပြီး ကျွန်တော့်အနေနဲ့ ဖြေကြားမှာဖြစ်ပါတယ်။ အချို့ကလည်း ရောဂါအခံမရှိဘူး။ အိမ်မှာပဲ ကူးစက်မှုမရှိအောင် စည်းကမ်းနဲ့အညီ သီးခြားနေထိုင်မယ်။ ဒီလိုမျိုးစောင့်ရှောက်မယ်ဆိုရင် နေလို့ရပါသလားဆိုတာကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ အခုနောက်ပိုင်းတွေ့ရှိချက်၊ Second Wave ရဲ့ အတွေ့အကြုံအရတော့ အနံ့ပျောက်တဲ့သူအများစုမှာ ကိုဗစ် – ၁၉ ပိုးစစ်လိုက်တဲ့အခါ တွေ့ရှိရတဲ့လူနာတွေဖြစ်နေပါတယ်။ ဒါကြောင့် အနံ့ပျောက်တဲ့လူနာတွေက အထူးအရေးကြီးပါတယ်။ အနံ့ပျောက်တဲ့လူနာတွေက ကိုဗစ် – ၁၉ Positive ဖြစ်နိုင်တဲ့အတွက်ကြောင့် ကိုဗစ်–၁၉ Positive ဖြစ်ခဲ့မယ်ဆိုရင် သူ့ရဲ့ Contact Tracing ဆက်စပ်တဲ့လူတွေကို ထောက်လှမ်းပြီး လိုအပ်တဲ့ကာကွယ်မှုတွေကို ဆောင်ရွက်နိုင်မှသာ ပိုးတွေ့တဲ့လူနာတွေ ထပ်ထပ်တိုးလာမှာကို ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် အနံ့ပျောက်လူနာတွေကို ကျွန်တော်တို့ရဲ့ ဆေးရုံ၊ ဆေးခန်းတွေကို ပြသစေချင်ပါတယ်။ နောက်ပြီး ပုဂ္ဂလိကဆေးရုံ/ဆေးခန်းတွေအနေနဲ့လည်း ရောဂါရှာဖွေရေးလုပ်ငန်း ဆောင်ရွက်နိုင်တဲ့ ဆေးခန်းတွေ၊ ဆေးရုံတွေကို ညွှန်းပို့ခြင်းအားဖြင့် ရောဂါပိုးတွေ့ရှိနိုင်တဲ့လူနာတွေကို လျှော့ချနိုင်ဖို့၊ ရောဂါကူးစက်နိုင်မှုကွင်းဆက်ကိုလည်း ဖြတ်တောက်နိုင်ဖို့ အထောက်အပံ့ဖြစ်စေမှာ ဖြစ်ပါတယ်။

ပုဂ္ဂလိကဆေးခန်းတွေနဲ့ ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ အလျဉ်းသင့်လို့ တင်ပြရမယ်ဆိုရင် ပုဂ္ဂလိကဆေးခန်းမှာ တာဝန်ယူဆောင်ရွက်နေတဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးနေတဲ့သူတွေပဲ ဖြစ်ဖြစ်၊ ကျွန်တော်တို့ဆေးရုံတွေမှာ ကျန်းမာရေးစောင့်ရှောက်မှု ပေးနေတာပဲဖြစ်ဖြစ် Management Portocol ကို ဝန်ကြီးဌာန၊ ဦးစီးဌာနအနေနဲ့ သီးခြားညွှန်ကြားထားပြီးဖြစ်ပါတယ်။

သူတို့ရဲ့တွေ့ရှိမှုအပေါ်မူတည်ပြီး သူတို့က ကျန်းမာရေးစောင့်ရှောက်မှုပေးတဲ့အခါ Level 2 PPE ကိုဝတ်ဆင်ထားတယ်ဆိုရင် Low Risk အန္တရာယ်နည်းတယ်။ သူ့ကို တစ်ရက်/ နှစ်ရက်နေလို့ စစ်လိုက်တဲ့အခါ ကိုဗစ် Negative ဆိုရင် ပြန်လည်အလုပ်ဝင်ရောက်ပြီး ကိုယ့်ရဲ့ ပုဂ္ဂလိကဆေးခန်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်လို့ရမှာ ဖြစ်ပါတယ်။ ဒါကိုလည်း ပုဂ္ဂလိကအထွေထွေရောဂါကုဆေးခန်းလုပ်ငန်း ဆောင်ရွက်နေကြတဲ့ ဆရာတို့အနေနဲ့လည်း ကျွန်တော်တို့ဆရာတွေရဲ့ ပူးပေါင်းပါဝင်မှုနဲ့ ကိုယ့်ရဲ့လုပ်ငန်းမပျက်ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

တစ်ဖက်ကလည်း High Risk ပေါ့။ တစ်ခန်းထဲထမင်းအတူစားတာ၊ တစ်ခန်းတည်းနေတာ တကယ့်ကိုပဲ PPE ကလည်း ဝတ်ဆင်မထားဘူး။ High Risk ဆိုရင် ပထမတစ်ခါစစ် Negative ဖြစ်ခဲ့ ပြီးရင်လည်း နောက် ၇၂ နာရီမှာ ပြန်လည်စစ်ဆေးပြီး Negative ဖြစ်မှသာ ကိုယ့်ရဲ့အလုပ်တာဝန်ကို ပြန်လည်ထမ်းဆောင်နိုင်မှာ ဖြစ်ပါတယ်။ ပုဂ္ဂလိကကဏ္ဍကိုလည်း ဆက်လက်ဆောင်ရွက်နေပါပြီ။

ပုဂ္ဂလိကဆေးရုံတွေမှာလည်း ကိုဗစ်–၁၉ ပိုးတွေ့လူနာတွေကို လက်ခံကုသနိုင်ဖို့အတွက် ရန်ကုန်တိုင်းနဲ့ မန္တလေးတိုင်းဒေသကြီးမှာရှိတဲ့ ဆေးရုံတွေကို အဆိုပြုလျှောက်ထားစေပြီး ဒါတွေကို ကွင်းဆင်းစစ်ဆေး Assessment Team အနေနဲ့ ဆောင်ရွက်မယ်။ ကျွန်တော်တို့ရဲ့ ဆေးရုံတွေမှာ ပြင်ဆင်ခဲ့တဲ့အချက်တွေအတိုင်း လူနာတွေကို လက်ခံကုသနိုင်ဖို့အတွက် စစ်ဆေးဖို့၊ ပိုးတွေ့တယ်ဆိုရင် ဆေးရုံမှာပဲ ဆက်လက်ပြီး Clinical Management Team တွေ၊ လိုအပ်မယ့် ကုသမှုတွေ၊ လိုအပ်တဲ့ကာကွယ်မှုတွေ၊ တကယ်လို့ Serious ဖြစ်လာမှသာ ကျွန်တော်တို့ဆေးရုံတွေနဲ့ချိတ်ဆက်ပြီး လွှဲပြောင်းနိုင်ဖို့တွေကိုလည်း ဆောင်ရွက်နေပါတယ်။

မကြာခင်မှာလည်း ပုဂ္ဂလိကကဏ္ဍရဲ့ ပူးပေါင်းပါဝင်မှုနဲ့ ကျွန်တော်တို့ရဲ့ ကိုဗစ်–၁၉ ကုသရေးလုပ်ငန်းဟာ ပိုမိုအောင်မြင်ထိရောက်လာမယ်ဆိုတာကို တင်ပြလိုပါတယ်။ မိဘပြည်သူတွေကို အထူးကျေးဇူးတင်ရှိပါတယ်။

**ဒေါက်တာသန်းနိုင်စိုး ။** ။ ပြည်သူတွေအနေနဲ့ ဆေးရုံနဲ့ပတ်သက်တဲ့ စီမံခန့်ခွဲမှုအပိုင်းတွေ၊ ကိုဗစ်စင်တာနဲ့ ပတ်သက်တာတွေ၊ လူနာစောင့်တွေရဲ့ အပိုင်းတွေ တော်တော်များများကို ပိုမိုသိရှိနားလည်သဘောပေါက်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

ကျွန်တော့်အနေနဲ့ကတော့ ကျန်တဲ့မေးခွန်းတွေကို ဖြေကြားပေးပါမယ်။ ကျွန်တော့်အတွက် ရတဲ့မေးခွန်း ၁၅ ခုလောက်ရှိပါတယ်။ အဲဒီအထဲက အုပ်စုပြန်ခွဲလိုက်တော့ အဓိက မေးခွန်း လေးခုလောက်ရှိပါတယ်။ အဲဒါကို ဖြေချင်ပါတယ်။

နံပါတ်တစ်က ဈေးများသည် လူစုလူဝေးနေရာဖြစ်၍ ဂရုစိုက်စေချင်ပါသည်။ Mask၊ Face Shield များတပ်ရန်နှင့် ဈေးသည်များရှေ့တွင် ပလတ်စတစ်ကာပြီး ဈေးရောင်းရင် ပိုးပျံ့နှံ့နိုင်နည်းမည်ဟု ထင်ပါသည်။ ရပ်ကွက်ဈေးများတွင် Mask မတပ်ပါက ပရဟိတအဖြစ် Mask တစ်ဘူး ပေးလှူခိုင်းစေချင်ပါသည်။ ဒါက ပထမ မေးထားတဲ့မေးခွန်းလေးပါ။

ဒုတိယမေးခွန်းက ဒီနေ့ကိုယ်က Mask တပ်တယ်။ ဘေးကလူက Mask မတပ်ဘူး။ နှာချေတယ်၊ စိတ်ပူမိတယ်။ နှာချေသူ ကိုဗစ်ရောဂါမရှိပါစေနဲ့လို့ ဆုတောင်းနေမိတယ်။ ဒီမေးခွန်းနှစ်ခုကို ကျွန်တော်ဦးစားပေးပြီး ဖြေကြားပေးလိုပါတယ်။

နံပါတ် (၁) မေးခွန်းက မှန်ကန်ပါတယ်။ မေးခွန်းမေးရင်း အကြံပေးတဲ့ မိဘပြည်သူကိုလည်း အထူးကျေးဇူးတင်တဲ့အကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ကူးစက်မှုအနေအထားက တန်းနေတယ်၊ တင်းခံနေတဲ့အနေအထား၊ အောက်ကို ဒီထက်မကျနိုင်တဲ့ အနေအထားကို ပြန်ကြည့်လိုက်တဲ့အခါ လူစုတဲ့နေရာတွေက ကူးစက်မှုကို အခြေခံတယ်ဆိုတာကို တွေ့ရတယ်။

ဈေးတွေ့တယ်၊ ဘိုးဘွားရိပ်သာလို၊ အချို့ စက်ရုံအလုပ်ရုံတို့၊ အချို့ဘာသာရေး၊ သာသနာရေးနဲ့ ပတ်သက်တဲ့နေရာတို့၊ အချို့အကြောင်းကိစ္စအမျိုးမျိုးကြောင့် လူစုစုဖြစ်သွားတဲ့နေရာတွေမှာ ကူးစက်မှုများတာ တွေ့ရပါတယ်။

ဈေးဆိုတာတော့ လူတိုင်းမဖြစ်မနေ သွားရောက်ရတဲ့နေရာဖြစ်တယ်။ ဈေးရောင်းတဲ့သူကလည်း ကိုယ့်ရဲ့စားဝတ်နေရေးအရ ဈေးရောင်းမှသာ အသက်မွေးဝမ်းကျောင်းအဆင်ပြေမှာဖြစ်သလို ဈေးဝယ်တဲ့သူကလည်း ဘယ်လောက်ပဲ အိမ်ထဲမှာနေနေ အချိန်တစ်ခုကျလာရင် သူဈေးထွက်ဝယ်ရမယ့် ကာလတစ်ခုကို ရောက်လာမယ်။

အခုဆိုရင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားတဲ့ ကာလကလည်း ၁၀ လ/ ၁၁ လထဲကို ရောက်လာပြီ။ ကူးစက်ပုံကိုလည်း တော်တော်သိပြီ။ အဓိကကျတဲ့ ကာကွယ်ရေးနည်းလမ်းကတော့ မဖြစ်မနေ ကိုယ်က ဈေးသွားရောင်းရမယ်ဆိုရင် အိမ်ကထွက်တာနဲ့ မဖြစ်မနေ Mask ကိုတပ်ရပါမယ်။ ပြီးရင် အခြားလူတွေနဲ့ နီးနီးကပ်ကပ်ဆက်ဆံ ပြောဆိုရတဲ့နေရာမျိုးမှာ Face Shield ပါ တပ်ထားဖို့ လိုပါတယ်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့လည်း တစ်နိုင်ငံလုံးမှာရှိတဲ့ ဈေးတွေ၊ လူစုလူဝေးရှိတဲ့နေရာတွေမှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်ကြီးတွေ ပါဝင်ပြီး Mask and Face Shield Campaign ကို တစ်နိုင်ငံလုံးမှာ ဆောင်ရွက်ပေးနေပါတယ်။ ကျေးလက်ဒေသ/ကျေးရွာတွေမှာရှိတဲ့ဈေးတွေမှာ အခြေခံကျန်းမာရေးပညာရှင်တွေ စတဲ့အလှူရှင်တွေ၊ စေတနာ့ဝန်ထမ်းတွေနဲ့ အားလုံးပူးပေါင်းဆောင်ရွက်နေတယ်ဆိုတာ နေ့စဉ်သတင်းတွေမှာလည်း မြင်နေရမှာဖြစ်ပါတယ်။

Campaign ဆိုတာတော့ အမြဲတမ်းလုပ်ပေးနိုင်ဖို့တော့ မလွယ်ဘူး ။ ဒါပေမယ့်လည်း ပြုမူပြောင်းလဲခြင်းဆိုရာမှာ ဒီလိုမျိုး Mask တပ်လေ့တပ်စရှိသွားရင်တော့ ဆက်ပြီး တပ်ဖြစ်သွားတဲ့သဘောရှိပါတယ်။ စစချင်းမှာမတပ်ထားဘူးဆိုရင် နောက်ပိုင်းမှာ ဒီလိုမျိုးအကာအကွယ်ယူဖို့ အလေ့အကျင့်ဖြစ်လာအောင် တော်တော်လုပ်ယူရမယ်။ ကိုယ်က ဈေးကိုသွားမယ်။ ကိုယ်ကလည်း စတပ်မယ်။ ကိုယ့်ဘေးမှာ ရောင်းနေတဲ့သူတွေကလည်း အတူတူတပ်မယ်။ ဈေးလာဝယ်တဲ့သူတွေကလည်း တပ်မယ်။

ပြီးတဲ့နောက် ဝယ်ယူသူများတဲ့နေရာတွေမှာ Face Shield တွေပါ တပ်မယ်ဆိုရင် ဈေးရောင်းဈေးဝယ်တဲ့ ပတ်ဝန်းကျင်က လုံခြုံစိတ်ချရတဲ့ ပတ်ဝန်းကျင်ဖြစ်မယ်။ အဲဒီအပြင် လက်တွေကိုလည်း စက္ကန့် ၂၀ ကြာအောင် ဆပ်ပြာနဲ့ရေအသုံးပြုဆေးခြင်း သို့မဟုတ် အယ်လ်ကိုဟော ၆၀ ရာခိုင်နှုန်းပါတဲ့ ရေမလိုလက်သန့်ဆေးရည်ကို ဆောင်ထားပြီးအသုံးပြုခြင်း ဒါတွေရှိရင် Hand Hygiene၊ Respiratory Hygiene အကာအကွယ်တွေ တော်တော်ရရှိလာမှာ ဖြစ်ပါတယ်။

ဗိုင်းရပ်စ်ပိုးတွေက အသက်ရှုထုတ်လိုက်ရင်လည်း အနီးအနားဝန်းကျင် ငါးပေလောက် ရောက်တယ်။ ချောင်းဆိုးလိုက်ရင် တစ်စက္ကန့်ကို ၃၃ ပေအရှိန်နဲ့ အနီးအနားပတ်ဝန်းကျင် ခြောက်ပေခွဲလောက်အထိ ရောက်တယ်။ နှာချေလိုက်ရင် တစ်စက္ကန့်ကို ၁၆၄ ပေအရှိန်နဲ့ ၁၉ ပေလောက် ရောက်ပါတယ်ဆိုတော့ ဘယ်လောက်အထိသွားမလဲ စဉ်းစားသာကြည့်လိုက်ပါ။

အဲဒီတော့ နီးရင်ပိုဆိုးပါတယ်။ နီးပြီးတော့ စကားပြောရင် ပါးစပ်ပုံမှန်ထွက်တဲ့ အစက်အမှုန်လေးတွေအပြင် Droplet ဆိုတဲ့ အစက်တွေကလည်း အရှိန်နဲ့ ထွက်သွားတယ်။ စကားပြောရင် တံတွေးစဉ်တယ်ဆိုတာ ရှိပါတယ်။ အဲဒါမျိုးစဉ်တဲ့အခါ အရင်တုန်းက ရောဂါကူးစက်တယ်ဆိုတာ မကြားဖူးသလောက်ဖြစ်ပေမယ့် အခုအချိန်မှာ ဒီလိုမျိုး တံတွေးစဉ်ခဲ့မယ်ဆိုရင် တစ်ဖက်ကလူကလည်း ကိုရိုနာဗိုင်းရပ်စ် သယ်ဆောင်ထားတဲ့လူ၊ အမြင်အားဖြင့် နေကောင်းနေတယ်ဆိုပေမယ့် တစ်ရာမှာ ၆၅ ရာခိုင်နှုန်းလောက်က ဘာလက္ခဏာမှမပြဘဲ အကောင်းအတိုင်း ရှိနေတယ်ဆိုရင်တော့ အင်မတန် ရောဂါကူးစက်ဖို့ လွယ်တယ်။

အဲဒီလို နေရာမျိုးမှာ ကိုယ်က Face Shield တပ်ထားမယ်၊ Mask တပ်ထားမယ်ဆိုရင်တော့ အကာအကွယ်ရပါတယ်။ အခုဆိုရင် ကျွန်တော်က အခန်းထဲမှာ တစ်ယောက်တည်းရှိလို့ Mask တွေ၊ Face Shield တွေ မသုံးဘဲပြောနေတာပါ။ ပုံမှန်ရုံးတက်ရက်တွေမှာဝန်ထမ်းတွေနဲ့ တွေ့ရမယ်၊ အစည်းအဝေးတက်ရမယ်ဆိုရင် ကျွန်တော်တို့က အခုဆိုရင် Mask ရော၊ Face Shield ရော တပ်တဲ့အကျင့်က တော်တော်ပါနေပါပြီ။ Mask နဲ့ Face Shield မတပ်ထားရင်တောင်မှ စိတ်ထဲမှာ မလုံခြုံသလိုဖြစ်နေတယ်။

Mask မပါဘဲ အပြင်ကို ထွက်ရတာကိုက စိတ်ထဲမှာ တစ်ခုခုလိုနေသလို ခံစားနေရတယ်။ လူတိုင်းကလည်း အလေ့အကျင့်က အလေ့အထ၊ အလေ့အထကနေ အပြုအမူကို ပြောင်းသွားတဲ့အထိ New Normal Behavior တွေကို ပါလာအောင် Mask and Face Shield Campaign ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။

တံတွေးစဉ်တာမျိုးဆိုရင် တံတွေးစဉ်ထားတဲ့ Mask ကို တပ်ထားရင် အဲဒီ Mask ကို လက်မဆေးဘဲနဲ့လည်း ခဏခဏ ကိုင်မိနိုင်တယ်။ ဒါမျိုးဆိုရင် ကျွန်တော်က Mask ကနေတစ်ဆင့်လည်း ကူးနိုင်တယ်။ အခန့်မသင့်ရင် Mask ချွတ်တဲ့အချိန်မှာ စနစ်တကျမချွတ်ရင်၊ အမှိုက်ပုံးထဲကို စနစ်တကျမပစ်ရင် ကူးနိုင်ပါတယ်။

အဲဒီတော့ Face Shield သာတပ်ထားရင် တံတွေးစဉ်တဲ့ကိစ္စတွေကို အကာအကွယ်ပေးနိုင်တဲ့အပြင် များသောအားဖြင့် မျက်စိ ၊ မျက်လုံးကလွတ်တယ်။ ခွဲစိတ်ခန်းမှာသုံးတဲ့ PPE ဝတ်စုံအပြည့်မှာသုံးတဲ့ မျက်မှန်ကြီးတွေ အမြဲတမ်းတပ်ထားဖို့က အဆင်မပြေဘူး။ Face Shield သာ တပ်ထားမယ်ဆိုရင် မျက်လုံးထဲကို ဝင်တာကိုလည်းအကာအကွယ်ပေးနိုင်တယ်။ တိုက်ရိုက် အစက်အမှုန်တွေ စဉ်တာကိုလည်း အကာအကွယ်ပေးနိုင်တယ်။

တော်ရုံတန်ရုံကို Mask ကို လက်နဲ့ကိုင်မိဖို့လည်း မလွယ်တော့ဘူး။ သန့်ရှင်းရေးအားဖြင့်လည်း ကောင်းမွန်တယ်။ ဒါဟာနှစ်ထပ်ကွမ်း ကာကွယ်မှုဖြစ်တဲ့အတွက် အထူးသဖြင့် ဈေးလိုနေရာမျိုးတွေမှာ အားလုံးတတ်နိုင်သမျှ Mask ကို မဖြစ်မနေတပ်ပါ။ Face Shield ကိုလည်း တပ်နိုင်သမျှတပ်ပါ။ ဖြစ်နိုင်ရင်နှစ်ခုစလုံးကို တွဲတပ်ပေးပါဆိုတာကို ဒီနေရာကနေ ပြောကြားလိုပါတယ်။

နောက်မေးခွန်းတစ်ခုက ကိုဗစ်–၁၉ ပိုးက လက်၊ ခြေထောက် စသဖြင့် အသားနဲ့ထိမိပါက ကူးစက်မှုဖြစ်နိုင်သလားဆိုတာပါ။ အသားနဲ့ထိတာက လုံးဝမကူးစက်နိုင်ဘူး။ လက်ရှိ သုတေသန တွေ့ရှိချက်တွေအရလည်း ဒီလိုမျိုးကူးစက်တဲ့လမ်းကြောင်းကို မတွေ့ထားသေးပါဘူး။ ဒီပိုးက ပါးစပ်ကနေထွက်တယ်၊ နှာခေါင်းကနေ ထွက်တယ်။ ကျွန်တော်တို့ မျက်နှာတွေကို ကြည့်ရင် အင်္ဂလိပ်အက္ခရာ T ပုံ၊ မျက်စိနှစ်ဖက်ကို မျဉ်းကြောင်းဆွဲလိုက်မယ်၊ နှာခေါင်းနဲ့ ပါးစပ်ကို မျဉ်းကြောင်းဆွဲလိုက်ရင် အင်္ဂလိပ်အက္ခရာ T ပုံစံထွက်လာတယ်။

အဲဒီနေရာကပဲ ပိုးထွက်တယ်။ အဲဒီနေရာကပဲဝင်တယ်။ အဓိကက နှာခေါင်း၊ ပါးစပ်၊ မျက်စိကို လုံဖို့လိုပါတယ်။ အုပ်ထားဖို့လိုပါတယ်။ အထူးသဖြင့် ပါးစပ်နဲ့နှာခေါင်းစည်းကို အသုံးပြုပြီး ကာကွယ်မယ်ဆိုရင် တစ်ဖက်ကထွက်တာကိုလည်း ကာကွယ်နိုင်သလို တစ်ဖက်ကဝင်မှာကိုလည်း ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။

ကိုယ်ကတပ်ထားပေမယ့် သူကတော့ မတပ်ဘူး။ အနားမှာလာပြီး ချောင်းဆိုးတယ်၊ နှာချေတယ်ဆိုရင်တော့ ခပ်ခွာခွာနေရမယ်။ သူ့ဘက်က ပြန်ကြည့်မယ်ဆိုရင်လည်း ဒီအချိန်ကာလမှာ Mask တပ်ခြင်းဆိုတာ တစ်ဦးနဲ့တစ်ဦး လေးစားမှုကို ပြခြင်းပါ။ **တစ်ဦးနဲ့တစ်ဦး ဂရုစိုက်တယ်၊ အလေးအနက်ထားတယ်။** အဲဒီတော့ ဒီလို Mask တပ်ခြင်းဟာ ကိုယ်တပ်ခြင်းဖြင့် ကိုယ့်ကိုယ်ကိုယ် ကာကွယ်သလို အခြားသူကိုလည်း ကာကွယ်ပေးမယ်။ တစ်ဦးနဲ့ တစ်ဦး အပြန်အလှန် လူချင်းမသိပေမယ့် အချင်းချင်းဂရုစိုက်ပေးဖို့ဆိုတာ အတော်လိုအပ်ပါတယ်။

နောက်ဆုံးမေးခွန်းက ဟင်းသီးဟင်းရွက်တွေအပေါ်မှာ ပိုးရှိနိုင်သလား၊ အပြင်က ဝယ်လာပြီးရင် အသီးအရွက်၊ အသားငါး၊ သစ်သီးတွေကို ဘယ်လိုဆေးကြောရမလဲ၊ အဲဒီအပေါ် ပိုးနေနိုင်ပါသလားဆိုတာ မေးထားပါတယ်။ တချို့က ဈေးတွေမှာ ဟင်းသီးဟင်းရွက်တွေရောင်းတယ်။ ဒီအပေါ်မှာ ပိုးပါနိုင်တယ်။ အွန်လိုင်းဈေးကွက်တွေမှာလည်းတွေ့တယ်။ အယ်လ်ကိုဟော ၇၀ / ၈၀ ရာခိုင်နှုန်းပါတဲ့ ဖျန်းတဲ့ဆေးရည်နဲ့ ဆေးပါ။ တချို့ဆိုရင်လည်း ပိုးသန့်စင်ဆေးရည်နဲ့ဆေးပါ။ ဆေးပြီးတော့မှ ဟင်းသီးဟင်းရွက်တွေကို စားသင့်ပါတယ်။ တကယ်တမ်းတော့ အင်မတန်အန္တရာယ်များပြီး လုံးဝရှောင်ကြဉ်သင့်တဲ့ အပြုအမူဖြစ်ပါတယ်။

ဟင်းသီးဟင်းရွက်တွေကို ကလိုရင်းပါတဲ့ ဆေးနဲ့ဆေးကြောလိုက်မယ်ဆိုရင် ကလိုရင်းဆိုတာ ခန္ဓာကိုယ်ထဲကိုရောက်ရင် အဆိပ်ပါပဲ။ အဆိပ်အတောက် ဖြစ်စေပါတယ်။ သူ့ကိုကိုင်တွယ်တာတောင် **အရေပြားနဲ့ မထိအောင်** အတော်သတိထားပြီး PPE တွေ ဝတ်ဆင်ပြီး ကိုင်တွယ်ရပါတယ်။ အရက်ပါတဲ့ဆေးရည်နဲ့ဆိုရင်လည်း အရက်ကဆေးကြောလိုက်လို့မပြောင်ရင် ခန္ဓာကိုယ်ထဲကို အရက်နဲ့ပတ်သက်တဲ့ အဆိပ်အတောက်တွေ အများကြီး ဝင်သွားနိုင်ပါတယ်။

အဲဒီအခါ ကျန်းမာရေးအတွက် နောက်ဆက်တွဲဆိုးကျိုးတွေ အများကြီးဖြစ်နိုင်တယ်။ အဲဒီအပြင် အရက်ကလည်း အယ်လ်ကိုဟောက မက်သနောစစ်ဦးမှ၊ အချို့ထုတ်လုပ်တဲ့နေရာတွေမှာ ထုတ်လုပ်မှုနည်းလမ်းစဉ်က မကောင်းဘူးဆိုရင် မက်သနောဆိုတဲ့ ဓာတ်တွေကလည်း ပါသွားတတ်တယ်။ မက်သနော Poisoning ဆိုရင် အင်မတန်အန္တရာယ်များပြီး လူကိုလည်း နာရီပိုင်းအတွင်း သေဆုံးနိုင်ပါတယ်။ ကြောက်စရာကောင်းတဲ့ အဆိပ်ဖြစ်ပါတယ်။

ဒါတွေကို အမေရိကန်နိုင်ငံ ရောဂါထိန်းချုပ်ရေးဗဟိုဌာနမှာလည်း အတိအလင်းထုတ်ပြန်ထားပြီးဖြစ်ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကလည်း ပြောကြားထားပါတယ်။ ကျွန်တော်တို့က ဒါတွေကို ရေနဲ့ပဲ စင်စင်ဆေးပါ။ ပြီးရင်ကိုယ့်လက်ကိုလည်း သေချာပြန်ဆေးပါ။ အသီးအရွက်နဲ့ အသားငါးကို ခွဲခြားပြီးသယ်ဆောင်ပါ၊ သိမ်းဆည်းပါဆိုတာကိုလည်း ထုတ်ပြန်ထားပါတယ်။ အဲဒီတော့ ရေနဲ့ပဲ စင်စင်ဆေးစေလိုပါတယ်။ ကျွန်တော့်အနေနဲ့ ဖြေကြားလိုတဲ့မေးခွန်းတွေကတော့ ဒီလောက်ပါပဲ။

**ဆက်လက်ပြီး ပါမောက္ခဒေါက်တာသင်းသင်းနွဲ့ကို ဒီအစီအစဉ်ကနေ ပြည်သူတွေကို မှာကြားပေးချင်တာရှိရင်လည်း မှာကြားပေးဖို့ မေတ္တာရပ်ခံလိုပါတယ်။**

**ပါမောက္ခဒေါက်တာသင်းသင်းနွဲ့ ။** ။ ကျွန်မ အနေနဲ့ မှာကြားလိုတာကတော့ ကျွန်မတို့ ပြည်သူ့ဆေးရုံတွေမှာ ကိုဗစ်–၁၉ ဖြစ်ပြီးရောက်လာတဲ့ လူနာတွေက တော်တော်သနားဖို့ကောင်းပါတယ်။ အသက်ရှူဖို့အတွက်ကို ကြိုးစားပြီးရှူနေရတယ်။ နောက်ပြီး တစ်ကိုယ်လုံးကိုက်ခဲနေတယ်။ နောက်ဆက်တွဲရောဂါတွေ သွေးခဲတာ၊ ရောဂါပေါင်းစုံတွေကို အများကြီးခံစားနေရတယ်။ အဲဒါကြောင့် ပြည်သူလူထုတွေကို ပြောကြားလိုတာက အပြင်ထွက်ပြီး အလုပ်လုပ်နေရသူတွေ၊ လုပ်ငန်းခွင်မှာ နှာခေါင်းစည်းကို ကြိုးစားပြီးတပ်ထားပါ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ညွှန်ကြားချက်အတိုင်းလက်ကို စက္ကန့် ၂၀ ကြာအောင် သေသေချာချာဆပ်ပြာနဲ့ ဆေးကြောမယ်၊ ရေအဆင်သင့်မရှိရင်တော့ လက်ကို လက်သန့်ဆေးရည်နဲ့သေချာစွာဆေးကြောမယ်။ ပြီးရင် ညွှန်ကြားချက်အတိုင်း အနည်းဆုံး ခြောက်ပေ၊ ခြောက်ပေမရရင် သုံးပေ သတ်မှတ်ထားတဲ့ Social Distancing အတိုင်း တတ်နိုင်ရင် လူစုလူဝေးတွေကိုမစုဖို့ ကျွန်မတို့က မေတ္တာရပ်ခံချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကိုယ်က ရောဂါပိုးသယ်ဆောင်လာတဲ့လူဆိုရင် လူငယ်၊ လူရွယ်က သိပ်ပြီးမခံစားရဘူး။ အိမ်မှာရှိတဲ့ အသက်ကြီးတဲ့ မိဘ၊ အဘိုးအဘွားတွေ၊ သွေးတိုး၊ ဆီးချို၊ နှလုံး၊ ကျောက်ကပ်ရောဂါ၊ အသည်းရောဂါ၊ ကင်ဆာရောဂါ အဲဒီလိုမိသားစုတွေထဲမှာရှိတဲ့သူက ကိုယ်က ရောဂါကို သယ်ဆောင်လာပြီးတော့ သိပ်ပြီး မခံစားရဘူး။ အိမ်မှာရှိတဲ့ ရောဂါအခံရှိသူတွေမှာ တော်တော်လေး ခံစားရတယ်။ အသက်အန္တရာယ်လည်း စိုးရိမ်ရတယ်။ အဲဒါကြောင့် ကိုယ့်ရဲ့မိဘ၊ ဆွေမျိုး၊ ပြည်သူလူထုတွေရဲ့ အကျိုးကိုကြည့်ပြီး တတ်နိုင်သလောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ ညွှန်ကြားချက်တွေကို လိုက်နာပါလို့၊ ဆောင်ရွက်ပေးပါလို့ အလေးအနက် ပြောကြားလိုပါတယ်။

စာမျက်နှာ ၂၀ သို့ ❋

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကိုဗစ်-၁၉ ကာလ မူကြိုအရွယ် ကလေးငယ်များ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျမကျန်ရစ်စေရေး ညှိနှိုင်းဆွေးနွေး



**နေပြည်တော် ဒီဇင်ဘာ ၁**

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မူလတန်းကြိုကျောင်းများ ယာယီပိတ်ထားသောကာလအတွင်း မူကြိုအရွယ် ကလေးငယ်များ ဖွံ့ဖြိုးမှုနောက်ကျမကျန်ရစ်စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက Virtual Meeting ပုံစံဖြင့် ကျင်းပသည်။

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တိုင်းဒေသကြီး/ ပြည်နယ်များမှ ဦးစီးမှူးများ၊ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်ပညာရှင်များ၊ ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ပင်မအထောက်အကူပြုဗဟိုဌာနမှ နည်းပြများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ကလေးငယ်များ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ပြောင်းလဲလျက်ရှိသည့် ဖြစ်စဉ်တစ်ခုဖြစ်ရာ မှန်ကန်သောနည်းလမ်းများဖြင့် ပြုစုစောင့်ရှောက်ကာကွယ်မှုလိုအပ်ကြောင်း၊ ယခု ကိုဗစ်-၁၉ ကာလတွင် မူလတန်းကြိုကျောင်းများ ယာယီပိတ်ထားရသောကြောင့် မူကြိုကလေးငယ်များအတွက် ဖွံ့ဖြိုးတိုးတက်မှုအရှိန်မပျက်ရရှိစေရန် ဆောင်ရွက်ပေးနိုင်ရေး နည်းလမ်းများ ရှာဖွေအကောင်အထည်ဖော်ရန် လိုအပ်ကြောင်း၊ ကလေးငယ်များအတွက် အချိန်ကို စောင့်ဆိုင်းနေ၍ မရကြောင်း၊ ကိုဗစ်-၁၉ ကာလသည် မည်သည့်အချိန်တွင် ပြီးဆုံးမည်ကို မသိနိုင်သေးကြောင်း၊ ရှေးဦးအရွယ် ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများက ကိုဗစ်-၁၉ နှင့်ယှဉ်တွဲ၍ ဆောင်ရွက်နေကြသည်ကိုလည်း တွေ့ရှိရကြောင်း၊ ပုံစံသစ်ဖြင့် ဆောင်ရွက်ရမည်ဖြစ်၍ စနစ်တကျ စီမံချက်ချမှတ်ပြီး ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များအားလုံး ဟန်ချက်ညီညီ တစ်ပြိုင်နက်တည်း ရရှိနိုင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနက ဆောင်ရွက်ရန် တာဝန်ရှိသည့် ကဏ္ဍဖြစ်၍ ကိုဗစ်-၁၉ စိန်ခေါ်မှုများကို ရင်ဆိုင်လျက် ဆန်းသစ်တီထွင်မှုများ၊ လိုက်လျောညီထွေ ဆောင်ရွက်ထားရှိမှုများ၊ တွေ့ကြုံရသော အခက်အခဲများ၊ ဆက်စပ်အဖွဲ့အစည်းများ၊ မိဘများ၊ မိသားစုဝင်များနှင့် ညှိနှိုင်းဆောင်ရွက်ရန်လိုအပ်ချက်များကို ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက ရှေးဦးအရွယ် ကလေးသူငယ်ဆိုင်ရာ ပြုစုပျိုးထောင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ်များတွင် ကလေးငယ်များအတွက် ကိုဗစ်-၁၉ ကာလ သင်ကြားလေ့ကျင့် ပြုစုကာကွယ်စောင့်ရှောက်မှုများကို Social Media၊ ရုပ်မြင်သံကြား၊ FM ရေဒီယိုများ၊ Online Meeting များ စသည့် နည်းလမ်းပုံစံ အသစ်များဖြင့် ဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်မည့်ကိစ္စရပ်များကို တင်ပြ ဆွေးနွေးခဲ့ကြရာ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာကိုကိုနိုင်၊ လူမှုဝန်ထမ်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးတို့က ပြန်လည်ဆွေးနွေးရာ လက်တွေ့အကောင်အထည်ဖော်နိုင်မည့်စီမံချက်များကို ရွေးချယ်ပြီး Facebook Page များ၊ Web Page များမှ ကလေးငယ်များ၊ မိဘများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ Video Clip များ ရိုက်ကူး ထုတ်လွှင့်ခြင်း၊ TV ရေဒီယို အစီအစဉ်များဖြင့် ဆောင်ရွက်ခြင်း၊ မိဘများအတွက် ပညာပေးခြင်း၊ ဆရာ ဆရာမများအတွက် ပုံစံသစ်ဖြင့် သင်ကြားမှုဆိုင်ရာ သင်တန်းပေးခြင်းများကို Online ဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည့် ကိစ္စများကို ပြန်လည်ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်စကားပြောကြားရာတွင် မိမိတို့၏ ဆောင်ရွက်သည့် စီမံချက်များတွင် တိုင်းရင်းသားဒေသများရှိ ကလေးသူငယ်များအတွက် သက်ဆိုင်ရာ ဘာသာစကား အသုံးပြုမှုများကို အလေးထားရမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ နှင့် ယှဉ်တွဲ၍ မိဘများနှင့် မိသားစုဝင်များ၏ ပူးပေါင်းပါဝင်မှုသာမက ကလေးများကိုယ်တိုင် ပါဝင်မှုဖြင့် ကလေးငယ်များ၏ ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

**သတင်းစဉ်**

---

## ❑ မော်တော်ယာဉ်သစ်များမှ

ဒီနေ့မှာ ဒုတိယအကြိမ်ပိတ်ခြင်းကို ပြန်ဖွင့်ပေးတာပါ။ ဒါကတော့ ကျွန်တော်တို့ ထောက်ကြန့်(ကညန)ရုံးပါ။ ဒါ့အပြင် ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းကို အခြားရုံး သုံးရုံးမှာလည်း ဒီနေ့ကစပြီး ပြန်လည်လုပ်ပေးနေပါပြီ။ ဒါ့အပြင် လာရောက်ဆောင်ရွက်တဲ့လူတွေ အခက်အခဲ မဖြစ်ဖို့ကိုလည်း အွန်လိုင်း Booking စနစ်နဲ့ ဆောင်ရွက်ပေးပါတယ်။ ဒီအတွက်လာပြီး ဆောင်ရွက်မယ့်သူဟာ သူလာရမယ့်အချိန်၊ သူလာရမယ့်ရက်ကို ကြိုတင်တွက်ဆပြီး ဆောင်ရွက်နိုင်တဲ့အတွက် လုပ်ငန်းတွေလည်း အဆင်ပြေစေပါတယ်။ အဲဒီအတွက် လူစုလူဝေးဖြစ်ပေါ်ခြင်း မရှိတော့ပါဘူး။ ဒီမှာကတော့ ပုံမှန်အားဖြင့် ကနဦး မှတ်ပုံတင်တာ တစ်ရက်ကို ပျမ်းမျှယာဉ်ငယ်အစီး ၁၀၀ ကနေ အစီး ၂၀၀ ကြား ရှိပါတယ်"ဟု ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ကနဦး မော်တော်ယာဉ်မှတ်ပုံတင်ဌာန (ထောက်ကြန့်) ဒုတိယညွှန်ကြားရေးမှူး ဦးလှမြင့်က ပြောသည်။

ယခုအခါတွင် လူစီးမော်တော်ယာဉ်များ ကနဦး မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်ပ တင်သွင်းယာဉ် မှတ်ပုံတင်ခ ကျသင့်သည့်ငွေ၏ တစ်ဝက်ကို လျှော့ချပေးလျက်ရှိကြောင်း သိရသည်။ ထို့အပြင် ကိုဗစ် ဒုတိယလှိုင်းတွင် ရုံးပိတ်ရက် ၇၈ ရက်ရှိရာ ယင်းရက်များ အတွက် ယာဉ်ထုတ်ရက်လွန်ဒဏ်ကြေးကို ကောက်ခံခြင်း မပြုဘဲ ကင်းလွတ်ခွင့်ပြုကြောင်း သိရသည်။ လက်ရှိတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရွှာသာကြီး(ကညန)ရုံး၊ ထောက်ကြန့်(ကညန)ရုံး၊ မန္တလေး(ကညန)ရုံးနှင့် နေပြည်တော်(ကညန) ရုံး လေးရုံးတွင် မော်တော်ယာဉ် သစ်များအား ကနဦးနံပါတ်ယူခြင်း၊ ယာဉ်စစ်ခြင်းစသော မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးကြောင်း သိရသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်ငယ်များအတွက် ကနဦး မှတ်ပုံတင်ခြင်းလုပ်ငန်းကို ထောက်ကြန့်(ကညန) ရုံးအနေဖြင့် ၂၀၁၄ ခုနှစ် ဩဂုတ်လမှ စတင်ဆောင်ရွက်ပေး ခဲ့ကြောင်း၊ ယာဉ်ကြီးများအတွက် ကနဦးမှတ်ပုံတင်ခြင်းကို ရွှာသာကြီး(ကညန)ရုံးတွင် ဆောင်ရွက်ပေးကြောင်း ကနဦး မှတ်ပုံတင်ခြင်းလုပ်ငန်း ထောက်ကြန့်(ကညန)ရုံးမှ သိရသည်။

**မြင့်မောင်ကျော်**

အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့
(၂၀၂၀ ပြည့်နှစ်)
INTERNATIONAL DAY OF PERSONS WITH DISABILITIES (2020)
"Building Back Better: toward a disability-inclusive, accessible and sustainable post COVID-19 World "
"ပိုမိုကောင်းမွန်သည့် COVID -19 အလွန်ကမ္ဘာတည်ဆောက်ဖို့ မသန်စွမ်းသူများ ထက်လှမ်းမီပါဝင်ပြီး ရေရှည်တည်တံ့စေရန် ကြိုးစားကြို့"
နေပြည်တော် ၃.၁၂.၂၀၂၀

---

❋ စာမျက်နှာ ၁၉ မှ

နောက်ပြီး ရောဂါလက္ခဏာရှိသူတွေကို ကျွန်မတို့ရဲ့ ပြည်သူ့ဆေးရုံကြီးတွေက ကူညီပေးဖို့ အဆင်သင့်ရှိပါတယ်။ စောစောသိရင် စောစောလာပြီးစစ်ပါ။ စောစောကုပါလို့ ပြောကြားချင်ပါတယ်။ နောက်ပြီး ပြည်သူလူထုတွေလည်း ကိုဗစ်ရောဂါကနေ ကင်းဝေးပါစေ၊ အားလုံး ကျန်းမာပါစေ၊ စိတ်ချမ်းသာပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ ဒီအစီအစဉ် ဖြစ်မြောက်အောင် ဆောင်ရွက်ပေးတဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအပါအဝင် တာဝန်ရှိသူတွေအားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒေါက်တာသန်းနိုင်စိုး။** ။ဆက်လက်ပြီး ဒေါက်တာမိုးခိုင်ကလည်း ပြောကြားပေးပါဦး။

**ဒေါက်တာမိုးခိုင်။** ။ ဆရာဦးသန်းနိုင်စိုးကလည်း ကိုဗစ်-၁၉ ကာကွယ်ရေးနဲ့ ပတ်သက်ပြီး လက်ရှိဝန်ကြီးဌာနအနေနဲ့ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေတဲ့ Mask Campaign အကြောင်းလည်း အကျယ်တဝင့် ရှင်းလင်းသွားသလို ကျွန်တော်တို့ ကုသရေးအပိုင်း အနေနဲ့လည်း ပြည်သူ့ဆေးရုံတွေရဲ့ နိစ္စဓူဝ ကိုဗစ် - ၁၉ ရောဂါလူနာတွေကို လက်ခံကုသပေးနေတဲ့ အခြေအနေကို တာဝန်ယူဆောင်ရွက်နေရတဲ့ ဝန်ထမ်းတစ်ဦးအနေနဲ့ ရောဂါဖြစ်ပွားမှုအခြေအနေကိုလည်း နေ့စဉ်သိရှိနေရပါတယ်။

အဲဒီလို ဘယ်လောက်ရောဂါ ဖြစ်ပွားနေတယ်၊ သေဆုံးမှု ဘယ်လောက်ရှိတယ်၊ ICU Care အနေနဲ့ ဘယ်လောက်လုပ်နေရတယ်။ Oxygen Therapy ဘယ်လောက်ပေးနေရတယ်ဆိုတာတွေကို သိရှိနေတဲ့ အတွက်ကြောင့်လည်း ကုသရေးဌာနတွေ ဖွင့်လှစ်ထားတယ်ဆိုပေမယ့် အရင်းအနှီးကတော့များပါတယ်။

အခြေခံအဆောက်အအုံ ဖြည့်ဆည်းရတာတွေ၊ လူအင်အားတွေ၊ လူအင်အားဆိုရင်လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတင်မက ပုဂ္ဂလိကကဏ္ဍ၊ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ ဒါတွေအကုန်လုံးကို ဝိုင်းပြီးကူညီနေရတယ်။ ဒီကြားထဲကမှ ကုသရေးလုပ်ငန်းမှာ လူနာတွေအနေနဲ့လည်း ရောဂါအခြေအနေပြင်းထန်ပြီး အသက်ဆုံးပါးသွားရတာတွေရှိတယ်။ ကာကွယ်ရေးအပိုင်းမှာလည်း ကြိုတင်ကာကွယ်ခြင်းက ကုသခြင်းထက် ပိုကောင်းမွန်တယ်ဆိုတဲ့အတိုင်း ကိုဗစ် - ၁၉ ကို မိဘပြည်သူတွေအနေနဲ့ မဖြစ်မနေကြိုတင်ကာကွယ်ဖို့၊ ရိုးရှင်းတဲ့နည်းလမ်းတွေ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ ထုတ်ပြန်ထားတဲ့ ညွှန်ကြားချက်တွေကို လိုက်နာပေးကြပါ။ မဖြစ်အောင် ကာကွယ်ခြင်းကသာ ကျွန်တော်တို့အတွက် အရေးအကြီးဆုံးဖြစ်ပါတယ်။ ဖြစ်လာခဲ့ပြီဆိုရင်လည်း ဆေးရုံ၊ ဆေးခန်းတွေကို စောစောစီးစီးပြပေးပါ။ ရောဂါရှာဖွေမှုတွေကို မြန်မြန်ဆောင်ရွက်နိုင်ပြီး လိုအပ်တဲ့ ကုသမှုတွေကို စောစောစီးစီးခံယူနိုင်ခြင်းအားဖြင့် ကောင်းမွန်တဲ့ ကုသမှုရလဒ်ကို ရရှိနိုင်မယ်လို့ မျှော်လင့်ပါတယ်။ ဒါကြောင့် ကာကွယ်ပေးဖို့၊ စောစီးစွာ ကုသမှုခံယူနိုင်ဖို့ အတွက်ကိုလည်း ထပ်လောင်းအနေနဲ့ ဆွေးနွေးမှာကြားလိုပါတယ်။

**ဒေါက်တာသန်းနိုင်စိုး။** ။အခုကတော့အားလုံးကြားသိရတဲ့ အတိုင်း ရောဂါကို ပြင်းပြင်းထန်ထန်ခံစားရတယ်၊ အသက်မရှူနိုင်အောင် ခံစားရတယ် အင်မတန်စာနာမိပါတယ်။ တစ်ဖက်ကလည်း ကုသရေး အပိုင်းအနေနဲ့လည်း အရင်းအနှီးတွေ မြောက်မြားစွာ အကုန်အကျခံ၊ ဆေးရုံပစ္စည်းတွေ၊ လူ့စွမ်းအားအရင်းအမြစ်တွေ၊ ဝန်ထမ်းတစ်ဦးချင်း တစ်ဦးချင်းရဲ့ ပူးပေါင်းပါဝင်မှု၊ စေတနာ မေတ္တာတွေ အများကြီးထားပြီး ကုသပေးနေတယ်။

အဓိကက ဒီလိုမျိုးဖြစ်နေရတဲ့ ဖြစ်စဉ်တွေက ကျွန်တော်တို့ပြောနေတဲ့ အချက် သုံးချက်ပါပဲ။ အပြင်ထွက်ရင် Mask တပ်ပါ။ လက်ကို စက္ကန့် ၂၀ ကြာအောင် မကြာခဏဆေးပါ၊ လက်သန့်ဆေးရည်အသုံးပြုပေးပါ။ အခြားသူတွေနဲ့ ခပ်ခွာခွာ ဖြစ်နိုင်ရင် ၆ ပေအကွာနေပေးပါ။ ဒါမျိုးတွေက အင်မတန်ရိုးရှင်းတဲ့ ကာကွယ်မှုနည်းလမ်းဖြစ်ပါတယ်။ တစ်ဦးတစ်ယောက်ချင်းစီကစပြီး ကျင့်သုံးမယ်ဆိုရင် ကိုယ့်ကိုယ်ကိုယ် အရင်ကာကွယ်နိုင်မယ်။

စားဝတ်နေရေးအရပဲဖြစ်စေ လူတိုင်း လူတိုင်းမှာ အပြင်ထွက်ရမယ့် ကိစ္စတစ်ခုခုဆိုတာ ရှိလာနိုင်တယ်။ ထွက်တဲ့အချိန်မှာ ကိုယ့်ကိုယ်ကိုယ်လည်း ကာကွယ်လာမယ်။ ကာကွယ်လာမယ်ဆိုရင် အိမ်မှာကျန်ခဲ့တဲ့ မိသားစုတွေအတွက်လည်း အကာအကွယ်ဖြစ်မယ်။ အဲဒီလို တစ်ဦးတစ်ယောက်စီက ကာကွယ်တာတွေက မိသားစုကို ကာကွယ်လာနိုင်မယ်။ မိသားစုတိုင်းက ကာကွယ်မယ်ဆိုရင် တစ်လမ်းလုံး၊ တစ်ရပ်ကွက်လုံးကို ကာကွယ်နိုင်မယ်၊ တစ်မြို့နယ်လုံးကို ကာကွယ်နိုင်မယ်။ တစ်တိုင်းတစ်ပြည်နယ်လုံးကို ကာကွယ်နိုင်မယ်။ အဲဒါတွေ အကုန်လုံးက တစ်ဦးတစ်ယောက်ချင်းစီရဲ့ ကျန်းမာရေးသတိရှိမှုဖြစ်ပါတယ်။

ဒီကနေစပြီး အင်မတန်ရိုးရှင်းတဲ့ ကာကွယ်ရေး နည်းလမ်းတွေကို လိုက်နာပေးကြရင် ဆေးရုံ၊ ဆေးခန်းတွေကိုလည်း ရောက်စရာမရှိဘူး။ တစ်ဖက်ကလည်း ကာကွယ်ရေးနဲ့ပတ်သက်တဲ့ သတင်းကောင်းတွေကိုလည်း ကြားလာရပြီ။ ဒါတွေရောက်လာတဲ့အချိန်အထိ အေးအေးဆေးဆေးနဲ့ တောင့်ခံကျော်ဖြတ်နိုင်မှာ ဖြစ်ပါတယ်။ အခု အဓိကတော့ အပြင်ထွက်ရင် ကိုယ်သွားရမယ့်နေရာက တကယ်လိုအပ်လို့ သွားရမှာလား၊ ကိုယ့်အတွက်ရော ရောဂါဘယ်လောက်ကူးနိုင်သလဲ ဒါတွေကို ထည့်စဉ်းစားစေချင်ပါတယ်။ နောက်ပြီး ကိုယ်သွားရမယ့်နေရာက လူစုစုဖြစ်မယ့်နေရာဆိုရင် ပိုပြီး ကိုယ့်ကို ရောဂါ ကူးစက်နိုင်ခြေအလွန်များတဲ့ နေရာဆိုတာကိုလည်း သိရပါမယ်။ ဒါကိုပဲ ကျွန်တော်တို့က ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိဆိုပြီး တင်ပြနေရခြင်းဖြစ်ပါတယ်။

အဲဒီတော့ အခုလည်း ရောဂါဝင်ပြီးမှဆိုရင် ကိုယ့်ကို အရင်ဝင်မယ်၊ ကိုယ်လည်း ကောင်းမလား၊ ဆိုးမလား၊ အင်မတန်ဆိုးရွားတဲ့ အခြေအနေကို ရောက်သွားမလား၊ အိမ်မှာရှိနေတဲ့သူတွေလည်း ဘယ်လောက်အထိ အသက်တွေပေးဆပ်ရမလဲ ဒါဘယ်သူမှ မသိနိုင်ဘူး။ အပြင်ထွက်မယ့်သူတွေသည် ဒီအခြေအနေကို ထည့်သွင်းစဉ်းစားစေလိုပါတယ်။ အဲဒီအခါကျတော့ အပြင်တစ်ခါထွက်မယ်ဆိုတိုင်း အနည်းဆုံး နှစ်ခါတော့ ထပ်ပြီးစဉ်းစားပေးကြပါလို့ ကျွန်တော့်အနေနဲ့ ဒီနေရာကနေ မေတ္တာရပ်ခံပန်ကြားလိုပါတယ်။ မိဘပြည်သူတွေ အားလုံးလည်း ကျန်းကျန်းမာမာ၊ ချမ်းချမ်းသာသာနဲ့ ကိုဗစ် - ၁၉ ကပ်ရောဂါဘေးအန္တရာယ်ကနေ ကင်းဝေးကြပါစေလို့ ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။

**အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျာ။**

# ၂၀၂၀ ပြည့်နှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ ဗဟိုအဆင့်အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁**

၂၀၂၀ ပြည့်နှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ (World AIDS Day) ဗဟိုအဆင့် အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင်ကျင်းပရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အနေဖြင့် COVID-19 ကပ်ရောဂါ ကူးစက်ဖြစ်ပွားမှုကွင်းဆက်ကို ဖြတ်တောက်ရန် လုပ်ငန်းများ၊ ဓာတ်ခွဲစစ်ဆေးခြင်းနှင့် COVID-19 လူနာများအား ကုသမှုပေးခြင်းလုပ်ငန်းများကို အဓိကထားလုပ်ဆောင်နေသကဲ့သို့ အခြားသော ကူးစက်ရောဂါနှင့် မကူးစက်တတ်သောရောဂါများ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့် ဝန်ကြီးဌာန၏ ကျန်းမာရေးစီမံချက် (၄၀) ကျော်တို့အား ရပ်တန့်ထား၍ မရပါကြောင်း၊ အခြားကျန်းမာရေးစီမံချက်လုပ်ငန်းများ၌ လစ်ဟာမှုရှိပါက ရောဂါမျိုးစုံဖြစ်ပွားမှုနှင့် သေဆုံးမှုများ မြင့်တက်လာမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ (AIDS) ဖြစ်ပွားပါက တစ်သက်တာဆေးဝါးသောက်သုံးရမည်ဖြစ်ပြီး စနစ်တကျ ဆေးဝါးသောက်သုံးမှုမရှိပါက ခုခံအားကျဆင်းမှုကြောင့် အခွင့်အရေးယူရောဂါများ (opportunistic infections) ဖြစ်ပွားကာ အသက်သေဆုံးနိုင်ပါကြောင်း။

### ၃၆ ရာခိုင်နှုန်းအထိ ကျဆင်းလာ

ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ကို ပြည်သူများအား အသိပေး၊ သတိပေးရန်နှင့် ပြည်သူများကိုယ်တိုင် ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်စေရန်တို့အတွက် ကျင်းပရခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၁၉ ခုနှစ်၌ HIV ရောဂါပိုးအသစ်ကူးစက်ခံရမှု ၉၉၀၀ ကျော်ရှိခဲ့ပြီး အဆိုပါ ကူးစက်မှုများသည် ၂၀၁၀ ပြည့်နှစ်နှင့် နှိုင်းယှဉ်ပါက ၃၆ ရာခိုင်နှုန်းအထိ ကျဆင်းလာခြင်းဖြစ်ပါကြောင်း၊ ၂၀၁၉ ခုနှစ်တွင် မြန်မာနိုင်ငံအတွင်း HIV ပိုး ကူးစက်ခံနေရသူ ဦးရေ ၂၄၀၀၀၀ ခန့်ရှိပြီး ရောဂါဖြစ်ပွားမှုနှုန်း HIV prevalence မှာ သုည ဒသမ ၅၈ ရာခိုင်နှုန်းရှိကြောင်း (AIDS Epidemic Model) ဖြင့် ခန့်မှန်း တွက်ချက်သိရှိရပါကြောင်း၊ ခန့်မှန်းတွက်ချက်မှုများအရ မူးယစ်ဆေးထိုးသူများ၊ အမျိုးသမီးလိင်လုပ်သားများ၊ အမျိုးသားချင်း လိင်တူဆက်ဆံသူများ၊ အကျဉ်းကျနေသူများနှင့် ရွှေ့ပြောင်းလုပ်သားများ စသည့် HIV ရောဂါပိုးကူးစက်ရန် အန္တရာယ်များသော ဦးစားပေးအုပ်စုများတွင် အဖြစ်များနေပြီး ဝန်ကြီးဌာန၏ အမျိုးသားခုခံကျကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်အနေဖြင့် အဆိုပါဦးတည်အုပ်စုများကို အထူးဂရုပြုပြီး ရောဂါကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် HIV/ AIDS ဖြစ်ပွားရခြင်းအကြောင်းရင်းများအနက် လူမှုဘဝစီးပွားရေး အဆင့်နိမ့်ကျခြင်း၏ နောက်ဆက်တွဲများနှင့် HIV နှင့် ပတ်သက်သည့် ကျန်းမာရေးအသိပညာဗဟုသုတ နည်းပါးခြင်းတို့သည် အဓိကအကြောင်းများဖြစ်ပါကြောင်း၊ HIV/ AIDS ရောဂါ၊ COVID-19 ရောဂါတို့ကဲ့သို့ ကူးစက်ရောဂါများဖြစ်စေ၊ မကူးစက်တတ်သောရောဂါများဖြစ်စေ မည်သည့်ရောဂါတွင်မဆို အောင်မြင်စွာထိန်းချုပ်နိုင်ရန် အရေးကြီးသည့် အချက်ငါးချက်မှာ ပြည်သူလူထု၏ စိတ်ဝင်စားမှု၊ ပြည်သူလူထု၏ ပါဝင်ပူးပေါင်းဆောင်ရွက်မှု၊ ပြည်သူလူထု၏ ကျန်းမာရေးအသိပညာဗဟုသုတရှိမှု၊ ပြည်သူလူထုက မိမိ၏ အရေးကိစ္စဟူ၍ သဘောထားကာ အလေးထားဆောင်ရွက်မှုနှင့် ရောဂါဖြစ်ပွားသူအချင်းချင်း စစ်မှန်သော ဗဟုသုတဖလှယ်မှုတို့ဖြစ်သည်ကို အထူးအလေးထားပြောကြားလိုပါကြောင်း၊ ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများတွင် ပြည်သူများပါဝင်မှု မရှိပါက ဘဏ္ဍာငွေနှင့် အချိန်မည်မျှပင်သုံးစွဲစေကာမူ လိုအပ်သည့် အောင်မြင်မှုပန်းတိုင်ကိုရရှိရန် ခက်ခဲပါကြောင်း။



ဝန်ကြီးဌာနအနေဖြင့် ပြည်သူများ၏ ကျန်းမာရေးအသိပညာမြင့်မားတိုးတက်စေရေး လုပ်ငန်းများအားလွန်ခဲ့သည့် လေးနှစ်တာကာလကစတင်၍ အထူးဦးစားပေးအဖြစ် သတ်မှတ်ဆောင်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂ၏ HIV/ AIDS ပူးတွဲစီမံချက် (UNAIDS) နှင့် ကမ္ဘာ့နိုင်ငံပေါင်း ၂၆ နိုင်ငံ ပါဝင်ဆောင်ရွက်လျက်ရှိသော Global HIV Prevention Coalition Group တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ၂၀၁၈ ခုနှစ် မေလမှစတင်၍ ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အမျိုးသားအဆင့် HIV/ AIDS ရောဂါတိုက်ဖျက်ရေး မဟာဗျူဟာစီမံကိန်း (National Strategic Plan on HIV and AIDS (2016-2020)) ကို ရေးဆွဲဆောင်ရွက်လျက်ရှိပြီး လာမည့်ငါးနှစ် (၂၀၂၁-၂၀၂၅) အတွက် အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်းအသစ်ကိုလည်း မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းရေးဆွဲပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

HIV/ AIDS ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မြို့နယ် ၃၃၀ လုံးအတွက် အခြေခံမရှိမဖြစ်လိုအပ်သော HIV/ AIDS ကာကွယ်ရေးနှင့် ကုသရေးဝန်ဆောင်မှုလုပ်ငန်းများ (Essential packages for health services – HIV) ကို အမှန်တကယ် လိုအပ်နေသော နေရာဒေသ၊ အမှန်တကယ် လိုအပ်နေသူများအတွက် လက်လှမ်းမီရရှိနိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့၏ အထိမ်းအမှတ်ဆောင်ပုဒ်ဖြစ်သော "အားလုံးညီညွတ်ပေါင်းစည်းလို့ တာဝန်ကိုယ်စီမျှယူစို့ (Global solidarity, shared responsibility)" နှင့်အညီ HIV ပိုးကူးစက်မှု ကာကွယ်ရေးနှင့် တိုက်ဖျက်ရေးလုပ်ငန်းများတွင် လူငယ်များ၊ လူထုကျန်းမာရေးလုပ်သားများ၊ လူထုအခြေပြုအဖွဲ့အစည်းများ၊ HIV အရေးတက်ကြွလှုပ်ရှားသူများ အစရှိသည့် လူထုအားလုံးပါဝင်ပြီး ဆောင်ရွက်ကြပါရန် တိုက်တွန်းလိုပါကြောင်း။

ဝန်ကြီးဌာန၏ လုပ်ငန်းများအားလုံးကို အဆိုပါဆောင်ပုဒ်နှင့် အညီ အားလုံးညီညွတ်စွာဖြင့် တာဝန်ကိုယ်စီမျှဝေဆောင်ရွက်ပါက အောင်မြင်မှုများ ပိုမိုရရှိလာမည်ဖြစ်ပါကြောင်း၊ HIV/ AIDS တိုက်ဖျက်ရေးစီမံချက်လုပ်ငန်းများကို အဓိကအားဖြင့် Global Fund အဖွဲ့မှ ဘဏ္ဍာငွေအားဖြင့်လည်းကောင်း၊ UNAIDS နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့မှ ကျွမ်းကျင်မှုပိုင်းဆိုင်ရာနှင့် အခြားကိစ္စရပ်များဖြင့်လည်းကောင်း ပံ့ပိုးပေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှစတင်၍ နှစ်စဉ် အမေရိကန်ဒေါ်လာ ၁၄ သန်းကို ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများအတွက် ဆေး၊ ဆေးပစ္စည်းနှင့် စက်ကိရိယာများ ဝယ်ယူဖြည့်တင်းရန်အတွက်လည်းကောင်း၊ အမေရိကန်ဒေါ်လာ တစ်သန်းကို မက်သာဒုန်းဆေး ဝယ်ယူဖြည့်တင်းရန်အတွက်လည်းကောင်း ဘဏ္ဍာငွေများ ချထားပေးလျက်ရှိပါကြောင်း။

အကျိုးရလဒ်အနေဖြင့် HIV ပိုး ကူးစက်ခံရသူပေါင်း ၂၄၀၀၀၀ ကျော်အနက် ၂၀၁၆ ခုနှစ်အစတွင် လူနာ ၁၀၆၀၀၀ ကျော်ကိုသာ အေအာတီဆေး (lifelong ART) ဆေးပေးကုသမှုပေးနိုင်ခဲ့ရာမှ ယခုနှစ် စက်တင်ဘာလတွင် ခန့်မှန်း HIV ကူးစက်ခံရသူအားလုံး၏ ၈၂ ရာခိုင်နှုန်းကျော်အထိ တိုးမြှင့်ကုသမှုပေးနိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ အမျိုးသားခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေး စီမံချက်အနေဖြင့် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလအကုန်အထိ မြို့နယ် ၂၇၃ ခုတွင် အေအာတီ (ART) ဆေးကုသရေးဌာန ၃၆၂ ခုထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး အေအာတီ ဆေးကုသမှုလုပ်ငန်းများအား ပိုမိုလက်လှမ်းမီရရှိစေရန် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မိခင်မှ ကလေးသို့ HIV ကူးစက်မှုမှ ကာကွယ်ခြင်းလုပ်ငန်း (PMCT) ကို ယခုနှစ်တွင် ၃၂၆ မြို့နယ်အထိ တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပြီး ၉၉ ရာခိုင်နှုန်းအထိ လွှမ်းခြုံမှုရရှိနေပြီဖြစ်ပါကြောင်း။

### တဖြည်းဖြည်းကျဆင်းလာ

၂၀၁၆ ခုနှစ်အစတွင် ကိုယ်ဝန်ဆောင် ၇၉၀၀၀၀ ကျော်ကို သွေးစစ်ဆေးပေးနိုင်ခဲ့ရာမှ ၂၀၁၉ ခုနှစ်တွင် ကိုယ်ဝန်ဆောင် ၁၀ သိန်းကျော်ကို သွေးစစ်ဆေးပေးနိုင်ခဲ့ပါကြောင်း၊ ကိုယ်ဝန်ဆောင်မိခင်များတွင် HIV ဖြစ်ပွားမှုနှုန်းသည်လည်း ၂၀၁၁ ခုနှစ်တွင် သုည ဒသမ ၈၄ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်တွင် သုည ဒသမ ၅၀ ရာခိုင်နှုန်းအထိ တဖြည်းဖြည်းကျဆင်းလာသည်ကို တွေ့ရှိရပါကြောင်း၊ စာရင်းဇယားများအရ မူးယစ်ဆေးထိုးသွင်းသူ ၂၄၀၀၀ ကျော်အား မက်သာဒုန်းတိုက်ကျွေးမှုဌာန (Methadone Maintenance Therapy (MMT) Center) ၈၀ ကျော်တွင် မက်သာဒုန်းဆေးတိုက်ကျွေးလျက်ရှိပါကြောင်း၊ ၂၀၁၆ ခုနှစ်တွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ကျင်းပခဲ့သော United Nations High-level Meeting on HIV and AIDS တွင် မြန်မာနိုင်ငံအနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် HIV ပိုးကူးစက်မှုကင်းဝေးသည့် လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ထွက်လာနိုင်ရေး ထောက်ခံဆွေးနွေးခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံ၏ ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေး လုပ်ငန်းများသည် အောင်မြင်မှုများရရှိနေသော်လည်း ဝေးလံခက်ခဲသောနေရာဒေသများနှင့် ပဋိပက္ခဖြစ်ပွားရာ နေရာဒေသများတွင် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက် ရေးလုပ်ငန်းများဆောင်ရွက်ရန် အခက်အခဲများရှိနေပါကြောင်း။

HIV ပိုးကူးစက်ခံရသူအားလုံး အေအာတီဆေးဝါးရရှိရေးဆောင်ရွက်ရန်၊ HIV လူနာများအား စဉ်ဆက်မပြတ်ပြုစုကုသစောင့်ရှောက်မှုပေးရန်နှင့် HIV ပိုးရှိသူများအား ခွဲခြားနှိမ့်ချဆက်ဆံခြင်းများ လုံးဝပပျောက်ရေးဆောင်ရွက်ရန် စသည့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် စိန်ခေါ်မှုများစွာရှိနေသေးပါကြောင်း၊ အဆိုပါ စိန်ခေါ်မှု အခက်အခဲများကို အောင်မြင်စွာ ကျော်လွှားနိုင်ရန်အတွက် ပြည်သူလူထု၊ မိတ်ဖက်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံးလက်တွဲပူးပေါင်းဆောင်ရွက်သွားခြင်းဖြင့် ၂၀၃၀ ပြည့်နှစ်တွင် HIV ရောဂါသည် ပြည်သူ့ကျန်းမာရေးပြဿနာတစ်ရပ်အဖြစ်မှ ကင်းဝေးကာ HIV ပိုးကူးစက်မှု ကင်းစင်သောလူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ထွက်လာမည်ဟု ယုံကြည်ပါကြောင်းပြောကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာအား UNAIDS ၏ Country Director ဖြစ်သူ Mr. Oussama Tawil ကဖတ်ကြားခဲ့ရာ တစ်ကမ္ဘာလုံး၏ အာရုံစူးစိုက်မှုများသည် ကိုဗစ်-၁၉ ကပ်ရောဂါအကျပ်အတည်းအပေါ် ရောက်ရှိနေစဉ် နှစ်ပေါင်း ၄၀ နီးပါး ကျွန်ုပ်တို့နှင့်အတူ ရှိနေဆဲဖြစ်သော HIV ပိုးကြောင့် ဖြစ်ပေါ်လာသော ခုခံအားကျဆင်းမှု ကူးစက်ရောဂါကိုလည်း မေ့လျော့မသွားရန် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ (World AIDS Day) က သတိပေးနေပါကြောင်း၊ HIV ပိုးကူးစက်ခံရခြင်းမှတစ်ဆင့် ဖြစ်ပေါ်လာသော ခုခံအားကျဆင်းသည့် ရောဂါလက္ခဏာစုကို ကိုင်တွယ်ထိန်းချုပ်ရာတွင် သိသာထင်ရှားသည့် အောင်မြင်မှုများရှိနေသော်လည်း ကမ္ဘာပေါ်တွင် နှစ်စဉ် လူ ၁ ဒသမ ၇ သန်းခန့်သည် HIV ပိုး ဆက်လက်ကူးစက်ခံနေရပြီး ထိုရောဂါပိုးကြောင့် သေဆုံးသူဦးရေမှာ ၆၉၀၀၀၀ ခန့်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါသည် ကမ္ဘာပေါ်၌ ကျန်းမာရေးစောင့်ရှောက်မှုကို လက်လှမ်းမီရာတွင် မညီမျှခြင်းများ တည်ရှိနေသည်ကို ပိုမိုသတိထားလာမိစေပြီး လူသားအားလုံး၏ လုံခြုံမှုသည် လူသားတစ်ဦးတစ်ယောက်ချင်းစီ၏ လုံခြုံမှုပေါ် မူတည်နေပါကြောင်း။

### တာဝန်ဝတ္တရားများ ကိုယ်စီမျှယူ

အိပ်ချ်အိုင်ဗွီပိုးကြောင့်ဖြစ်ပေါ်လာသော ခုခံအားကျဆင်းမှုကပ်ရောဂါကို တုံ့ပြန်သည့် နည်းဗျူဟာများကို ကိုဗစ်-၁၉ ကပ်ရောဂါတိုက်ဖျက်ရေးတွင်လည်း ပြန်လည်အသုံးချရန် လိုအပ်ပါကြောင်း၊ အဘယ့်ကြောင့်ဆိုသော် ၎င်းခုခံအားကျဆင်းမှုကပ်ရောဂါကို အဆုံးသတ်ရန်နှင့် ကိုဗစ်-၁၉ ကပ်ရောဂါကို အနိုင်ယူရန်အတွက် ရောဂါပိုးကူးစက်ခံရသူများအား ခွဲခြားနှိမ့်ချဆက်ဆံခြင်းကို ဖယ်ရှားရန်နှင့် ပြည်သူလူထု၊ လူ့အခွင့်အရေးနှင့် ကျား/မရေးရာ တန်းတူညီမျှရေးတို့ကို အခြေပြုသည့် ချဉ်းကပ်မှုများကို လိုက်နာကျင့်သုံးဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ကုန်ကျစရိတ်သက်သာသော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် အိပ်ချ်အိုင်ဗွီပိုးကို ဟန့်တားစေနိုင်သော ကုထုံးဖြစ်သည့် ပိုးထိန်းဆေးများအား ကမ္ဘာပေါ်ရှိလူသားအားလုံး လက်လှမ်းမီရရှိရေးမှာ အဓိကဖြစ်ပါကြောင်း၊ ကပ်ရောဂါကို အဆုံးသတ်ရန်နှင့် ကိုဗစ်-၁၉ ကပ်ရောဂါကို အနိုင်ယူရန်အတွက် ကျွန်ုပ်တို့အားလုံး အတူတကွ ညီညွတ်ပေါင်းစည်းကာ တာဝန်ဝတ္တရားများ ကိုယ်စီမျှယူကြရန် တိုက်တွန်းလိုက်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဌာနေကိုယ်စားလှယ် Dr. Stephan Paul Jost နှင့် အမေရိကန်သံရုံးယာယီတာဝန်ခံ Ms. Gwendolyn Cardno တို့က အထိမ်းအမှတ် အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်သူလူထု အခြေပြုအဖွဲ့အစည်းများ၏ကိုယ်စား ဦးစိုင်းအောင်ခမ်းက ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့၏ အရေးကြီးမှုနှင့် ပြည်သူလူထု အခြေပြုအဖွဲ့အစည်းများ၏ လိုလားမျှော်မှန်းချက်များအား ပြောကြားသည်။

ထို့နောက် ခုခံကျ/ ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်၏ လုပ်ငန်းဆောင်ရွက်မှုနှင့် အောင်မြင်မှုများအားညွှန်ကြားရေးမှူး ဒေါက်တာထွန်းညွှန့်ဦးက ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် အခမ်းအနားအထိမ်းအမှတ် ပြခန်းငယ်များအား လှည့်လည်ကြည့်ရှုသည်။

**သတင်းစဉ်**

---


**○ ကျုံပျော်မြို့နယ်မှ**

လက်ရှိ ကျုံပျော်မြို့နယ်၌ နိုဝင်ဘာ ၃၀ ရက်အထိ ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာ မြို့နယ်တွင်း ၁၅၁ ဦး၊ မြို့နယ်ပြင်ပ ၁၇ ဦး စုစုပေါင်း ၁၆၈ ဦးရှိကာ ဆေးရုံဆင်းခွင့်ရသူ ၁၂၅ ဦးရှိပြီး သေဆုံးသူ တစ်ဦးရှိကြောင်း သိရသည်။

ကျုံပျော်မြို့နယ်သည် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကိုဗစ်-၁၉ ရောဂါပိုးအများဆုံးတွေ့ရှိသည့် ငါးမြို့နယ်တွင် ပါဝင်လျက်ရှိသောကြောင့် တတ်နိုင်သမျှနေအိမ်ပြင်ပသို့သွားလာခြင်းမပြုရန်၊ မဖြစ်မနေသွားလာရန်ရှိပါက တစ်အိမ်လျှင်တစ်ဦးသာ အလှည့်ကျသွားလာရန်၊ သွားလာသည့်အခါတိုင်း ပါးစပ်နှင့် နှာခေါင်းစည်း တပ်ဆင်ရန်၊ မိမိဝန်းကျင်တွင် ကိုဗစ်-၁၉ ရောဂါ လက္ခဏာရှိသူများတွေ့ရှိပါက သက်ဆိုင်ရာကျန်းမာရေးဌာနနှင့် ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများသို့ ချက်ချင်းသတင်းပို့ရန်နှင့် မသင်္ကာဖွယ်ရာ ရောဂါလက္ခဏာနှင့် ဖျားနာသူများသည် အထက(၁)နှင့် သက်ဆိုင်ရာ တိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာနများတွင် ဖွင့်လှစ်ထားသည့် Fever Clinic များသို့ လာရောက်ပြသပြီး ဆေးကုသမှုခံယူရန် အသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နေဝင်းမြင့်(ပြန်/ဆက်)**

■


Glucerna® နှင့်အတူ ထိန်းညှိ လိုက်ပါ။
Glucerna
အချိုဓာတ် အညွှန်းကိန်း ပါဝင်မှုနည်းခြင်း
ဗီတာမင်နှင့် သတ္တုဓာတ် (၂၈) မျိုး
နှလုံးကျန်းမာရေးအတွက်ကောင်းမွန်သော အဆီများ ရောနှောပေါင်းစပ်ထားမှု#
#1 ဆရာဝန်ညွှန်ကြားသော ဆီးချိုသွေးချိုဆိုင်ရာ အာဟာရဖော်မြူလာ^
Abbott Nutrition Careline
09 260 35 62 62
abbottnutrition@pahtama.com
^Market research by Rothstein-Tauber, Inc. 2015
# Kris-Etherton PM, Harris WS, Appel LF. Circ 2002;106(21):2747-2757.
GLU 710720M




၁၉၃၃ခုနှစ် – သမားတော်ကြီး ဦးဘရှိန်စတင်တည်ထောင်သည်
TMR 002348(1016)
နေမကောင်းလျှင်
ရွှေမန်းတောင်
အမှတ်တံဆိပ်
ချွေးထုတ်ငန်းဆေးကိုသုံးဆောင်ပါ
အအေးမိ၊ ကိုယ်လက်ကိုက်ခဲခြင်း၊ တုပ်ကွေးဖျား၊ အဖျားရောဂါ၊
အနာဝင်ခြင်း နှင့်ချွေးငုတ်ခြင်းများအတွက် မြန်မာ့ဆေးစွမ်းကောင်း
ရွှေမန်းတောင်တိုင်းရင်းဆေးဝါးဖြန့်ချိရေး – အမှတ်(၁၀၂)၊၃၈လမ်း၊ရန်ကုန်မြို့၊ ဖုန်း – (၀၁)၃၇၆၈၀၈၊ ၅၄၉၀၄၂(Res:)၊၀၉ – ၈၅၉၈၄၅၃

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/၂)၊ မြေကွက်အမှတ် (၃၅၃)၊ တပင်ရွှေထီးလမ်း၊ (၁)ရပ်ကွက်၊ အကျယ်အဝန်းပေ (၂၅ × ၅၀)၊ နှစ်(၆၀) မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ် အားလုံးတို့ကို တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူ ဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးလှရွှေ (၁၄/ဟသတ(နိုင်) ၀၄၃၇၀၇) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီး အပိုင် လွှဲပြောင်းဝယ်ယူရန် စရံငွေကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| ဦးချမ်းမြေ့လင်း LL.B (Advocate) | ဒေါ်ချိုဇင်ထက် LL.B (Advocate) |
| တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၃၇၉) (၂၁.၁၁.၂၀၁၃) | တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၃၇၈) (၂၁.၁၁.၂၀၁၃) |

အမှတ် - ၃၄၉၊ ကပင်ရွှေထီးလမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း၊ ၀၉ - ၅၄၀၈၂၈၅၊ ၀၉ - ၇၈၅၄၀၈၂၈၅၊ ၀၉ - ၄၂၁၁၆၂၆၂၅

## အစုရှယ်ယာနှင့် မတည်ရင်းနှီးငွေ လျှော့ချမည်ဖြစ်ကြောင်း ကြေညာခြင်း

ကျွန်တော်များ Min Thet Zin & Associates Co.,Ltd ဒါရိုက်တာအဖွဲ့၏ (၁-၁၂-၂၀၂၀)ရက်ကျင်းပပြုလုပ်သော ဒါရိုက်တာအဖွဲ့အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ လက်ရှိအစုရှယ်ယာအရေအတွက်(၃၀၀)စု၊ တန်ဖိုးကျပ်သိန်း(၃၀၀)မှ အစုရှယ်ယာအရေအတွက်(၅၀)စု၊ တန်ဖိုးကျပ်သိန်း(၅၀)သို့ ပြောင်းလဲလျှော့ချသွားရန် အတည်ပြုဆုံးဖြတ်လိုက်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**Min Thet Zin & Associates Co.,Ltd**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၆(ကံဘဲ့)၊ မြေကွက်အမှတ်-၃အေ/၁+၃အေ/၂၊ ဧရိယာဧက(၀.၁၂၉+၀.၁၂၉)ဧကရှိ မြေပိုင်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အမှတ်(၇)၊ ဂန္ဓမာလမ်း၊ ၆-ရပ်ကွက်၊ ရန်ကင်းမြို့နယ်ဟု ခေါ်တွင်သော နေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေယာဌာန၌ အမည်ပေါက်ရှိ လက်ဝယ်ထားပိုင်ဆိုင်သော ဦးတင်ဦး[၁၂/တမန(နိုင်)၀၇၃၄၅၂]နှင့် ဦးတင်လှ[၁၂/တမန(နိုင်)၀၆၅၇၂၆]ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်၍ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်သည့် ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား(မူရင်းများ)ဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေးအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၃၂၂)**
**အမှတ်-၁၂၁၊ ဒု-ထပ်၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၆၉၁၅၉၊ ၀၉-၉၇၅၁၆၉၁၅၉**




## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ၈ ခန်းတွဲ ၅ ထပ် ဝန်ထမ်းအိမ်ရာအဆောက်အဦများကို မကွေး၊ မင်းဘူး၊ သရက်၊ ပခုက္ကူ၊ ဂန့်ဂေါ၊ ပွင့်ဖြူ၊ စလင်းနှင့်အောင်လံမြို့များတွင် (၁)လုံးစီ တည်ဆောက်မည်ဖြစ်ပါ၍ အဆိုပါအဆောက်အဦများအား အရည်အသွေးစစ်ဆေးရန်အတွက် (Third Party)ငှားရမ်းရေး အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန် ဖြစ်ပါသည်-

(က) တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - (၂-၁၂-၂၀၂၀)ရက်၊ရုံးချိန်အတွင်း
(ခ) တင်ဒါပိတ်မည့်ရက်နှင့်အချိန် - (၁၁-၁၂-၂၀၂၀)ရက်၊ (၁၆:၀၀)နာရီ
(ဂ) တင်ဒါဖွင့်လှစ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ အသေးစိတ်သိရှိလိုပါက မကွေးတိုင်းဒေသကြီး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ ပြည်တော်သာလမ်းနှင့် (၁၉)လမ်းထောင့်၊ ဖုန်း(၀၆၃-၂၀၂၈၆၅၂)သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနလက်အောက်ရှိ တံတားတည်ဆောက်ရေးစီမံကိန်းများ၊ တံတားအထူးအဖွဲ့များမှ တာဝန်ယူတည်ဆောက်သောတံတားများတွင် အောက်ခြေအုတ်မြစ်လုပ်ငန်းများ၏ Design Length ရ/မရ၊ ကွန်ကရစ်အရည်အသွေး ကောင်း/မကောင်းနှင့် ခံနိုင်ရည်များအား စမ်းသပ်စစ်ဆေးရန်အတွက် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုဌာနခွဲမှ တာဝန်ယူ၍ Sonic Integrity Test (SIT) စစ်ဆေးခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ Sonic Integrity Test (SIT) စစ်ဆေးခြင်းလုပ်ငန်းများအတွက် ထပ်မံလိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများကို တင်သွင်းရန် မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်ကုမ္ပဏီများအား ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|---|
| ၁။ | SIT/DOB-MOC/ PET | PET (Pile Echo Tester) Update License Version 3.3.15 နှင့်အထက် -Pile Length 2.0 m မှ 100 m အထိ စမ်းသပ်နိုင်ရမည်။ -Laptop(Dell-i7/,15" UHD, 10th Generation) | (၂)စုံ |
| ၂။ | SIT/DOB-MOC/ CSL | Cross-Hole Analyzer Machine for Deep Foundation (CHAMP-Q) -Cable Length: 100m (heavy duty polyurethane outer jacket) | (၁)စုံ |
| ၃။ | SIT/DOB-MOC/ KODEN | Ultrasonic Echo Sounding Machine for Deep Foundation (Koden Test)(DM-604 RR),Ultrasonic Echo Sensing Sytem) | (၁)စုံ |

၂။ အိတ်ဖွင့်တင်ဒါကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်-

(က) တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် - ၄-၁၂-၂၀၂၀ ရက်
(ခ) တင်ဒါအရောင်းပိတ်မည့်ရက်/ အချိန် - ၁၁-၁၂-၂၀၂၀ ရက်၊(၁၄:၀၀) နာရီ
(ဂ) တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက် - ၂၂-၁၂-၂၀၂၀ ရက်၊ (၁၆:၃၀) နာရီ
(ဃ) တင်ဒါဖွင့်မည့်ရက်/အချိန် - ထပ်မံဆက်သွယ်အကြောင်းကြားပါမည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တံတားဦးစီးဌာန၊ သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်မှုဌာနခွဲ၊ နေပြည်တော်၊ ဖုန်းနံပါတ်-၀၉-၇၉၇၁၉၀၃၁၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**မှတ်ချက်**။ တင်ဒါပုံစံဝယ်ယူခြင်းကို COVID-19 ကာလအတွင်းဖြစ်ပါ၍ Online စနစ်ဖြင့် (Gmail Address: bridgesit.moc@gmail.com) သို့ ဝယ်ယူနိုင်ပြီး တင်ဒါလျှောက်လွှာပုံစံကြေးအား မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်)၊ နေပြည်တော်ရှိ တံတားဦးစီးဌာန၏ MD-012939 သို့ ပေးသွင်းရမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**တံတားဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်(၆၄)ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ တိုက်(၁)၊ အခန်း(၀၀၂)ဟုခေါ်တွင်သည့် (၃)ခန်းတွဲ(၆) ထပ်တိုက်၏ မြေညီထပ်(လက်ယာဘက်)တိုက်ခန်း(၁)ခန်းနှင့်တကွ အကျိုးခံစားခွင့်အားလုံးတို့အား တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချခွင့်ရရှိထားသူ ဦးလှနိုင် [၁၄/လပတ(နိုင်)၀၀၀၂၃၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုးငွေ၏စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြလှဲ့ဝင်း(LL.B)အထက်တန်းရှေ့နေ(စဉ်-၂၀၉၅၁)**
**အမှတ်-၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၉၆၆၉၀၀၄၊ ၀၉-၅၁၅၁၈၃၃၊ ၀၉-၅၀၉၀၅၅၃။**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ အောင်မေတ္တာ(၄)လမ်း၊ အမှတ်(၈၇)ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ကန်ထရိုက်တိုက် အဆောက်အဦ၏ပထမထပ်(မှန်ခန်း)(ခြေရင်း)တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ဆိုင်လက်ဝယ်ထားရှိ အကျိုးခံစားလျက်ရှိသူ ဒေါ်ခင်ဝင်းမြင့်[၇/သဝတ(ပြု)၀၀၀၇၂၆]ထံမှ ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေက စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်ပြီး အကျိုးသက်ဆိုင်၍ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်းအပြည့်အစုံဖြင့် ဤကြေညာထည့်သွင်းပါရှိသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြီးပြတ်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြင့်မြင့်ဝေ ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝဏ္ဏစည်သူမိုး (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၇၁၃၂)**
**အမှတ်(၁၈၉)၊ မင်းရဲကျော်စွာလမ်း၊ ၂-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၄၄၂၀၁၇၄**

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

(၂၂) ကြိမ်မြောက် ကျပ်၁၀၀၀တန်ထီပေါက်စဉ် ၂၀၂၀ ပြည့်နှစ် ၊ ဒီဇင်ဘာ လ (၁) ရက်နေ့ *အခမဲ့ထုတ်ဝေသည်*

## အထူးဆုကြီး ကျပ်သိန်း (၁၅၀၀၀) ဆု

ဂ - ၄၇၇၄၀၆

## အထူးဆုကြီး ကျပ်သိန်း (၁၀၀၀၀) ဆု

ကဂ - ၁၉၉၃၆၂

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၅၀၀၀)ဆု

ကက - ၂၅၉၉၃၄ ဟ - ၆၇၂၈၃၅

### ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၂၀၀၀)ဆုများ

ထ - ၁၉၃၇၀၄
ကဃ - ၂၅၀၉၇၉
င - ၇၆၂၇၇၈
ဘ - ၉၁၁၈၀၂

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက် လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ် သိန်း(၂၀၀၀)ဆု ( ၁ ) ဆု

ဟ - ၄၉၀၄၈၃

### ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၁၀၀၀)ဆုများ

ဂ - ၁၀၂၃၃၂
သ - ၃၂၂၇၃၈
ဋ - ၆၆၇၆၅၇
ကဂ - ၈၇၄၀၂၁
ဏ - ၉၄၆၀၃၇

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက် လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ် သိန်း(၁၀၀၀)ဆု ( ၁ ) ဆု

ကခ - ၇၉၂၆၀၃

### ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၅၀၀)ဆုများ

| | | |
|---|---|---|
| ဂ - ၁၉၄၉၅၀ | ကစ - ၄၆၉၀၃၀ | ဋ - ၇၀၈၃၁၅ |
| ဃ - ၂၀၆၁၈၈ | တ - ၄၈၃၅၄၂ | ဏ - ၇၆၆၀၈၆ |
| ခ - ၂၄၂၇၉၇ | ဗ - ၅၄၅၂၁၇ | ဆ - ၇၈၂၃၆၁ |
| ဆ - ၃၃၉၄၆၀ | င - ၆၁၂၅၅၃ | န - ၈၁၂၈၅၉ |
| လ - ၃၅၅၇၉၅ | ထ - ၆၃၆၅၅၉ | ရှ - ၈၄၅၉၉၅ |
| ကဃ - ၃၉၂၉၉၄ | ဃ - ၆၄၇၁၃၂ | ဝ - ၈၇၈၀၁၁ |

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက် လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ် သိန်း(၅၀၀)ဆု ( ၁ ) ဆု

ကစ - ၂၁၇၀၉၉

### ဆုတစ်ဆုစျင်း ကျပ်သိန်း(၂၀၀)ဆုများ

| | | |
|---|---|---|
| ဂ - ၁၀၇၉၇၁ | ဝ - ၄၀၅၁၅၅ | စ - ၆၇၅၈၁၂ |
| သ - ၁၅၂၂၅၀ | ပ - ၄၉၅၆၈၉ | ဗ - ၇၇၆၁၂၆ |
| ကဆ - ၁၅၂၃၈၆ | မ - ၅၂၁၆၂၅ | ခ - ၇၉၀၆၈၅ |
| ပ - ၂၁၃၅၂၂ | ခ - ၅၂၂၀၁၂ | ဏ - ၉၀၄၈၉၆ |
| ဝ - ၂၁၄၄၇၄ | ကက - ၅၈၄၅၁၁ | ကဆ - ၉၅၀၉၉၂ |
| ထ - ၂၉၉၈၄၉ | ဇ - ၆၄၂၈၈၇ | န - ၉၆၇၁၂၀ |
| ကက - ၃၂၂၆၇၉ | | |
| မ - ၃၈၃၉၆၄ | | |

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက် လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ် သိန်း(၂၀၀)ဆု ( ၁ ) ဆု

ဃ - ၉၈၂၆၇၀

### ဆုတစ်ဆုစျင်း ကျပ်သိန်း(၁၀၀)ဆုများ

| | | |
|---|---|---|
| ည - ၂၂၇၃၅၃ | ဗ - ၅၁၁၆၃၄ | ကစ - ၇၅၃၇၁၂ |
| ဃ - ၂၃၅၃၆၉ | ဂ - ၅၃၇၂၆၄ | ဗ - ၈၀၅၄၇၈ |
| ဏ - ၂၆၃၉၄၆ | သ - ၅၃၇၆၃၃ | ကစ - ၈၀၇၄၅၆ |
| မ - ၃၃၆၅၃၀ | န - ၅၄၈၀၂၅ | ည - ၈၃၇၂၄၈ |
| ပ - ၃၃၇၀၁၃ | ဋ - ၆၁၆၅၆၀ | မ - ၈၉၂၄၂၄ |
| ခ - ၄၂၆၁၀၆ | ကက - ၆၈၃၈၀၃ | တ - ၈၉၆၉၂၅ |
